# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘ စသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူး နေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာ အမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကိုရှာဖွေကာ ကြိုးစားသင့်၏။

ဇရာဝဂ်(ဓမ္မပဒ-၁၄၆)


၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၀၆၆)


## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် ဒီဇင်ဘာ ၄**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ



UEHRD ကော်မတီ၏ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့က မောင်တောဒေသ ခုံတိုင်ကျေးရွာသစ် တည်ဆောက်နေမှုကို နိုဝင်ဘာ ၁၃ ရက်က တွေ့ရစဉ်။ သတင်းစဉ်

## မောင်တောဒေသ တရားဥပဒေစိုးမိုးမှု အပိုင်း ပြန်လည်ရရှိဖို့ ဆိုရင် အုပ်ချုပ်ရေး ယန္တရားကို ခိုင်မာအောင် လုပ်ရမယ်

စာ ၈

# ပြန်လည်လက်ခံရေးစခန်းအဖြစ် အသုံးပြုနိုင်ရန် အဆောက်အအုံများ ပြုပြင်ခြင်းနှင့် အသစ် ထပ်မံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

ဩဂုတ် ၂၅ ရက်တွင် ဖြစ်ပွားခဲ့သော မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်နောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာရောက်ရှိနေကြသော ဘင်္ဂါလီ၊ ဟိန္ဒူဘာသာဝင်များအား ပြန်လည်လက်ခံရာတွင် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းအဖြစ် အသုံးပြုနိုင်ရန် တောင်ပြိုနယ်မြေရဲစခန်းဝင်းအတွင်း အဆောက်အအုံများ ပြုပြင်ခြင်းနှင့် အသစ်ထပ်မံတည်ဆောက်ခြင်းလုပ်ငန်းများကို UEHRD ကော်မတီ၏ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိသော ခြောက်ခန်းတွဲ အဆောက်အအုံ သုံးလုံး၊ အလျား ပေ ၆၀၊ အနံ ၁၈ ပေရှိ သစ်သားဖြင့် ဆောက်လုပ်ထားသော ဝန်ထမ်းအိပ်ဆောင် တစ်လုံးနှင့် အလျား ပေ ၄၀၊ အနံ ပေ ၂၀ ရှိသော ဝန်ထမ်းအိပ်ဆောင် တစ်လုံး၊ အလျားပေ ၂၀၊ အနံ ပေ ၂၀ ရှိသော အုတ်တိုက် ဝန်ထမ်းအိပ်ဆောင် တစ်လုံးတို့ကို လတ်တလော ပြုပြင်ဆောင်ရွက်လျက်ရှိပြီး အလျားပေ ၄၀၊ အနံ ပေ ၃၀ နှင့် အမြင့် ၁၀ ပေရှိ သစ်သားရှင်းလင်းဆောင်တစ်လုံး၊ ရေချိုးခန်း လေးခန်းနှင့် အိမ်သာလေးခန်းပါ အလျား ၄၈ ပေ၊ အနံ ခြောက်ပေရှိသော ရှစ်ခန်းတွဲအဆောင် လေးလုံး၊ အလျား ၁၅ ပေ၊ အနံ ရှစ်ပေ၊

*စာမျက်နှာ ၉ ကော်လံ ၁ ❍*

## (၄)ကြိမ်မြောက် ကမ္ဘာ့အင်တာနက် ညီလာခံတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပါဝင်ဆွေးနွေး

စာ ၃




## အမေရိကန်နှင့် တောင်ကိုရီးယားတို့ ကိုရီးယားကျွန်းဆွယ်တွင် အကြီးဆုံး ပူးတွဲ စစ်ရေးလေ့ကျင့်မှု ပြုလုပ်

စာ ၁၄




KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

မြန်မာ့အလင်း

# အတိတ်အမှားမှသည် အနာဂတ်အောင်မြင်မှုဆီသို့

မြန်မာ-နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Myanmar International Cooperation Agency- MICA) ကို ဖျက်သိမ်းရန် အမျိုးသားလွှတ်တော်က ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။ ဤအေဂျင်စီ၏ အမည်ကို ကြည့်ပါက မြန်မာနိုင်ငံနှင့် နိုင်ငံတကာကြား ပူးပေါင်းဆောင်ရွက်ရန် ဖွဲ့စည်းထားသော အေဂျင်စီဟု ယူဆစရာဖြစ်နေပါသည်။ သို့သော် ဤအေဂျင်စီကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အဓိက ဦးတည်ဖွဲ့စည်းခဲ့ကြောင်း သိရှိရပါသည်။ ဤသို့သော ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော အေဂျင်စီကို မြန်မာ-နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဟု အဘယ်ကြောင့် အမည်ပေးခဲ့သည် ဆိုသည်မှာ အလေးအနက်ထား လေ့လာသင့်သော ကိစ္စဖြစ်သည်ဟု ယူဆပါသည်။

အမျိုးသားလွှတ်တော်အတွင်း တင်ပြဆွေးနွေးချက်များနှင့် သတင်းမီဒီယာ ဖော်ပြချက်တို့ကို လေ့လာကြည့်ပါက ဤအေဂျင်စီကို အဆိုပါကာလ၌ တာဝန်ရှိသည့် ပြည်ထောင်စုအစိုးရက မည်သို့သော လုပ်ထုံးလုပ်နည်းတို့ဖြင့် ခွင့်ပြုခဲ့သည်ဆိုသောအချက်မှာ ရှင်းလင်းတိကျခြင်းမရှိ ဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ မြန်မာ- နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (MICA) ၏ တာဝန်ယူမှု၊ တာဝန်ခံမှုတို့မှာ ရှင်းလင်းတိကျခြင်း မရှိသကဲ့သို့ ပွင့်လင်းမြင်သာမှုလည်းမရှိ ဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ မြန်မာ-နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီသည် မူလရည်ရွယ်ချက်ဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့နှင့် လုံးဝသက်ဆိုင်မှုမရှိသည့် အိုးအိမ်တိုက်တာဆောက်လုပ်ခြင်းနှင့် ဆိပ်ကမ်းဆောက်လုပ်ခြင်းကဲ့သို့သော လုပ်ငန်းတို့ကို ဆောင်ရွက်နိုင်သည့် အခွင့်အရေးတို့အား ရရှိခဲ့ခြင်းဖြစ်ပါသည်။

မြန်မာ-နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (MICA) သည် မြေယာအပါအဝင် နိုင်ငံတော်ပိုင်လုပ်ငန်း အဆောက်အအုံတို့ကို လွှဲပြောင်းရယူ၍ လုပ်ငန်းတို့ကို စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် ထွက်ပေါ်လာသော သတင်းအချက်အလက်တို့အရ မြန်မာ-နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (MICA)နှင့် သက်ဆိုင်သော ဘဏ္ဍာရေးဆိုင်ရာ စာရင်းအင်း အချက်အလက်တို့သည် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ရသုံးခန့်မှန်းခြေစာရင်း၌ မပါဝင်သကဲ့သို့ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာ၌လည်း မပါဝင်ကြောင်း သိရှိရပါသည်။ ဤဖြစ်စဉ်၌ နိုင်ငံတော်ပိုင်ဘဏ္ဍာငွေကြေးတို့ မည်သို့သော အတိုင်းအတာအထိ ဆုံးရှုံးမှုရှိသည်ဆိုသည်ကို အလေးအနက်ထား စိစစ်ရမည်ဖြစ်သကဲ့သို့ နောက်နောင် ဤကဲ့သို့သောဖြစ်ရပ်များ မပေါ်ပေါက်ရေးအတွက် နည်းလမ်းတို့ကို သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မြန်မာ-နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (MICA) သည် နိုင်ငံတော်၏ မွေးမြူရေးကဏ္ဍမှ ဝန်ထမ်းနှင့် ပညာရှင်များကိုပါ လွှဲပြောင်းရယူခဲ့ခြင်းဖြစ်၍ အဆိုပါဝန်ထမ်းနှင့် ပညာရှင်တို့၏ လုပ်အားဆုံးရှုံးမှုသည် နိုင်ငံတော်၏ လူသားအရင်းအမြစ်ဆုံးရှုံးမှု ဖြစ်ပါသည်။ မြန်မာ-နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (MICA) ၏ ဖြစ်ရပ်ကို အလေးအနက် သုံးသပ်ခြင်းဖြင့် အနာဂတ်၌ ဤကဲ့သို့သော ဖြစ်ရပ်များ ထပ်မံ မပေါ်ပေါက်စေနိုင်မည့် မူဝါဒနှင့် နည်းလမ်းတို့ကို ကြံဆနိုင်မည်ဖြစ်ကြောင်း လေးစားစွာ အကြံပြုတင်ပြအပ်ပါသည်။ ။

## ပျူလူမျိုးနွယ်စု (ခေါ်) တောင်သားလူမျိုးများ ပထမအကြိမ်တွေ့ဆုံပွဲ ထီးလင်းမြို့နယ် ဝက်သက်ရွာ၌ ကျင်းပ

**ထီးလင်း ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ဝက်သက်ရွာ ရွှေဘုံသာစေတီတော်အနီးကွင်းပြင်၌ ထီးလင်း၊ ကျောက်ထု၊ ဆော၊ ဂန့်ဂေါ၊ မင်းတပ်၊ စေတုတ္တရာမြို့နယ်များမှ ပျူလူမျိုးနွယ်စု (ခေါ်) တောင်သားလူမျိုးများ ပထမအကြိမ်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။

ယင်းတွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးလှထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းတို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂန့်ဂေါခရိုင်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ စုံညီစွာတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## စလင်းမြို့နယ်၌ မှူခင်းအသိပညာပေး ဟောပြော

**မကွေး ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့နယ်စခန်းအပိုင် ပန်းတောကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ ဘုရားကုန်းတန်ဆောင်းအတွင်း နိုဝင်ဘာလ နောက်ဆုံးပတ်က မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ရဲမှူးတင်ထွန်းက မူဒိမ်းမှုနှင့်သက်ငယ်မုဒိမ်းဆိုင်ရာ ဟောပြောခြင်းနှင့် အခြားမှုခင်းကျဆင်းရေးဆိုင်ရာများကို ရှင်းလင်းဟောပြောပြီး လိုအပ်သောအချက်အလက်များကို ပြောကြားခဲ့သည်။ ယင်းဟောပြောပွဲသို့ ကျေးရွာပြည်သူလူထုများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

ထင်သာမြင်သာပြုပြင်စရာ

## မြင်းမူမြို့ အ.ထ.က(၁)ကျောင်း ဘောလုံးအားကစားကွင်း အမြန်ပြုပြင်ပေးစေလို



မြင်းမူမြို့ အ.ထ.က (၁)ကျောင်း ဘောလုံးအားကစားကွင်းသည် ပြုပြင်မှု၊ အသုံးပြုမှု မရှိခဲ့သည်မှာ နှစ်ပေါင်း ၂၅ နှစ်ခန့် ရှိပြီဖြစ်သည်။ ယင်းကျောင်း၏ ကွင်းကို လေ့ကျင့်ပြီး ယခင်က တိုင်းပြည်ဂုဏ်ဆောင် ကျောင်းသား၊ တိုင်းအဆင့်လက်ရွေးစင် အားကစားသမားများ မွေးထုတ်ပေးခဲ့သည်။

ယခုအခါ ကျောင်းများတွင် အားကစားကွင်းများရှားပါးနေပြီဖြစ်ရာ ရှိပြီးသား အားကစားကွင်းကို ပြန်လည်ပြုပြင်ခြင်း၊ အသုံးပြုခြင်းဖြင့် တိုင်းပြည်ဂုဏ်ဆောင် အားကစားသမားများ မွေးထုတ်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

ယခုအခါ ကျောင်းဘောလုံးအားကစားကွင်းအတွင်း၌ လူနေအိမ်ဈေးဆိုင်ခန်းများ၊ ချုံနွယ်များ၊ ချိုင့်ခွက်များရှိနေခြင်းကြောင့် အဆိုပါကွင်းမှာကျောင်းသားများ လေ့ကျင့်မှု မရှိသလောက်ဖြစ်နေသည်။ လေ့ကျင့်ကွင်းကောင်းကောင်း မရှိ၍ ကျောင်းသားအများစု အားကစားပြုလုပ်လေ့မရှိခြင်းကြောင့် မြို့နယ်၊ တိုက်နယ်/ ပြည်နယ် နိုင်ငံ့ဂုဏ်ဆောင် ထူးချွန် အားကစားသမားများ ပေါ်ထွန်းလာခြင်းမရှိသည်မှာလည်း နှစ်ပေါင်းကြာမြင့်ပြီဖြစ်သည်။ မိဘပြည်သူများအနေဖြင့် ကျောင်းသား ကျောင်းသူများကို ပညာရည်ထူးချွန်ရုံသာမက ဗလငါးတန်ဖွံ့ဖြိုးဖို့ရန် အားထားမျှော်လင့်လျက်ရှိကြသည်။

ထို့ကြောင့် မြင်းမူ အ.ထ.က (၁)ကျောင်း ဘောလုံးအားကစားကွင်းကို အားကစားလှုပ်ရှားမှုများ ပြန်လည်အသုံးပြုနိုင်ရေးအတွက် အားကစားကွင်းအတွင်းရှိ လူနေဆိုင်ခန်းများ၊ ချုံနွယ်များ၊ ချိုင့်ခွက်များကို သက်ဆိုင်ရာမှ အမြန်ဆုံး ရှင်းလင်းဖယ်ရှား ပြုပြင်ဆောင်ရွက်ပေးနိုင်ရန် ဒေသခံပြည်သူများ လိုလားလျက်ရှိကြကြောင်း သိရသည်။

**ဝဂဂ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၄-၁၂-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၃၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၇၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၄ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၈ ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၂ ·၂ |
| ထိုင်း | တစ်ဘတ် | ၄၁ ·၇၈၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁၄၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ ·၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၃ ·၅၄ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


## စာအုပ်ဈေးရောင်းပွဲတော် ပဲခူးတွင် ကျင်းပမည်

**ပဲခူး ဒီဇင်ဘာ ၅**

ဒီဇင်ဘာ ၅ ရက်တွင် စတင်ဖွင့်လှစ်မည့် Bago Book Street ပဲခူးစာအုပ်လမ်း စာအုပ်အသစ်၊ အဟောင်းများစွာကို စာပေတိုက်ပေါင်းများစွာတို့မှ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း အနောက်ဘက်မုခ်ရှိ ပလက်ဖောင်းပေါ်တွင် ခင်းကျင်းရောင်းချပေးမည်ဖြစ်သည်။ အဆိုပါ Bago Book Street ပဲခူးစာအုပ်လမ်း စာအုပ်အရောင်းပွဲကို အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် ညနေ ၄ နာရီမှ ည ၁၀ နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ပြီး ရေးသူ၊ ဖတ်သူ၊ ဆွေးနွေးပွဲများ၊ စာပေချစ်မြတ်နိုးသူများ၏ စကားဝိုင်းများကိုလည်း အပတ်စဉ် ထည့်သွင်း ကျင်းပပေးသွားမည်ဖြစ်သောကြောင့် မည်သူမဆို လွတ်လပ်စွာ ပါဝင်ဆင်နွှဲနိုင်ပါရန် ဖိတ်ခေါ်လိုက်ပါသည်။

**ခရိုင် (ပြန်/ဆက်)**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် လန်ဒန်အခြေစိုက် နိုင်ငံတကာ ရှေ့နေများအဖွဲ့အစည်း၏ လူ့အခွင့်အရေးအဖွဲ့တို့ တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်သည် လန်ဒန်အခြေစိုက် နိုင်ငံတကာရှေ့နေများ အဖွဲ့အစည်း၏ လူ့အခွင့်အရေးအဖွဲ့(International Bar Association's Human Rights Institute- IBAHRI) မှ ညွှန်ကြားရေးမှူး Mr.Phillip Thamindjis နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် J ဆောင် ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# (၄)ကြိမ်မြောက် ကမ္ဘာ့အင်တာနက် ညီလာခံတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပါဝင်ဆွေးနွေး

**ဝူကျင့် ဒီဇင်ဘာ ၄**

(၄)ကြိမ်မြောက် ကမ္ဘာ့အင်တာနက် ညီလာခံ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၁၁ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဇီကျန်းပြည်နယ် ဝူကျင့်မြို့ Xizha Scenic Spot ရှိ Shinetown မြေကွက်လပ်၌ ပြုလုပ်သည်။

သစ်ပင်စိုက်ပွဲတော်တွင် ညီလာခံသို့ တက်ရောက်လာကြသော နိုင်ငံတကာမှ အစိုးရ ကိုယ်စားလှယ်များနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ညီလာခံ အထိမ်းအမှတ် Phoenix သစ်ပင်ကို ပါဝင်စိုက်ပျိုးသည်။

နေ့လယ်ပိုင်း၌ ကျင်းပသည့် Developing through Innovation and Sharing Digital Dividend အစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က The Effect of Social Media on Myanmar Society ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးသည်။ **(အပေါ်ယာပုံ)**




ပြည်ထောင်စုဝန်ကြီးနှင့် အတူ Kissinger Associates မှ ဒုတိယ ဥက္ကဋ္ဌ Mr.Joshua Cooper Ramo၊ ကုလသမဂ္ဂ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုး တိုးတက်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Peter Major၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဇီကျန်းပြည်နယ် ဒုတိယ မြို့တော်ဝန် Mr. Feng Fei နှင့် တရုတ်အမျိုးသားရေးရာ ပြည်သူ့ ကွန်ဂရက် စီးပွားရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Xiong Qunli တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးခင်လတ် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>နိုင်ငံတော်သမ္မတရုံး |
| (ခ) ဦးကျော်ကျော်ဟန် | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |
| (ဂ) ဦးဗရတ်ဆင်း | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးရာဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဦးမျိုးသန့်ဖေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်<br>ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) ဦးစိုးဟန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု ရက်သတ္တပတ် အခမ်းအနားများ ကော့သောင်းနှင့် တနင်္သာရီမြို့တို့၌ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြည်သူများပါဝင်မှုအရေးကြီးကြောင်း သိရှိစေရေးနှင့် ပြည်သူများ ပူးပေါင်းပါဝင်နိုင်ရေးအတွက် ရည်ရွယ်လျက် လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နှင့် တနင်္သာရီမြို့တို့တွင် ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။





ကော့သောင်းမြို့မဏ္ဍူသကခန်းမရှေ့၌ ဒီဇင်ဘာ ၂ ရက် ညနေ ၆ နာရီက ကျင်းပသည့် အခမ်းအနားတွင် ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) ကော့သောင်းတာဝန်ခံ ဦးထင်ကျော်ကျော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆိုတော် လင်းလင်းနှင့် နောင်ရိုးတို့က ဒေသခံအဆိုတော်များနှင့်အတူ ငြိမ်းချမ်းရေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ကိုမင်းကိုနိုင်နှင့် ကိုဂျင်မီတို့က လူထုငြိမ်းချမ်းရေးလှုပ်ရှားမှုနှင့် ပတ်သက်ပြီး ဟောပြောကာ **(ယာပုံ)** တက်ရောက်လာသူများက နိုင်ငံငြိမ်းချမ်းရေးအတွက် ဖယောင်းတိုင်ထွန်းညှိ ဆုတောင်းကြပြီး ငြိမ်းချမ်းရေးသီချင်းများဖြင့် ဆက်လက်ဖျော်ဖြေခဲ့သည်။

၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ကိုဂျင်မီက "ငြိမ်းချမ်းရေးမရတဲ့အတွက် မြန်မာပြည်ဟာ ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့ဘူး၊ ငြိမ်းချမ်းရေးရမှသာ ဖွံ့ဖြိုးတိုးတက်မှာဖြစ်တယ်၊ ဒါကြောင့် ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ အသိပညာတွေကို လူထုကို မျှဝေခြင်းပဲဖြစ်ပါတယ်"ဟု ပြောသည်။

အခမ်းအနားတွင် ကာတွန်း မောင်မောင်ဖောင်တိန်နှင့် ကော့သောင်းမြို့ခံ ကာတွန်းဆရာများအဖွဲ့က ငြိမ်းချမ်းရေးကာတွန်းများကို အခမဲ့ရေးဆွဲပေးကြသည်။

အလားတူ လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု(ရက်သတ္တပတ်)အစီအစဉ် တေးဂီတဖျော်ဖြေပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ ရက် ညနေ ၆ နာရီခွဲတွင် တနင်္သာရီမြို့ရှိ တနင်္သာရီခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တေးသံရှင်အဆိုတော် နောင်ရိုး၊ ကာကာ၊ ဘယ်ဝါနှင့် ဘိုဘိုထွဋ်တို့က ငြိမ်းချမ်းရေးလှုပ်ရှားမှုနှင့် ပတ်သက်သည့် တေးသီချင်းများကို သီဆို ဖျော်ဖြေခဲ့ကြကာ တစ်ချိန်တည်းမှာပင် ကာတွန်းဆရာမောင်မောင်ဖောင်တိန်ကလည်း ဒေသခံလူ့အဖွဲ့အစည်းများ၊ ကျောင်းသားအရွယ် ကလေးငယ်များနှင့် ငြိမ်းချမ်းရေး အမှတ်တံဆိပ်နှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခြင်း၊ ယင်းအမှတ်တံဆိပ်၏ အနှစ်သာရများကို အသေးစိတ်ရှင်းလင်းခြင်း၊ ကလေးငယ်များအား ယင်းအမှတ်တံဆိပ်ကို ပုံတူရေးဆွဲစေခြင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်သော မိမိတို့၏ စိတ်ကူးဉာဏ်ဖြင့် စိတ်ကြိုက်ကာတွန်းပန်းချီရေးဆွဲစေပြီး ပန်းချီရေးဆွဲခြင်း၏ အကျိုးအာနိသင်များ ချပြဆွေးနွေးပေးခဲ့သည်။

ထို့နောက် ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) ကိုဂျင်မီနှင့် ကိုမင်းကိုနိုင်တို့က ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ဟောပြောကြသည်။

ထို့နောက် ကိုဂျင်မီ ဦးဆောင်၍ ဟောပြောပွဲသို့ တက်ရောက်နားဆင်ခဲ့ကြသူများက ဖယောင်းတိုင်မီး ကိုယ်စီထွန်းညှိခြင်းကို ကမ္ဘာမြေကြီး-ငြိမ်းချမ်းပါစေ၊ (၂၁)ရာစုပင်လုံ - အောင်မြင်ပါစေဟု ကြွေးကြော်၍ ဆုတောင်းခဲ့ကြသည်။

လျှပ်စစ်မီးခေတ္တပိတ်လျက် ဖယောင်းတိုင်မီးထွန်း ဆုတောင်းကြွေးကြော်စဉ် တေးသံရှင် ကာကာက ငြိမ်းချမ်းရေးဆုတောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ယင်းနောက် တေးသံရှင်များက ငြိမ်းချမ်းရေးတေးသီချင်းများ ဆက်လက်သီဆိုဖျော်ဖြေပေးသကဲ့သို့ ဒေသခံပြည်သူများ တောင်းဆိုမှုအရ ကိုဂျင်မီကလည်း တေးသီချင်းများကို သီဆိုခဲ့သည်။

တနင်္သာရီမြို့၌ လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု (ရက်သတ္တပတ်) ဟောပြောပွဲအစီအစဉ်ဖြစ်မြောက်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဆွေနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တနင်္သာရီမြို့နယ်မှ ပါတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ ပူးပေါင်းပံ့ပိုးကူညီဆောင်ရွက်ခဲ့ကြပြီး အခမ်းအနားတွင် အင်အား ၆၀၀ ကျော် စိတ်ဝင်တစား တက်ရောက်နားထောင် အားပေးခဲ့ကြသည်။

လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု(ရက်သတ္တပတ်)အခမ်းအနားများကို တနင်္သာရီတိုင်းဒေသကြီးအတွင်း မြိတ်၊ ကျွန်းစု၊ သရက်ချောင်း၊ ပုလော၊ ထားဝယ်၊ လောင်းလုံ၊ ကန်ဘောက်၊ ရေဖြူမြို့တို့တွင် ဒီဇင်ဘာ ၉ ရက်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)နှင့် နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ခုနစ်မှု စီရင်ချက်ချမှတ်

**နေပြည်တော်  ဒီဇင်ဘာ ၄**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဋ္ဌေးနှင့် ဦးမျိုးတင့်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်း အမှတ် ၁ ၌ ရုံးထိုင်၍ တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ခုနစ်မှုကို စီရင်ချက်ချမှတ်ခဲ့ပြီး ရာဇဝတ်အထွေထွေ လျှောက်ထားမှု (စာချွန်တော်) နှစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) သုံးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အင်ဒိုနီးရှားနိုင်ငံ၊ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော်  ဒီဇင်ဘာ ၄**

အင်ဒိုနီးရှားနိုင်ငံ၊ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး Mr.Wiranto ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိသည်။

ဧည့်သည်တော် အင်ဒိုနီးရှားနိုင်ငံ၊ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီးနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး H.E.Dr. Ito Sumardi နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

**သတင်းစဉ်**

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်ကိစ္စများ ဆွေးနွေး

**နေပြည်တော်  ဒီဇင်ဘာ ၄**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် ဂျီနီဗာမြို့အခြေစိုက် Centre for the Democratic Control of Armed Forces (DCAF) ညွှန်ကြားရေးမှူး Ambassador Mr. Thomas Guerber နှင့် အဖွဲ့ကို ယနေ့ မွန်းလွဲ ၂နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံရာတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စများ၊ မြန်မာ့တပ်မတော်နှင့် DCAF တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင် ဆောင်ရွက်သွားရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြိမ် (၄၀) မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးပွဲများ ကျင်းပ

**နေပြည်တော်  ဒီဇင်ဘာ ၄**

အကြိမ် (၄၀) မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ အင်းယားလိတ်ဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။



အစည်းအဝေးသို့ မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ အဆင့်မြင့်အရာရှိကြီးများနှင့် ခရီးသွားလုပ်ငန်းအဖွဲ့အဖွဲ့ဝင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကျွမ်းကျင်ပညာရှင် Ms. Rhodara Concepcion နှင့် ကိုယ်စားလှယ်များ၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးမှ အမှုဆောင်ဒါရိုက်တာ Mr. Jens Thraenhart ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သော ဟန်းစ်ဆိုက်ဒယ်၊ Lux Dev ၊ Swiss Contact နှင့် GIZ တို့မှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်း မဟာဗျူဟာ အစီအစဉ် (၂၀၁၆-၂၀၂၅) ကို အပြီးသတ်ရေးဆွဲအတည်ပြုနိုင်ခဲ့သောကြောင့် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးမှူးရုံးတို့အတွက် ဂုဏ်ယူပါကြောင်း၊ အဆိုပါ ၁၀ နှစ်တာ မဟာဗျူဟာအစီအစဉ်သည် မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် အခြားခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူများအားလုံးအတွက် လမ်းညွှန်တစ်ခုလည်းဖြစ်ပါကြောင်း၊ ဤမဟာဗျူဟာအစီအစဉ်သည် မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံအသီးသီး၏ ခရီးသွားလုပ်ငန်း မဟာဗျူဟာများ၊ မဟာမဲခေါင်ဒေသခွဲ မဟာဗျူဟာမူဘောင် (၂၀၁၂-၂၀၂၂)များနှင့် လိုက်လျောညီထွေရှိပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်၊ ခရီးသွားလုပ်ငန်း အခြေခံအဆောက်အအုံများမြှင့်တင်ရန်၊ ဝန်ဆောင်မှုများမြှင့်တင်ရန်၊ ဈေးကွက်ရှာဖွေမြှင့်တင်ရန်၊ ဒေသတွင်း သွားလာမှုလွယ်ကူစေရန် စသောအဓိကမဟာဗျူဟာငါးရပ်ဖြင့် မဟာမဲခေါင်ဒေသခွဲ၏ စုစည်းမှု၊ ကြွယ်ဝချမ်းသာမှုနှင့် ဒေသတွင်း သာတူညီမျှရှိမှုတို့ကို ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က အစည်းအဝေး၏ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပသည်။

ယခုကျင်းပသည့် အကြိမ် (၄၀)မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်မှုအစီအစဉ် (၂၀၁၅-၂၀၂၀) အား အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ဒေသတွင်းခရီးသွားလုပ်ငန်း စာရင်းဇယားစံနှုန်းများ ညီညွတ်ရေးကိစ္စ၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့၏ ၂၀၁၈ လုပ်ငန်းအစီအစဉ်များ၊ ၂၀၁၈ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ ကျင်းပမည့် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်နှင့်(၄၁)ကြိမ် မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပရေးကိစ္စ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံ တို့မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းဆိုင်ရာကိစ္စများ၊ မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးများကို အဖွဲ့ဝင်နိုင်ငံများတွင် အက္ခရာစဉ်အလိုက် တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပလျက်ရှိပြီး ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ အစည်းအဝေးနှင့် အခြားဆက်စပ်အစည်းအဝေးပွဲများကိုပါ ပူးတွဲကျင်းပလေ့ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## NRPC စာစောင် ထုတ်ဝေနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော်  ဒီဇင်ဘာ ၄**

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ မူဝါဒများ၊ ဆောင်ရွက်ချက်များအား အများပြည်သူ သိရှိနိုင်ရေးအတွက် NRPC စာစောင်ထုတ်ဝေနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က စာစောင် ထုတ်ဝေရေးအတွက် လိုအပ်သည့် ကော်မတီကို ဖွဲ့စည်းဆောင်ရွက်သွားရေး၊ မူဝါဒများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြရေးတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် စာစောင်ထုတ်ဝေရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက စာစောင်တွင်ဖော်ပြမည့် မူဝါဒများ၊ ပါဝင်မည့် အကြောင်းအရာများ၊ ထုတ်ဝေမည့် ကာလသတ်မှတ်ရေး စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊သွင်းကုန်အခြေအနေ

**နေပြည်တော်  ဒီဇင်ဘာ ၄**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၉၀ ဒသမ ၄၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၆၇ ဒသမ ၀၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၇၅၇ ဒသမ ၄၅ သန်း ဖြစ်သည်။ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၀၉ ဒသမ ၀၂ သန်း၊ နယ်စပ် သွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၂၈၂ ဒသမ ၃၀ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၉၁ ဒသမ ၃၂ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှု ပမာဏမှာ အမေရိကန် ဒေါ်လာ ၃၂၄၈ ဒသမ ၇၇ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၂၆၆ ဒသမ ၁၃ သန်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှစက်တင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၉၂၃ ဒသမ ၀၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၀၈ ဒသမ ၀၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇၂၃၁ ဒသမ ၀၇ သန်းတင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၆၄၀ ဒသမ ၆၇ သန်း၊နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၅၄ ဒသမ ၂၂ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၀၉၄ ဒသမ ၈၉သန်းဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ၁၆၃၂၅ ဒသမ ၉၆ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၈၆၃ ဒသမ ၈၂ သန်းဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

**လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ စာအုပ်စာပေ လေ့လာစို့**

# မြန်မာ့ကော်ဖီသီးနှံကို ချင်းနှင့် ကရင်ပြည်နယ် သံတောင်ကြီးဒေသတို့၌ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရန် စီမံဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

မြန်မာ့ကော်ဖီသီးနှံသည် နိုင်ငံတကာ စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝစွာ ဈေးကွက်ဝင်လျက်ရှိရာ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးလာရေး အားပေးကူညီရန်နှင့် မျိုးကောင်းမျိုးသန့် ပွားများဖြန့်ဖြူးပေးခြင်း၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးဒေသများကဲ့သို့ ရေမြေရာသီဥတု အခြေအနေပေးသော ဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်နိုင်ရန် စီမံ ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများအပြင် သုတေသနလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်နှင့် ကျွမ်းကျင်ပညာရှင်များ ခါးဆက်မပြတ် စေရေးအတွက် ပညာရပ်ပိုင်းဆိုင်ရာ လက်ဆင့်ကမ်းလေ့ကျင့်မွေးထုတ်ပေးနိုင်ရေးတို့ကိုပါ



စနစ်တကျ စီမံဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ ကော်ဖီ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး ဗဟိုဌာနတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကော်ဖီမျိုးသန့်မျိုးပွားဆောင်ရွက်နေမှုလုပ်ငန်းများ၊ ကော်ဖီအရိပ်ပျိုးခင်း၊ ခုတ်ခွဲခန်းနှင့် တစ်သျှူးမျိုးပွားအလုပ်ရုံ ၊ ကော်ဖီသီးမှည့် အခွံချွတ်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြင်ဦးလွင် မျိုးပိုးဥနှင့် ပိုးစာသုတေသနခြံသို့ ရောက်ရှိကြပြီး မျိုးပိုးဥမွေးမြူ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပိုးစာသုတေသန ဆောင်ရွက်မှုလုပ်ငန်းများအား လှည့်လည်ကြည့်ရှု စစ်ဆေးအားပေးသည်။

ညနေပိုင်းတွင် ပြင်ဦးလွင် ပိုးချည်စက်ရုံနှင့် ပိုးစာသုတေသနခြံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ပိုးချည်စက်ရုံနောက်ခံသမိုင်းနှင့် လက်ရှိဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပိုးချည်စက်ရုံ အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် ပုဂ္ဂလိက ပိုးချည်လုပ်ငန်းဖွံ့ဖြိုးလာရေး အထောက်အကူပြုနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်း လုပ်ငန်းများကို တောင်သူများ အကျိုးတူစနစ် ပူးပေါင်းဆောင်ရွက်နိုင်ရေး ပေါင်းစပ်စီမံ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအဆင့်တိုင်းတွင် အရည်အသွေးကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ကိုယ်တိုင်အပင်ပန်းခံ ဆောင်ရွက်ကြရသည့် တောင်သူနှင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူ ပုဂ္ဂလိကလုပ်ငန်းရှင်တို့ နှစ်ဦးနှစ်ဖက်အကျိုးစီးပွား ဖြစ်ထွန်းစေပြီး အပြန်အလှန် ယုံကြည်မှု တည်ဆောက်ပေးနိုင်မှသာ ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်းအဖြစ် ရပ်တည်ဆောင်ရွက်သွားနိုင်မှာဖြစ်သည့်အတွက် သက်ဆိုင်သူအားလုံးတို့က ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူမှု သဟဇာတဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့ ပူးပေါင်းပြီး လူမှုသဟဇာတဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး အဆင့်မြင့် အရာရှိကြီးများဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက နေပြည်တော် Kempinski Hotel တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက လူမှုသဟဇာတဆိုသည်မှာ မတူကွဲပြားခြားနားသည့် လူမှုအသိုင်းအဝိုင်းများကို ရင်းနှီးပေါင်းစည်းမှုဖြစ်စေသည့်အတွက် အရေးကြီးပါကြောင်း၊ မတူကွဲပြားခြားနားမှုများကို အပေါင်းလက္ခဏာဆောင်သည့် ရှုမြင်သုံးသပ်မှုနှင့်အတူ ပေါင်းကူးပေးလိုက်ပါက လူမှုရေး အရည်အသွေးများ ပြည့်ဝလာပြီး ပြောင်းလဲတိုးတက်မှုများရရှိလာမည်ဖြစ်ကြောင်း၊ မတူကွဲပြားမှုများကို နားလည်သဘောပေါက်ပြီး လူမှုရေးကျွမ်းကျင်မှုရှိရန်လိုအပ်ကြောင်း၊ လူမှုရေး အကူအညီပေးမှုနှင့် စပ်လျဉ်း၍ ခေတ်စနစ်နှင့် လျော်ညီသောလူမှုရေးဘာသာရပ်ကို အမြဲမပြတ်လေ့လာပြီး ပြောင်းလဲကျင့်သုံးရန်လိုအပ်ပါကြောင်း၊ မတူကွဲပြားမှုအမျိုးမျိုးကို သဟဇာတဖြစ်ဖို့ အချိန်ယူ ဆောင်ရွက်ရမည်ဖြစ်ရာ စိတ်ရှည်သည်းခံပြီးနားလည်မှုများဖြင့် ဘုံရည်မှန်းချက် (Common Good) ရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ Country Director Mr. Peter Batchelor က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ အဆိုပါ လူမှုသဟဇာတဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ငှက်ဖျားရောဂါရက်သတ္တပတ်လှုပ်ရှားမှု အဖြစ်များသောနိုင်ငံများ၌ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၃၀ ပြည့်နှစ်တွင် အာရှ-ပစိဖိတ်ဒေသ၌ ငှက်ဖျားရောဂါ လုံးဝပပျောက်နိုင်ရန်အတွက် ငှက်ဖျားရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ယနေ့ နံနက် ၉ နာရီ တွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

ငှက်ဖျားရောဂါ ရက်သတ္တပတ်လှုပ်ရှားမှုကို ငှက်ဖျားအဖြစ်များသော နိုင်ငံ ၂၁ နိုင်ငံဖြင့် ဖွဲ့စည်းကျင်းပလျက်ရှိပြီး ဒုတိယအကြိမ်အဖြစ် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ UNOPS၊ အာရှဖွံ့ဖြိုးမှုဘဏ်၊ အာရှ-ပစိဖိတ် ငှက်ဖျားပပျောက်ရေးကွန်ရက်နှင့် အာရှ-ပစိဖိတ်ခေါင်းဆောင်များ ငှက်ဖျားမဟာမိတ်အဖွဲ့တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် အာရှဖွံ့ဖြိုးမှုဘဏ်မှ ငှက်ဖျားနှင့် သက်ဆိုင်သောအဖွဲ့နှင့် အာရှပစိဖိတ် ငှက်ဖျားပပျောက်ရေး ကွန်ရက်အဖွဲ့တို့မှ တာဝန်ရှိသူများက ငှက်ဖျားရောဂါနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

အဆိုပါ အခမ်းအနားကျင်းပရသည့် ရည်ရွယ်ချက်မှာ ဒေသတွင်းခေါင်းဆောင်များ၏ ငှက်ဖျားရောဂါ ပပျောက်ရေး ရည်မှန်းချက်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်၊ ရည်ရွယ်ချက်၏ အရေးကြီးမှုကို မီးမောင်းထိုးပြရန်၊ ဆန်းသစ်သော ဖြေရှင်းနည်းများ၊ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့မှ ချမှတ်ထားသော ကမ္ဘာလုံးဆိုင်ရာ နည်းပညာဗျူဟာနှင့် မဟာမဲခေါင်ဒေသ ငှက်ဖျားတိုက်ဖျက်ရေး နည်းဗျူဟာများနှင့်အညီ မီးမောင်းထိုးပြသနိုင်ရန်၊ အသစ်ပေါ်ပေါက်လာသော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်း အားဖြည့်ထောက်ပံ့ရန်အတွက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

၂၀၃၀ ပြည့်နှစ်တွင် အာရှ-ပစိဖိတ်ဒေသ၌ ငှက်ဖျားရောဂါ လုံးဝပပျောက်နိုင်ရန်အတွက် ငှက်ဖျားရောဂါ ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဒီဇင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

Play-off အဆင့်တို့ ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ခြေစစ်ပွဲ မအောင်ခဲ့ပါက AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်တွင် ပြန်လည် ကစားရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ ရှမ်းယူနိုက်တက်အသင်းသည် အကြိုခြေစစ်ပွဲ ပထမအဆင့်တွင် ဖိလစ်ပိုင်လိဂ်ချန်ပီယံအသင်းနှင့် ကစားရမည်ဖြစ်ပြီး ယခုကျင်းပမည့် အုပ်စုမခွဲပွဲတွင် အတည်ပြုမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် AFC Cup ပြိုင်ပွဲတွင် မူလက ခြေစစ်ပွဲကစားရမည်ဖြစ်သော်လည်း တွေ့ဆုံမည့် တီမောနှင့် ဘရူနိုင်းကလပ်အသင်းမှာ နုတ်ထွက်သွားခဲ့၍ အုပ်စုအဆင့်သို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်တွင် ဇုန်အလိုက်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ်အသင်းများမှာ အာဆီယံဇုန်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာဆီယံဇုန်တွင် အသင်း ၁၂ သင်း ပါဝင်မည်ဖြစ်ပြီး အုပ်စုသုံးခုခွဲ၍ ကျင်းပမည် ဖြစ်သည်။ အာဆီယံဇုန်တွင် မလေးရှား၊ ဗီယက်နမ်၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် လာအိုကလပ်အသင်းတို့ ပါဝင်မည်ဖြစ်ပြီး မြန်မာ၊ မလေးရှား၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှား နိုင်ငံတို့မှာ နှစ်သင်းစီ ယှဉ်ပြိုင်ခွင့်ရ မည်ဖြစ်သည်။ ရန်ကုန်အသင်းသည် AFC Cup ပြိုင်ပွဲတွင် ငါးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ရှမ်းယူနိုက်တက် အသင်းမှာမူ ပထမဆုံးအကြိမ်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။

အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲအုပ်စုမခွဲပွဲကို သက်ဆိုင်ရာကလပ်အသင်းများမှ တာဝန်ရှိသူများ တက် ရောက်မည်ဖြစ်ပြီး မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်အသင်းအုပ်ချုပ်သူ ဦးမြင့်သိန်း၊ ရှမ်းယူနိုက်တက်အသင်း အုပ်ချုပ်သူ ဦးခင်မောင်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်း-ရဲရင့်ရှိုင်း၊ဓာတ်ပုံ-စိုးညွန့်**

❊ *ကျောဖုံးမှ*

ပုံမှန်ထက် လျော့ကျနေသောကြောင့် မိနစ် ၇၀ ကျော်တွင် သွင်းယူသည့်ဂိုးဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ဆန်းဆက်နိုင်(**ဂိုး**)၊ နန်းဝေမင်း၊ ထိုက်ထိုက်အောင်၊ စိုးမိုးကျော်၊ စည်သူအောင်၊ ရန်နိုင်ဦး၊ လွင်မိုးအောင်၊ လှိုင်းဘိုဘို၊ မောင်မောင်လွင်၊ သန်းပိုင်၊ အောင်ကောင်းမာန်တို့ဖြင့် ပွဲထွက်ခဲ့ပြီး MNL ညွှန့်ပေါင်းအသင်းမှာမူ သီဟစည်သူ(**ဂိုး**)၊ ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း၊ မိုက်ကယ်၊ မိုကာလူး၊ ကျော်ကိုကို၊ ခရစ္စတိုဖာ၊ ရန်အောင်ကျော် စသည့်ကစားသမားများကို အသုံးပြုခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း MNL ညွှန့်ပေါင်းအသင်းမှာမူ ပြိုင်ဘက်အသင်း၏ အမှားစောင့်ကာ တိုက်စစ်ဆင်ခဲ့သည်။ ခြောက်မိနစ်တွင် မြန်မာ ယူ-၂၃ အသင်း တောင်ပံကစားသမား မောင်မောင်လွင် အနီးကပ်ပိတ်ခွင့်ရသော်လည်း တိုင်ထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။

အပိုင်အခွင့်အရေးကို အသုံးမချနိုင်ခဲ့သည့် မောင်မောင်လွင်သည် ၂၃ မိနစ်တွင် သန်းပိုင် ဖြတ်ပို့သော ဘောလုံးကို ပိတ်သွင်းကာ မြန်မာ ယူ-၂၃ အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် MNL ညွှန့်ပေါင်းအသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း တိုက်စစ်မှူးများဖြစ်သည့် ကျော်ကိုကိုနှင့် ခရစ္စတိုဖာတို့ ခြေမပေါ်၍ တိုက်စစ်မှာ မထိရောက်ခဲ့ပေ။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး မြန်မာ ယူ-၂၃ အသင်းမှာလည်း တိုက်စစ်တွဲလုံးကို အပြောင်းအလဲလုပ်ကာ ယူ-၁၉ ကစားသမားများဖြစ်သည့် ဝင်းနိုင်ထွန်းနှင့် ပြည့်စုံနိုင်အတွဲကို အသုံးပြုခဲ့သည်။ ကြည်လင်း၊ ဇင်မင်းထွန်းနှင့် အီမန်နျူရယ်တို့၏ တိုက်စစ်တွဲလုံးနှင့် တင်ဝင်းအောင်နှင့် မင်းမင်းသူတို့၏ ကွင်းလယ်ကြောင့် MNL ညွှန့်ပေါင်းအသင်း တိုက်စစ်ကစားပုံ ပိုကောင်းလာပြီး ၇၄ မိနစ်တွင် အီမန်နျူရယ်က ချေပဂိုးပြန်သွင်းခဲ့သည်။ သရေကျပြီး နောက်ပိုင်းတွင် MNL ညွှန့်ပေါင်းအသင်းက ပွဲကိုထိန်းကစားသွားပြီး မြန်မာ ယူ-၂၃ အသင်း ဂိုးထပ်ရရန် ကြိုးပမ်းခဲ့သော်လည်း MNL ညွှန့်ပေါင်းအသင်း ခံစစ်ကိုမကျော်နိုင်၍ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ခြေစမ်းပွဲ ဒုတိယပွဲအဖြစ် ဒီဇင်ဘာ ၆ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ မြန်မာ ယူ-၂၃ အသင်းနှင့် MNL ညွှန့်ပေါင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှ တီထွင်စွမ်းအား လူငယ်တို့စွမ်းပကား

**နန္ဒာဝင်း၊ ဝင်းဝင်းမော်၊ ဓာတ်ပုံ- ဇော်မင်းလတ်**

**အပူပိုင်းအညာဒေသနှင့် ကျေးလက်များတွင် သဘာဝလေနှင့် ရေကိုအသုံးပြုပြီး လေအေးပေးစက်အစားထိုး သဘာဝလေအေးပေးစက် တပ်ဆင်အသုံးပြုနိုင်ပုံကို လက်တွေ့သရုပ်ပြနေသည့်မြင်ကွင်းက နွေအပူဒဏ်ကို ရှောင်ရှားချင်သူများအတွက် အထူးစိတ်ဝင်စားဖွယ်။**

ထိုမြင်ကွင်းက ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်ပွဲတော်နွဲပျော်စို့ ဆောင်ပုဒ်နှင့်အညီ ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပါဝင်ပြသသည့် သိပ္ပံဆိုင်ရာ ပြခန်းတစ်ခုတွင် ဖြစ်သည်။ တီထွင်ဖန်တီးလိုက်သူများမှာ မော်ဘီနည်းပညာတက္ကသိုလ် စက်မှုအင်ဂျင်နီယာဌာန စတုတ္ထနှစ်ကျောင်းသား ကျောင်းသူများ ဖြစ်သည်။

"သွပ်မိုးအိမ်ရဲ့ အပူချိန် အဓိကဝင်ရောက်တဲ့ နေရာက ခေါင်မိုးဖြစ်တာကြောင့် ရေအေးဖျန်းပြီး ကာဘာလုပ်ထားနိုင်ရင် အပူချိန်လျှော့ကျမယ်၊ ဒီလို ရေအေးပြန်ဖြစ်ဖို့အတွက် အဲ့ဒီနည်းနဲ့ အပြင်က အပူရှိန်ရှိတဲ့ လေကို အပူရှိန်လျှော့ပြီး အိမ်ထဲကို သွင်းလိုက်တဲ့သဘောမျိုးပါ၊ ၁၀ ပေပတ်လည် ကောင်းကောင်း အလုပ်လုပ်နိုင်တယ်" ဟု စက်မှု အင်ဂျင်နီယာဌာန စတုတ္ထနှစ်ကျောင်းသား မောင်ထက်နိုင်လင်းက ဆိုသည်။

စာသင်ခန်းအတွင်း ကျောင်းသားများအား Smart Card ဖြင့် မိမိနှင့်သက်ဆိုင်သည့် ဘာသာရပ်အတန်းသို့ ဝင်ရောက် စာသင်ကြားမှု၊ အတန်းတက်ရောက်မှု အခြေအနေ၊ ကျောင်းသား ဝင်ရောက်လာသည့်နှင့် တစ်ပြိုင်နက် မီး၊ ပန်ကာပွင့်သည့် စနစ်ကို ဆင်ဆာစနစ် ပြုလုပ်ထားမှုများ



မော်ဘီနည်းပညာတက္ကသိုလ် စက်မှုအင်ဂျင်နီယာဌာန စတုတ္ထနှစ် ကျောင်းသား ထက်နိုင်လင်း



ရန်ကုန်တက္ကသိုလ် ပထဝီဝင် ကျောင်းသား အောင်သူထက်

ပါဝင်သည့် ပရောဂျက်ကို ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် စတုတ္ထနှစ် mechatronics ကျောင်းသားများက တီထွင်ထားသည်။

"ခုံအမှတ် ၁ စမတ်ကတ် ကိုင်ဆောင်ထားတဲ့ ကျောင်းသား အတန်းတက်ရောက်မှုကို Sensor က ဖတ်တယ်၊ သူ့ရဲ့ထိုင်ခုံနံပါတ်တစ်နေရာမှာ မီးလင်းပြီး သူရောက်ရှိအတန်းတက်မှုကို Sensor က ပြနေတယ်၊ မေဂျာမတူတဲ့သူကဝင်လာပြီး အခန်းကို စမတ်ကတ်နဲ့ဖြတ်မယ်ဆိုရင် တံခါးက မပွင့်ဘူး၊ သက်ဆိုင်တဲ့ မေဂျာကသူတွေနဲ့ ဆရာမတွေပဲ ဒီအခန်းကို တက်ရောက်စာသင်လို့ရအောင် လုပ်ထားတာ၊ ဒါ့အပြင် လူတစ်ယောက် ဝင်လာတယ်ဆိုရင် အလိုအလျောက် အခန်းထဲက မီးတွေ ပန်ကာတွေ ပွင့်မယ်။ ကျောင်းသားမရှိတော့လို Sensor က ဇီးရိုးပြရင် မီးတွေ ပန်ကာတွေ သူ့အလိုလို မီးပိတ်သွားမယ်။ လူဝင်လာတာနဲ့ Roll Call ကောက်ပြီးသား၊ စာသင်ခန်းတင်မဟုတ် ကျန်တဲ့ အဆောက်အအုံ၊ အစည်းအဝေးခန်း၊ ရုံးတွေ၊ ကျောင်းတွေမှာ အသုံးပြုလို့ရတယ်၊ စွမ်းအင်ကိုလည်း လျှော့ချနိုင်မယ်" ဟု စတုတ္ထနှစ် mechatronics ကျောင်းသား မောင်ဖြိုးမာန်ဟိန်းက ပြောသည်။




**ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် စတုတ္ထနှစ် mechatronics ကျောင်းသားများက တီထွင်ထားသည့် Smart Card ဖြင့် စာသင်ခန်းအတွင်းဝင်ရောက်သည့်အခါ မီး၊ပန်ကာ ပွင့်သည့်စနစ်ကို ဆင်ဆာစနစ်ဖြင့် ပြုလုပ်ထားမှုအား ရှင်းပြစဉ်။**

ရန်ကုန်မြို့၏ လျှပ်စစ်စွမ်းအားကို မလိုအပ်သည့် နေရာများတွင် အသုံးမပြုဘဲ လိုအပ်သည့်နေရာတွင် အသုံးပြုနိုင်ရန် Power Saving Yangon ဆိုသည့် ပရောဂျက်ကိုလည်း ရန်ကုန်တက္ကသိုလ် ပထဝီဝင်ကျောင်းသားများ ဖန်တီး တီထွင်ထားသည်။

"မလိုအပ်တဲ့နေရာမှာ အလဟဿဖြစ်မယ့် စွမ်းအင်တွေကို ချွေတာပြီး လိုအပ်တဲ့နေရာမှာ အသုံးပြုမယ်ဆိုရင် လျှပ်စစ်တွေ ပိုပြီးထွက်လာမယ်၊ ရန်ကုန်မြို့မှာ ညနေ ၆ နာရီဆို မီးတွေဖွင့်ပြီး မနက် ၆ နာရီဆို မီးတွေ ပြန်ပိတ်တဲ့ ထုံးစံရှိတယ်၊ ရန်ကုန်မှာ မီးတွေ အဖွင့်အပိတ်လုပ်ပေးရတယ်၊ ည ၁၂ နာရီကျော်သွားရင် ကားတွေရော လူတွေပါမရှိတော့ဘဲ လျှပ်စစ်မီးတွေက လင်းနေတယ်၊ အဲဒါတွေ အတွက် လမ်းမတွေမှာ Sensor လေးတွေ မြှုပ်ထားတယ်၊ Sensor ရဲ့ သဘောတရားက ကားအရာဝတ္ထု၊ လူတစ်ခုခုဖြတ်တဲ့အချိန်မျိုးဆို မီးကလင်းသွားမယ်၊ လိုတဲ့အချိန်ပဲ မီးကိုသုံးမယ်၊ မလိုတဲ့ အချိန်မှာ မီးကိုမသုံးဘူး၊ လျှပ်စစ်ကို အများကြီး လျှော့လို့ရမယ်၊ အဲဒီအတွက် လိုအပ်တဲ့ စွမ်းအားကို အထပ်မြင့်တိုက်တွေမှာ ဆိုလာပြားတွေ၊ ဆိုလာစနစ်တွေ ထားမယ်၊ လေအားလျှပ်စစ်နဲ့ ထုတ်မယ်ဆိုရင် လျှပ်စစ်သက်သာမယ်၊ စွမ်းအင်တွေကို လျှော့ချပြီး တစ်နိုင်တစ်ပိုင် စွမ်းအင်ထုတ်လုပ်တာပါ၊ ကားမှတ်တိုင်ဆိုရင်လည်း Sensor လေးတွေထားမယ်၊ လူရှိတယ်၊ ကားစောင့်နေတယ်ဆိုရင် မီးလင်းမယ်၊ မရှိဘူးဆိုရင် မီးမလင်းဘူး၊ မီးတွေ အဖွင့်အပိတ်လုပ်တာကို အလုပ်ရှုပ်သက်သာအောင် ကွန်ထရိုးစင်တာထားပြီး လုပ်ထားမယ်" ဟု ပထဝီဝင်ကျောင်းသား မောင်အောင်သူထက်က ဆိုသည်။

ထိုသို့ သဘာဝအတိုင်း လေနှင့်ရေကို အခြေခံထားသည့် လေအေးပေးစက်အစားထိုး သဘာဝလေအေးပေးစနစ် အပါအဝင် အလိုအလျောက် ရေဖြည့်သည့်စနစ်၊ စက်လှေကားများတွင် Sensor အသုံးပြုဖြတ်သန်းသည့်စနစ်၊ Home made Air Cooler ပြုလုပ်နည်းစနစ်၊ အခြေခံပညာကျောင်းများတွင် သိလိုသည့် အချက်အလက်များကို ကြည့်နိုင်သည့်စနစ်၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြင့် လျှပ်စစ်ထုတ်လုပ်သည့် စနစ်၊ ရေအောက်တွင်ရှိသော အရာဝတ္ထုများကို လူကိုယ်တိုင် ဆင်းစရာမလိုဘဲ စက်ရုပ်ဖြင့် အချက်အလက်၊ မှတ်တမ်းရယူ နိုင်သည့်စနစ် စသည့် ပရောဂျက်များအပါအဝင် လူငယ်များ တီထွင်ထားသည့် သိပ္ပံပစ္စည်းများနှင့် အိုင်တီပစ္စည်းများကို လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် Science Fair ကဏ္ဍတွင် ပြသထားခြင်းက လူငယ်များ၏ တီထွင်ဖန်တီးလိုစိတ်ကို နှိုးဆွ ပေးစေသည်။

အဆိုပါ ပရောဂျက်များကို မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်မော်ဘီ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် သတ္တဗေဒဌာနနှင့် ဘူမိဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (လူငယ်ဆန်းသစ်သိပ္ပံ တက္ကသိုလ်များသိပ္ပံ၊ တက္ကသိုလ်များ သိပ္ပံသုတေသနဌာန)၊ ဒဂုံတက္ကသိုလ် ဓာတုဗေဒဌာန၊ ဓာတုဗေဒနှင့် ဇီဝဓာတုဗေဒဘာသာရပ်အသင်း၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (သန်လျင်)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ရန်ကုန်နည်းပညာတက္ကသိုလ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တို့မှ တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။

ထိုသို့ လူငယ်များ၏ တီထွင်ဆန်းသစ်မှုစွမ်းပကားများက ပွဲတော်လာ လူထုနှင့် လူငယ်ကျောင်းသား ကျောင်းသူများအတွက် သိပ္ပံဆိုင်ရာ ပညာရပ်ကို လေ့လာလိုစိတ်များ ပိုမိုဖြစ်ပေါ်စေပါလိမ့်မည်။ တစ်နည်းအားဖြင့်ဆိုသော် အနာဂတ် ခေတ်မီနိုင်ငံတော်အတွက် လူငယ်တို့၏ တီထွင်စွမ်းပကားက ပို၍ပင်လိုအပ်နေပေသည်။သုံးရက်တာကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် Science Fair ကဏ္ဍကအနာဂတ် ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်သစ်ကြီးကို များစွာ အထောက်အကူပြုမည်ဟု ယုံကြည်မိပါကြောင်း။ ။

## ကလေးစာပေပွဲတော် (ကျိုင်းတုံ) ကျင်းပပြီးစီး

**ကျိုင်းတုံ ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ မြို့တော်ခန်းမတွင် ကျင်းပသည့် ခရိုင်အဆင့် ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်များက စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

"ကျိုင်းတုံမြို့မှာ ပထမဆုံးအကြိမ် ကျင်းပတဲ့ပွဲဖြစ်တဲ့အပြင် ပျော်ရွှင်ဖွယ်ကစားနည်းတွေနဲ့ စာအုပ်စာပေစုံလင်စွာ ကြည့်ရှုဝယ်ယူနိုင်တော့ ကျောင်းသားနဲ့ ပြည်သူများစွာ လာရောက်ဆင်နွှဲကြပါတယ်" ဟု ပွဲတော်စီစဉ်ကျင်းပသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးမောင်ကြည်က ပြောသည်။

ပွဲတော်ကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ပြီး ကဗျာရွတ်၊ ပုံပြင်ပြော၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ ဂိမ်းကစားပွဲများနှင့် စာအုပ်ဈေးရောင်းပွဲများ ပါဝင်ကာ မူလတန်းကြိုမှ တက္ကသိုလ်အဆင့်အထိ ကျောင်းသား ကျောင်းသူများ ၎င်းတို့၏ မိဘ၊ ဆရာများ၊ ဒေသနေပြည်သူများ လာရောက်ဆင်နွှဲကြသည်။

ပွဲတော်ဖြစ်မြောက်အောင် ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖျော်ဖြေမှုများ၊ ပြိုင်ပွဲများ ကြီးကြပ်ပေးခြင်းတို့၌ ပူးပေါင်းဆောင်ရွက်ပေးသည့် ပညာရေးဌာန၊ အာဟာရကျွေးခြင်း၊ ပျော်ရွှင်ပွဲများ ပြုလုပ်ပေးခြင်းတို့ဖြင့် ပါဝင်ကြသော အသင်းအဖွဲ့၊ ကုမ္ပဏီ၊ အရောင်းဆိုင်များကို ဌာနကိုယ်စား မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း ဦးမောင်ကြည်က ပြောသည်။

အဆိုပါ ဒီဇင်ဘာ ၃ ရက် ညနေပိုင်းတွင် ပြိုင်ပွဲဆုရရှိသူများနှင့် ပူးပေါင်းကူညီသူများကို တာဝန်ရှိ သူများက ဆုများ၊ ဂုဏ်ပြုမှတ်တမ်းနှင့် လက်ဆောင်များ ပေးအပ်၍ ပွဲတော်ပိတ်ပွဲ အခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

❁ *ကျောဖုံးမှ*

ရည်ရွယ်ချက်အနေဖြင့် မြန်မာနိုင်ငံ၏ တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်မှု စာရင်းဇယားများအား အတည်ပြုထုတ်ပြန်ရန် ဖြစ်သည်။ ရရှိနိုင်မည့် အကျိုးကျေးဇူးများအနေဖြင့်- မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးအရ အရေးကြီးသော တိရစ္ဆာန်များ၏ ကောင်ရေစာရင်းကို အတိအကျ ရရှိနိုင်ခြင်း၊ ကောက်ယူရရှိသော တိရစ္ဆာန်ကောင်ရေစာရင်းများအပေါ်အခြေခံပြု၍ မွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများ ရေးဆွဲလျက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုနိုင်ခြင်း၊ ကောက်ယူရရှိသော တိရစ္ဆာန်ကောင်ရေ စာရင်းအပေါ်အခြေခံ၍ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစီမံချက်များကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံတော်အစိုးရ၏ အစားအစာဖူလုံရေးနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ရာတွင် မှန်ကန်သော အချက်အလက်များ ပံ့ပိုးပေးနိုင်ခြင်းတို့ ဖြစ်သည်။



**တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေး ဆရာဖြစ်သင်တန်း (တတိယအဆင့်) ဖွင့်လှစ်သင်ကြားနေမှုကို တွေ့ရစဉ်။**

စာရင်းအမှန် ရရှိရေးအတွက် အိမ်တိုင်ရာရောက် ကောက်ယူရာတွင် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ စာရင်းအမှန်ရရှိမည်ဖြစ်၍ ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများတွင် ဖေဖော်ဝါရီလအထိ လည်းကောင်း ကောက်ယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကလေးတိုင်းကို မိခင်ရင်ခွင်၌သာကြီးပြင်းစေချင်၊ မလိုလားအပ်သည့် ကိုယ်ဝန်ရပြီး မွေးဖွားပြီးနောက် ကလေးတွေကိုစွန့်ပစ်နေ

ရန်ကုန် ဒီဇင်ဘာ ၄

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာကော်မတီ၊ မွေးကင်းစကလေးငယ်များ စွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးအဖွဲ့က ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျင်းပခဲ့သည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပြခန်းဖွင့်လှစ်ပြီး ဉာဏ်စမ်းပဟေဠိ အစီအစဉ်များနှင့် လူငယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်များကို ကျင်းပခဲ့သည်။**



မွေးကင်းစကလေးငယ်များ စွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးအဖွဲ့ဝင် ဒေါက်တာ ပြုံးမိုအိက မလိုလားအပ်သည့် ကိုယ်ဝန်ရပြီး မွေးဖွားပြီးနောက် ကလေးတွေကို စွန့်ပစ်ကြကြောင်း၊ ကလေးတိုင်းကို မိခင်ရင်ခွင်မှာသာ ကြီးပြင်းစေချင်ကြောင်း ပြောကြားခဲ့သည်။

"ကျွန်မတို့အနေနဲ့ ကလေးတိုင်း ကလေးတိုင်းကို မိဘရင်ခွင်မှာပဲ ကြီးပြင်းစေချင်ပါတယ်၊ ကလေးတွေဆိုတာ တစ်ချိန်မှာ အနာဂတ်နိုင်ငံကို ခေါင်းဆောင်မယ့်သူတွေဆိုတော့ သူတို့ကို စိတ်ဒဏ်ရာနဲ့ ဘဝကို မစစေချင်ဘူး၊ ဒီလိုမလိုလားအပ်တဲ့ ကိုယ်ဝန်ဆောင်မှုဖြစ်တာတွေကို ကာကွယ်တားဆီးနိုင်ရင် ကလေးတွေ စွန့်ပစ်တာတွေကို ကာကွယ်တားဆီးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ဒီလိုဖြစ်စဉ်တွေ လူငယ်တွေ ပတ်ဝန်းကျင်မှာ အဖြစ်များတာကြောင့် ဆင်ခြင်သတိရှိသွားတဲ့အခါ မလိုလားအပ်တဲ့ ကိုယ်ဝန်ဆောင်မှုတွေ မရှိတော့ဘဲ ကလေးစွန့်ပစ်ရတဲ့အဖြစ်ကို မရောက်တော့ဘူးလို့ ယူဆပါတယ်"ဟု ပြောပြသည်။

ထို့ပြင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် အသိပညာပေးအစီအစဉ်များ ပြုလုပ်ပြီး လက်ကမ်းစာစောင်များ မျှဝေပေးခြင်း၊ ပညာရေးအစီအစဉ် ဉာဏ်စမ်းပဟေဠိများကို ဖတ်၍ ဖြေဆိုစေခြင်းနှင့် မှန်လျှင် လက်ဆောင်ပစ္စည်းများ ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဤသို့ဖြင့် အသိပညာတစ်ခုခု ရရှိသွားပြီး သားဆက်ခြားသည့် နည်းလမ်းများကို သိရှိသွားမည်ဖြစ်ကြောင်း ဒေါက်တာ ပြုံးမိုအိက ပြောကြားခဲ့သည်။




အဆိုပါ အဖွဲ့နှင့်အတူ ရုပ်ရှင်သရုပ်ဆောင် ခိုင်နှင်းဝေ ပရဟိတအဖွဲ့ကလည်း သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေးနှင့် ပတ်သက်ပြီး ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရုပ်ရှင်သရုပ်ဆောင် ခိုင်နှင်းဝေက " သက်ငယ်မုဒိမ်းမှုတွေ ပပျောက်ဖို့၊ စွန့်ပစ်ခံကလေးတွေ လျော့ကျဖို့နဲ့ ပတ်သက်ပြီး ကူညီပေးတာပါ၊ ပြဇာတ်တိုလေးတွေ၊ တေးသရုပ်ဖော်တွေကို စီစဉ်ခဲ့ပါတယ်၊ သက်ငယ်မုဒိမ်းဘာကြောင့်ဖြစ်သလဲဆိုတာ အသိပညာပေးချင်တာပါ" ဟု ပြောသည်။

နယ်ရော မြို့ပါမကျန် အသုံးပြုမှုတွင်ကျယ်လျက်ရှိသည့် လူမှုကွန်ရက်စာမျက်နှာထက်တွင် မကြာခဏဆိုသလို တွေ့မြင်နေရသည့် မွေးကင်းစမှာပင် စွန့်ပစ်ခြင်းခံနေရသည့် ကလေးများ၏ သတင်းဓာတ်ပုံများ ဖော်ပြနေမှုများ၊ သက်ငယ်မုဒိမ်းမှုများအကြောင်းကို စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်နေရသည်။

မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံများတွင် မိန်းကလေးငယ်များအနေဖြင့် မိမိ၏ အပျိုစင်ဘဝကို တန်ဖိုးထားမှု လျော့ရဲလာခြင်း၊ လက်မထပ်ဘဲ အတူနေသည့် ယဉ်ကျေးမှုကူးစက်လာခြင်း၊ လိင်မှုကိစ္စဆိုင်ရာ ဝက်ဘ်ဆိုက်များ၊ စာအုပ်စာစောင်များ လူငယ်လူရွယ်များနှင့် လက်လှမ်းတမီနေရာတွင် အလွယ်တကူ ရရှိနေခြင်း၊ လူမှုကွန်ရက်များကို တွင်တွင်ကျယ်ကျယ် အသုံးပြုရာမှ လူတန်းစားမျိုးစုံနှင့် ကျယ်ပြန့်စွာ နီးစပ်ပတ်သက်လာသည်နှင့်အမျှ ယုံကြည်မှု အလွဲသုံးမှုများ ရှိလာခြင်း စသည်တို့ အပါအဝင် အကြောင်းအရာ မျိုးစုံဖြင့် အတူနေမှုများ ဖြစ်လာရာမှ မလိုလားအပ်သည့် ကိုယ်ဝန်ဆောင်မှုများမှတစ်ဆင့် ကလေးများကို အလွယ်တကူ စွန့်ပစ်ခြင်း၊ သက်ငယ်မုဒိမ်းမှုများ ကျူးလွန်ခြင်း စသည်တို့ကို ယခုကဲ့သို့ အသိပညာပေးမှုများဖြင့် လူငယ်ထု၏ လိင်မှုဆိုင်ရာအမြင်များကို မှန်ကန်အောင် ပြောင်းလဲလျှော့ချနိုင်မည်ဖြစ်သည်။

**ဝင်းစန္ဒီမော်**

# ကိုယ့်မှာတကယ်ပြင်းပြတဲ့ဆန္ဒရှိတယ်၊ တကယ်လည်းဖြစ်ချင်တယ်ဆိုရင် ဖြစ်အောင်တကယ်ကြိုးစားပါ အရာအားလုံးဖြစ်နိုင်ပါတယ်

**လူငယ်အဆိုတော် မိစန္ဒီ**

**တွေ့ဆုံမေးမြန်း - ဥမ္မာသန့်၊ မြတ်စန္ဒီ၊ ဓာတ်ပုံ- ရဲထွဋ်**

**ရန်ကုန်တက္ကသိုလ်တွင် သုံးရက်တာကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၏ ယနေ့နောက်ဆုံးရက်တွင် RC ခန်းမ၌ အနုပညာလိုက်စားလူငယ်များ ခေါင်းစဉ်ဖြင့် လူငယ်အဆိုတော် မိစန္ဒီနှင့် စာရေးဆရာမ ပုညခင်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ လူငယ်တို့၏ အနာဂတ်ရည်မှန်းချက်နှင့် ပတ်သက်၍ ပါဝင်ဆွေးနွေးမှုများကလည်း လူငယ်ထုအတွက် အတွေးအမြင် အသိပညာများ ရရှိမည်ဖြစ်သည်။**



လူငယ်အဆိုတော် မိစန္ဒီ



စာရေးဆရာမ ပုညခင်

ဆွေးနွေးပွဲအပြီး မြန်မာ့သတင်းစဉ်က ဦးဆောင်ဆွေးနွေးခဲ့သူတို့ကို ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။

**လူငယ်အဆိုတော် မိစန္ဒီ**

ဒီအစီအစဉ်ကို လာရောက်ဖြစ်တာကတော့ မိစန္ဒီကို ဆရာမပုညခင်က လူငယ်တွေနဲ့ ဆွေးနွေးဖို့ ဖိတ်ခေါ်တဲ့အတွက် ဝမ်းပန်းတသာနဲ့ လက်ခံဖြစ်ခဲ့တာပါ၊ အခြားအလုပ်တွေရှိနေပေမယ့် ဒီပွဲအတွက် အချိန်ပေးဖြစ်ခဲ့ပါတယ်၊ မိစန္ဒီကိုယ်တိုင်လည်း လူငယ်တစ်ဦးဖြစ်တာကြောင့် ကျောင်းပေါင်းစုံက လာတဲ့ ကျောင်းသား ကျောင်းသူတွေအပေါ် တစ်တပ်တစ်အားလည်း ပါဝင်ချင်တာကြောင့် ဖြစ်ပါတယ်။

လူငယ်တွေက ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒနဲ့ မိဘဖြစ်စေချင်တဲ့ ဆန္ဒကြားမှာ ဗျာများတတ်ကြတယ်၊ သူတို့ ဘာတွေ လုပ်သင့်သလဲဆိုတဲ့ သူတို့ဝါသနာလေးတွေကို ဘယ်လိုရှာဖွေရမလဲဆိုတာကို မိစန္ဒီရဲ့အမြင်အရ သိသလောက် တတ်သလောက် ဆွေးနွေးပေးခဲ့တယ်။

သူတို့အနေနဲ့ နက်နက်ရှိုင်းရှိုင်း ဘာကို စိတ်ဝင်စားလဲဆိုရင် မိစန္ဒီရဲ့ ပညာရေးနဲ့ အဆိုတော်ဘဝ ဘယ်လိုကြုံတွေ့ အားပြိုင်ခဲ့ရသလဲဆိုတာမျိုးတွေ သူတို့စိတ်ဝင်စားကြတယ်၊ နောက် မိစန္ဒီရဲ့ အတွေ့အကြုံကနေ သူတို့ ဘယ်လိုတွေ ဘာရနိုင်မလဲဆိုတာကိုလည်း သူတို့ စိတ်ဝင်စားတာ တွေ့ရတယ်။

သူတို့မေးတဲ့ မေးခွန်းတွေက တစ်ခါတစ်ခါကျရင် ကိုယ်တောင် မတွေးမိတဲ့ မေးခွန်းတွေ တောင်ရှိတယ်၊ ဒီလိုရှိပါလားဆိုတဲ့ အသိမျိုးဝင်ပြီး အတွေ့အကြုံပြန်ရတယ်၊ လူတစ်ယောက်နဲ့တစ်ယောက် မေးခွန်းတွေက တူနိုင်တာမဟုတ်ဘူး။ သူတို့မေးခွန်းတွေကို မိစန္ဒီရဲ့ အတွေ့အကြုံနဲ့ ပတ်ဝန်းကျင် အကြောင်းအရာတွေပေါ်ယှဉ်ပြီး ဆွေးနွေးခဲ့တယ်၊ မျှဝေခဲ့တယ်၊ လူငယ်တွေရဲ့ ဝေဝါးနေတဲ့လမ်းတွေမှာ အလင်းရောင်တစ်စက်ဖြစ်စေ၊ နှစ်စက်ဖြစ်စေ ပေးလိုက်နိုင်တယ်လို့ သုံးသပ်မိပါတယ်။

မိစန္ဒီအနေနဲ့က လူငယ်တိုင်းပညာရေးကို ဦးစားပေးစေချင်တယ်၊ မိစန္ဒီဆိုရင်လည်း ကိုယ့်ဝါသနာနဲ့ မိဘဖြစ်စေချင်တာကြားမှာ ဗျာများခဲ့သူဖြစ်ခဲ့တယ်၊ ဒါကြောင့် ကိုယ်ဝါသနာပါတာက အခြားအရာဖြစ်နေပေမယ့် ပညာရေးကိုလည်း ဘက်မျှပြီး အာရုံစိုက်စေချင်တယ်လို့ ပြောချင်ပါတယ်။

**စာရေးဆရာမ ပုညခင်**

သုံးရက်စလုံး ဆွေးနွေးတဲ့ အကြောင်းအရာတွေက ကွဲပါတယ်။ ပထမနေ့မှာဆိုရင် လူငယ်တွေနဲ့ ကျောင်းသား လူငယ်တွေရဲ့ ဘဝမှာ သူတို့ရဲ့ အနုပညာစိတ်ကို လှုံ့ဆော်မှု ရှိ၊ မရှိ။ အနုပညာစိတ်ဖြစ်ပေါ်လာအောင် ကျောင်းပတ်ဝန်းကျင်မှာ ဒါမျိုးတွေ လိုအပ်ကြောင်းကို ဆွေးနွေးခဲ့တယ်။

ဒုတိယနေ့ဆိုရင် လူငယ်တွေက သူတို့ ဝါသနာပါရာကို ရှာဖွေဖို့လုပ်တဲ့အခါ ဘယ်လိုရှာဖွေရမှန်းမသိတဲ့ မေးခွန်းတွေ မေးတဲ့အပေါ် အဓိကထားပြီး ဆွေးနွေးခဲ့တယ်။

ဒီနေ့ဆိုရင် တက်ရောက်လာတဲ့ လူငယ်တွေက အနုပညာကို လုပ်တဲ့အခါ အခက်အခဲတွေရှိတယ်။ ဒီအခက်အခဲတွေ တွေ့ကြုံလာရင် ဘယ်လိုဆက်လျှောက်လှမ်းရမလဲဆိုတဲ့ မေးခွန်းတွေပေါ် မူတည်ပြီး ဆွေးနွေးပေးခဲ့တယ်။

ဒီပွဲမှာ ကိုယ်ရဲ့အတွေ့အကြုံတွေကို မျှဝေပြီး အကြံဉာဏ်မျှဝေ ဖြေကြားပေးတဲ့သဘောပါ။

ရန်ကုန်တက္ကသိုလ်က အရင်က အိုဟောင်းဆိတ်ငြိမ်ပြီး ရှိခဲ့တဲ့အခြေအနေကနေ ခုနောက်ပိုင်း တစ်စတစ်စ ပြန်လည် အသက်ဝင်လာခဲ့တယ်။ တက္ကသိုလ်ကြီးက စည်ကားသိုက်မြိုက်နေတာတွေ့ရတဲ့အတွက် ဝမ်းသာတယ်။ အခုလို ပွဲလေးတွေ လုပ်လိုက်တဲ့အတွက်ကြောင့် ကျောင်းသားဟောင်းတွေကလည်း အတိတ်ကို လွမ်းဆွတ်ပြီး ရောက်လာကြတယ်။ ပစ္စုပ္ပန်မှာကျောင်းတက်နေတဲ့ သူတွေကလည်း လာရောက်ဆင်နွှဲကြတယ်။ နောက်တစ်ခုက တက္ကသိုလ်ပညာရပ် သင်ယူမယ့်သူတွေအနေနဲ့ ဘယ်ဘာသာရပ်ကို သင်ကြားရမယ်ဆိုတဲ့ ပြခန်းတွေကို လိုက်ကြည့်လေ့လာနေတာ မြင်ရတဲ့အတွက် ဝမ်းသာစရာကောင်းတယ်။ လူငယ်တွေအတွက် ပျော်ရွှင်ဖွယ်ကောင်းသလို လူကြီးတွေအတွက် လွမ်းဆွတ်ဖွယ် အမှတ်တရတွေ ဖြစ်စေတယ်။

# မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဒီဇင်ဘာ ၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ထိ ရှိနိုင်သည်။

**မိုး/ဇလ**

# ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာလ ၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၀ ပါ လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ဟောပြောဆွေးနွေးသွားမည့် ရန်ကုန်တက္ကသိုလ် ပါမောက္ခများ၏ စကားသံများ တွေ့ဆုံမေးမြန်းခန်းပါ ဒေါက်တာ နီဝင်းဇော်**အစား** ဒေါက်တာ ဏီဝင်းဇော် ဟုလည်းကောင်း၊ ပုံစာတွင် ဒေါက်တာ နီလာကြူ၏ ပုံအား ဒေါက်တာ ပိုးပိုး ဟုလည်းကောင်း၊ ဒေါက်တာ ပိုးပိုး ၏ပုံအား ဒေါက်တာ နီလာကြူ ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**သတင်းစဉ်**

# မောင်တောဒေသ တရားဥပဒေစိုးမိုးမှုအပိုင်း ပြန်လည်ရရှိဖို့ဆိုရင် အုပ်ချုပ်ရေးယန္တရားကို ခိုင်မာအောင် လုပ်ရမယ်

**ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်မှာ ယခုအခါ သုံးလကျော်ရှိပြီဖြစ်သည်။**

ဖြစ်စဉ်ဖြစ်ပွားမှုကြောင့် ဒေသအုပ်ချုပ်မှုပိုင်းဆိုင်ရာ၊ စီးပွားရေးပိုင်းဆိုင်ရာ၊ ပညာရေးပိုင်းဆိုင်ရာ၊ လမ်းပန်းဆက်သွယ်မှုပိုင်းဆိုင်ရာ၊ ဒေသဖွံ့ဖြိုးမှုပိုင်းဆိုင်ရာမှအစ ပြည်သူများ နေရပ်စွန့်ခွာသည်အထိ ပုံမှန်အခြေအနေများမှ သွေဖည်မှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းပြောင်းလဲသွေဖည်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေး နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရ၏ လမ်းညွှန်မှုများနှင့်အတူ ဒေသဆိုင်ရာ တာဝန်ရှိသူများ မြေပြင်ကွင်းဆင်းအရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်မှာ လတ်တလော အခြေအနေတစ်ရပ်အထိ အကောင်အထည်ပေါ်နေပြီ ဖြစ်သည်။



မောင်တောခရိုင် အုပ်ချုပ်ရေးမှူး
ဦးရဲထွဋ်(ညွှန်ကြားရေးမှူး)

မောင်တောဒေသ ဖွံ့ဖြိုးမှုကဏ္ဍများနှင့် ပတ်သက်၍ ကိုင်တွယ် ဆောင်ရွက်နေသော မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်အား သတင်းအဖွဲ့အနေဖြင့် တွေ့ဆုံမေးမြန်းထားပါသည်။

**မေး။ ။မောင်တောဒေသမှာ ဩဂုတ် ၂၅ ရက် ဖြစ်စဉ် ဖြစ်ပွားခဲ့တာ သုံးလကျော်ခဲ့ပါပြီ။ ဖြစ်စဉ်ဖြစ်ပွားပြီး အုပ်ချုပ်မှုပိုင်းဆိုင်ရာကအစ ဆောင်ရွက်ပေးနိုင်ခဲ့တဲ့ လုပ်ငန်းစဉ်တွေကို သိပါရစေ။**

ဖြေ။ ။ဩဂုတ်လ ၂၅ ရက်နေ့ ဖြစ်စဉ်ဖြစ်ပွားပြီး လုံခြုံရေးကဏ္ဍကို တာဝန်ယူဆောင်ရွက်နေတဲ့ အဖွဲ့အစည်းအသီးသီးတွေနဲ့ ဟန်ချက်ညီညီပူးပေါင်းပြီး ဒေသတွင်း လုံခြုံမှုရှိအောင် ထိန်းချုပ်နိုင်ခဲ့ပါတယ်။ တရားဥပဒေ စိုးမိုးမှုအပိုင်းကို ဆက်လက်အကောင်အထည်ဖော်တယ်။ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေး ရရှိလာတဲ့အချိန်မှာ ဖြစ်စဉ်ကြောင့် ထိခိုက်မှုရှိခဲ့တဲ့ ဒေသတွင်းနေ ပြည်သူများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူညီတွေကို ခွဲခြားမှုမရှိဘဲ ထောက်ပံ့မှုတွေ ဆက်လက်ဆောင်ရွက်ပေးနေသလို ပြန်လည်ထူထောင်ရေး ကိစ္စကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဖြစ်စဉ်ကြောင့် ထိခိုက်တဲ့ ဧရိယာတွေမှာ လိုအပ်တဲ့ စာရင်းဇယား အချက်အလက်တွေကို ဌာနဆိုင်ရာနဲ့ လုံခြုံရေးအဖွဲ့အစည်းတွေ အကူအညီရယူပြီး အဖွဲ့စနစ်နဲ့ စနစ်တကျကောက်ယူပြီး ပြည်နယ်အစိုးရကို တင်ပြခဲ့တယ်။ ရရှိလာတဲ့အချက်အလက်တွေအပေါ် မူတည်ပြီး လတ်တလောလိုအပ်တဲ့ စားနပ်ရိက္ခာထောက်ပံ့မှုအပိုင်း ဆက်လက်လုပ်ဆောင်ပေးနိုင်ခဲ့တယ်။

ဖြစ်စဉ်ဖြစ်နေတဲ့ ကာလအတွင်းမှာ ကျေးရွာတွေက နေရပ်စွန့်ခွာတဲ့ ပြည်သူတွေကို စုရပ်အသီးသီး သတ်မှတ်ပြီး တစ်နေရာတည်း စုပေါင်းထောက်ပံ့နိုင်ခဲ့တယ်။ အခုချိန်မှာ ဒေသပြန်လည်တည်ငြိမ်လာပြီဖြစ်လို့ မိမိတို့ရဲ့ မူလကျေးရွာတွေကို ပြန်လည်ရောက်ရှိလာပြီမို့ ကျေးရွာအရောက် ရိက္ခာထောက်ပံ့ပေးမှုတွေ ဆောင်ရွက်ခဲ့တယ်။ ဆောင်ရွက်တဲ့အခါမှာလည်း တိုင်းရင်းသားတွေရော၊ ဟိန္ဒူဘာသာဝင်နဲ့ အစ္စလာမ်ဘာသာဝင်တွေ အားလုံးကို လူဦးရေအပေါ်မှာ မူတည်ပြီး သတ်မှတ်ထားတဲ့ စံနှုန်းအတိုင်း မျှတစွာ ထောက်ပံ့ပေးခဲ့ပါတယ်။

ဒီလိုလူသားချင်းစာနာမှုဆိုင်ရာ ကူညီပြီးနောက် ပြန်လည်ထူထောင်ရေးအပိုင်း၊ ပြန်လည်နေရာ ချထားရေးအပိုင်းတွေကို ဆောင်ရွက်နေတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ တချို့မူလကျေးရွာတွေမှာ ပြန်လည်နေထိုင်နိုင်ဖို့ လုံခြုံမှု၊ ရေရှည်ဘဝရပ်တည်မှု အပါအဝင် ဒေသတစ်ခုလုံးအတွက် အကျိုးရှိမယ့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်တွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါတယ်။ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး ကအစ အင်မတန်မှ ဝေးလံခေါင်ဖျားတဲ့ နေရာတွေ၊ လုံခြုံမှုအရ ခက်ခဲတဲ့ ကျေးရွာတွေကို သင့်လျော်သလို ရွှေ့ပြောင်းပေးခြင်း၊ စုစည်းပေးခြင်းအပြင် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ ဆောက်လုပ်ပေးနေတယ်။ လောလောဆယ်မှာတော့ ကျေးရွာသစ် ၁၂ ရွာ လျာထားတယ်။ လတ်တလော အိမ်ခြေနည်းပြီး လုံခြုံမှုပိုင်းဆိုင်ရာ အထောက်အကူမပြုနိုင်တဲ့ ကျေးရွာတွေကို ရှိပြီးသား ကျေးရွာတွေနဲ့ ပေါင်းစပ်ပေးတယ်။ မြို၊ ခမီ၊ ရခိုင် သူ့ကျေးရွာအလိုက် လမ်းပန်းဆက်သွယ်ရေးအပေါ် မူတည်ပြီး ရွှေ့ပြောင်းရေး ကိစ္စအတွက် တည်ဆောက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။

**မေး။ ။တစ်ဖက်နိုင်ငံ ထွက်ပြေးသွားတဲ့သူတွေကို ပြန်လက်ခံဖို့ ပြင်ဆင်နေပြီလို့ သိရပါတယ်။ ပြန်လက်ခံပေးမှုအပိုင်းနဲ့ စတင်အကောင်အထည်ဖော်မယ့် အချိန်ပြောပြပေးပါဦး။**

ဖြေ။ ။ပြန်လည်လက်ခံရေးအပိုင်းအနေနဲ့ နိုင်ငံတော်အဆင့်မှာ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ သဘောတူစာချုပ် ချုပ်ဆိုထားပြီးသားလည်း ဖြစ်ပါတယ်။ အဲဒီအပေါ်မှာ ချမှတ်ပေးထားတဲ့ နိုင်ငံတော်ပေါ်လစီအရ ပြည်နယ်အစိုးရအဖွဲ့ကတစ်ဆင့် ပေးအပ်တဲ့တာဝန်ကို အထက်လမ်းညွှန်မှုနဲ့အတူ လုပ်ဆောင်သွားမှာပါ။ ပြန်လည်လက်ခံရေးနဲ့ ပတ်သက်ပြီး တစ်ဖက်နိုင်ငံ ကုန်းလမ်းကြောင်းက လာမယ့်သူတွေကို တောင်ပြို လက်ဝဲမြို့လက်ခံစိစစ်ရေးစခန်း၊ ရေလမ်းကြောင်းက လာမယ့် အဖွဲ့တွေကို ငါးခူရစိစစ်ရေးစခန်းမှာ စိစစ်လက်ခံဖို့ ဆောင်ရွက်နေပါတယ်။ စိစစ်လက်ခံပြီးတော့မှ ရက်အတိုင်းအတာတစ်ခုအထိ ထားပြီး နေရာချထားရေးလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စတင်လက်ခံမှုအပိုင်းအနေနဲ့ကတော့ နိုင်ငံတော်အဆင့်မှာ သဘောတူထားတဲ့အတိုင်း အမြန်ဆုံးအကောင်အထည်ဖော်နိုင်အောင် လုပ်ငန်းတွေ စတင်နေပါပြီ။ တောင်ပြိုလက်ဝဲမှာ အဆောက်အအုံပြုပြင်တာတွေ၊ အသစ်ဆောက်လုပ်တာတွေ၊ မြေပြင်ရှင်းလင်းတာတွေ ဆောင်ရွက်နေတာ အတိုင်းတာတစ်ခုထိ ပြီးစီးနေပါပြီ။ လက်ခံမယ့်အပိုင်းက နှစ်နိုင်ငံသဘော တူညီထားတဲ့ သဘောတူစာချုပ်အတိုင်း လက်ခံပြီးတော့မှ နိုင်ငံတော်က ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

**မေး။ ။မောင်တောခရိုင်အတွင်းမှာ ကျေးရွာသစ်တွေ ပြန်လည်တည်ဆောက်ပေးနေတယ်လို့ သိရပါတယ်။ ဘယ်လိုပုံစံမျိုး တည်ဆောက်ပေးနေပါသလဲ။**

ဖြေ။ ။ဒီမောင်တောခရိုင်အတွင်း ကျေးရွာသစ် တည်ဆောက်ပေးတဲ့အခါ စုစည်းကျေးရွာ ၁၂ ရွာ မြေနေရာ သတ်မှတ်လျာထားပြီး ဖြစ်ပါတယ်။ အဲဒီထဲက ကျေးရွာခြောက်ရွာကို ပန္နက်လည်းရိုက်ပြီးပြီ။ အဆောက်အအုံတွေ စတင်တည်ဆောက်ဖို့ မြေပြင်မှာ ပြုပြင်တာ၊ ဖောင်ဒေးရှင်းလုပ်တာ ဒါတွေကို စတင်ဆောင်ရွက်နေပါပြီ။ စတင်အကောင်အထည်ဖော်တဲ့အပေါ်မှာ အစောဆုံးဆောင်ရွက်တဲ့ ကုမ္ပဏီတွေဆို မတ်လ ၃၁ ရက်နေ့မှာ အပြီးဆောင်ရွက်ဖို့ တွန်းအားပေးထားသလို ဒေသအခြေအနေအရ ကုမ္ပဏီတွေအတွက် လုပ်သာကိုင်သာရှိအောင် လိုအပ်တဲ့ လုံခြုံရေးအပိုင်း၊ သယ်ယူပို့ဆောင်ရေးအပိုင်း၊ လုပ်သားလိုအပ်ချက်ကအစ အုပ်ချုပ်ရေးအဖွဲ့က တတ်နိုင်သလောက် ပူးပေါင်းဆောင်ရွက် ဖြည့်ဆည်းပေးနေပါတယ်။ အများစုကတော့ နတလ က တည်ဆောက်ပေးနေတဲ့ တစ်ထပ်တိုက် အိမ်ပုံစံအများစု ပါဝင်ပါတယ်။ အဲဒီလို ကျေးရွာသစ် တည်တဲ့အခါမှာ တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ ရိုးရာလည်း မပျောက်ပျက်အောင် သူတို့ရဲ့ ရိုးရာအိမ်ပုံစံကိုလည်း ပြတိုက်သဖွယ် ထည့်သွင်းတည်ဆောက်မှုတွေ လုပ်ဆောင်သွားမှာပါ။

**မေး။ ။မောင်တောဒေသ မီးလောင်ပြင် ကျေးရွာတွေနဲ့ ပတ်သက်လို့ ဘယ်လိုအကောင်အထည်ဖော်သွားဖို့ စီမံထားပါသလဲ။**

ဖြေ။ ။အကြမ်းဖက်အဖွဲ့တွေ မီးရှို့ခဲ့တဲ့ မီးလောင်ပြင်ကျေးရွာတွေနဲ့ပတ်သက်လို့ စနစ်တကျ ပြန်လည်ထူထောင်ရေး ကိစ္စတွေ ဆောင်ရွက်တဲ့အခါမှာ မူလအခြေအနေအတိုင်း ဆောင်ရွက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ မီးလောင်ပြင်တွေမှာ ပစ္စည်းတွေနဲ့ လူမရှိသော်လည်း သတင်းအရ လုံခြုံရေးအဖွဲ့အစည်းတွေနဲ့ ဝင်ရောက်ရှင်းလင်းတဲ့အခါ လက်လုပ်သေနတ်တွေ၊ လက်လုပ်မိုင်းတွေ မြှုပ်နှံထားတာကို ထပ်မံတွေ့ရတယ်။ ဒါကြောင့် ပုံမှန်အခြေအနေအတိုင်း ဆက်သွားလို့ မရတဲ့အတွက် လုံခြုံရေးအရ အထောက်အကူပြုတဲ့ ကျေးရွာတွေ စနစ်တကျဖွဲ့စည်း တည်ရှိမှုဟာ ဒေသဖွံ့ဖြိုးရေးနဲ့ လုံခြုံရေးကို တိုက်ရိုက်ပတ်သက်နေတာဖြစ်လို့ မီးလောင်ပြင်တွေနဲ့ ပတ်သက်ပြီး နေရာစနစ်တကျ ရှင်းလင်းမယ်၊ ပြန်ပြီးနေရာချထားမယ်ဆိုရင်လည်း ကျေးရွာပုံစံအတိုင်း စနစ်တကျချပြီး ဆောင်ရွက်ပေးဖို့ စီစဉ်သွားမှာ ဖြစ်ပါတယ်။ အခုချိန်မှာမီးလောင်ပြင်ကို ပြည်နယ် အစိုးရကနေ ထောက်ပံ့ပေးတဲ့ စက်ယန္တရားတွေနဲ့ တတ်နိုင်သလောက် ရှင်းလင်း ဆောင်ရွက်နေပါတယ်။

**မေး။ ။လတ်တလော မောင်တောခရိုင်အတွင်းမှာ မိုးစပါး ရိတ်သိမ်းခြွေလှေ့မှု လုပ်ငန်းစဉ်တွေ ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ပြီးစီးမှုအပိုင်း ဘယ်လောက်ရှိနေပါပြီလဲ။**

ဖြေ။ ။ဒေသတွင်းဖြစ်စဉ်ကြောင့် ရိတ်သိမ်းသူမဲ့ မိုးစပါးကေ ခြောက်သောင်းကျော်လောက် လျာထား တွက်ချက်ထားတာ ရှိပါတယ်။ ရိတ်သိမ်းခြွေလှေ့တာ အခုဆို တစ်လကျော်လောက်ရှိနေပါပြီ။ မောင်တော တောင်ပိုင်းရော၊ မြောက်ပိုင်းရော တင်းပေါင်း တစ်သိန်းလေးသောင်းလောက် ရိတ်သိမ်းပြီး ဖြစ်ပါတယ်။ အခြောက်ခံ နေလှန်းတာ၊ ပြန်ခြင်တွယ်တာကအစ ပြည်နယ်အစိုးရကြီးကြပ်မှုနဲ့ ရောင်းချမှု လုပ်ငန်းတွေကို လုပ်ဆောင်နေပါတယ်။ လတ်တလောမှာ မောင်တော မြောက်ပိုင်းနဲ့ တောင်ပိုင်းမှာ ရိတ်သိမ်းခြွေလှေ့စက်အကြီး ၄၈ စီး၊ အုပ်ချုပ်မှုယာဉ်အစီး ၂၀ နဲ့ ဆောင်ရွက်ပေးနေပါတယ်။ ရိတ်သိမ်းခြွေလှေ့မှု လုပ်ငန်းတွေကို လုံခြုံရေးအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းပြီး အတတ်နိုင်ဆုံး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



မောင်တောဒေသ ရိတ်သိမ်းခြွေလှေ့ပြီး မိုးစပါးများ အခြောက်ခံသိမ်းဆည်းနေမှုကို တွေ့ရစဉ်။

**မေး။ ။မောင်တောဒေသ လမ်းပန်းဆက်သွယ်ရေး တိုးတက်နေးကွေးမှုအပေါ် ပြည်သူတချို့က ဝေဖန်တာတွေ ကြားသိနေရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး စီမံဆောင်ရွက်ထားမှု အပိုင်းတွေ ရှိရင်လည်း သိပါရစေ။**

ဖြေ။ ။မောင်တောဒေသလမ်းပိုင်းနဲ့ ပတ်သက်လို့ မိုးတွင်းကာလမှာ ပျက်စီးခဲ့တဲ့လမ်းတွေကို သက်ဆိုင်ရာ လမ်းဦးစီးဌာနက ပြည်ထောင်စုအဆင့်၊ ပြည်နယ်အစိုးရအဖွဲ့ သီးခြားဘတ်ဂျက်နဲ့ လမ်းပြုပြင်မှုအပိုင်းကို လတ်တလော အသုံးပြုလို့ရအောင် ပြုပြင်မှုအပိုင်းတွေ ဆောင်ရွက်နေသလို နိုင်ငံတော်အဆင့် တာဝန်ပေးထားတဲ့ ကုမ္ပဏီတွေကလည်း မြေပြင်မှာ ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းတွေ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ တခြားလမ်းပိုင်းအနေနဲ့ လမ်းအထူးအဖွဲ့ ၁၇ က တာဝန်ယူပြီး အင်းဒင်-ကျောက်ပန္နူ-စေတီပြင် တောင်ကျော်လမ်း ဖောက်လုပ်နေတာ အခုဆိုရင် လမ်းအူကြောင်းပေါက်သွားတဲ့ အနေအထားရှိပါပြီ။ အလားတူ မောင်တောမြောက်ခြမ်းမှာ ကြိမ်ချောင်း- ဂုပ္ပိ လမ်းဖောက်လုပ်နေမှုကလည်း ခရီးပေါက်နေပါပြီ။ အဲဒီလို တောင်ကျော်လမ်းနှစ်လမ်း စတင်အကောင်အထည်ဖော်နေသလို အဓိကမဟာဗျူဟာလမ်းဖြစ်တဲ့ အင္ဂူမော်-မောင်တောလမ်းပိုင်းကိုတော့ Survey လုပ်နေပါပြီ။ ဒါ့အပြင် မောင်တောနဲ့ ကြိမ်ချောင်း၊ ကြိမ်ချောင်း-ဗန္ဒုလ၊ ကြိမ်ချောင်း-တောင်ပြို၊ လောင်းတုံ-ငါးခူရ လမ်းပိုင်းတွေကိုလည်း မဟာဗျူဟာလမ်းအဖြစ် သတ်မှတ်ပြီး အဆင့်မြင့်လမ်းလုပ်ငန်းတွေ ဆောင်ရွက်သွားမှာဖြစ်သလို လုံခြုံရေးအဖွဲ့အစည်းတွေနဲ့ ကြိမ်ချောင်း-ကျီးကန်းပြင် အနောက်ခြမ်းမှာရှိတဲ့ လုံခြုံမှုအရ သွားလာမှု အလွန်ခက်ခဲတဲ့ နေရာတွေမှာ သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ဖို့ စီစဉ်နေပါတယ်။ လမ်းကွန်ရက်တွေ အားလုံးပြီးသွားရင်တော့ မောင်တောခရိုင်အတွင်းမှာရှိတဲ့ လမ်းတော်တော်များများဟာ ကောင်းမွန်မယ့် အခြေအနေမျိုး ဖြစ်လာမှာ ဖြစ်တဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုက ဒီထက်ပိုပြီး ကောင်းလာဖို့ အများကြီးမျှော်လင့်ထားပါတယ်။

**မေး။ ။လျှပ်စစ်ကဏ္ဍအနေနဲ့ ရသေ့တောင်-ဘူးသီးတောင်-မောင်တော မဟာဓာတ်အားလိုင်း စတင်အကောင်အထည်ဖော်နေပြီလို့ သိရတယ်။ မောင်တောဒေသမှာ မဟာဓာတ်အားလိုင်း သုံးစွဲခွင့် ဘယ်အချိန်လောက်ရနိုင်မလဲ။**

ဖြေ။ ။လက်ရှိအခြေအနေမှာ ဘူးသီးတောင်နဲ့ မောင်တောကို မီးစက်နဲ့ပေးနေပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် ဖြစ်စဉ်နောက်ပိုင်း ည ၆ နာရီကနေ နံနက် ၆ နာရီထိ တစ်ညလုံး မီးပေးနေတာ အခုချိန်ထိ ဖြစ်ပါတယ်။ နိုင်ငံတော်က စီစဉ်နေတဲ့ မဟာဓာတ်အားလိုင်းကတော့ လာမယ့် ၂၀၁၈ ခုနှစ် မတ်လမှာ ရသေ့တောင်၊ ဇွန်လပိုင်းလောက်မှာ ဘူးသီးတောင်နဲ့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာ မောင်တော ရမယ်လို့ သိရပါတယ်။ လျှပ်စစ်ကဏ္ဍ တိုးတက်လာမှာဖြစ်သလို ဆက်သွယ်ရေးလမ်းပိုင်းအနေနဲ့ မနှစ်က ဖွင့်လှစ်ပေးနိုင်ခဲ့တဲ့ ဘူးသီးတောင် ပန်ဇင်းချောင်းတံတား၊ လတ်တလော အကောင်အထည်ဖော်နေတဲ့ စိုင်းဒင်တံတား၊ ရသေ့တောင်တံတားတွေဟာ ဒီဘတ်ဂျက်မှာ သက်ဆိုင်ရာဌာနတွေက တွန်းအားပေး ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက် လာမယ့် ၂၀၁၈ ခုနှစ်မှာ ရန်ကုန်ကနေ မောင်တောအထိ နေ့ချင်းပေါက်နိုင်တဲ့ လမ်းကြောင်းဖြစ်သွားမှာ ဖြစ်တဲ့အတွက် ဆက်သွယ်ရေးအရသော် လည်းကောင်း၊ လျှပ်စစ်ကဏ္ဍအရသော် လည်းကောင်း အခြေခံလိုအပ်ချက် နှစ်ရပ်လုံး ပြည့်စုံပြီဆိုရင် ဒီမောင်တောနယ်စပ်ဒေသ တစ်ခုလုံးဟာ မျှော်လင့်ထားတာထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

*စာမျက်နှာ ၉ သို့*

> **"အုပ်ချုပ်ရေးယန္တရားမခိုင်မာဘဲ တရားဥပဒေစိုးမိုးနိုင်ဖို့ မလွယ်ကူပါဘူး၊ အုပ်ချုပ်ရေး အဖွဲ့အစည်းတွေက ချမှတ်ထားတဲ့ မူဝါဒတွေ၊ စည်းမျဉ်းစည်းကမ်းတွေ ပြဋ္ဌာန်းထားတဲ့ ဥပဒေကို တိတိကျကျ လိုက်နာဖို့ လိုပါတယ်၊ မလိုက်နာရင်လည်း ပြတ်ပြတ်သားသား အရေးယူရမှာပါ၊ ဒါမှသာ တရားဥပဒေစိုးမိုးရေးမဏ္ဍိုင်ဆိုတာ ခိုင်မာလာမှာ ဖြစ်ပါတယ်၊ တရားဥပဒေစိုးမိုးရေးမဏ္ဍိုင် ခိုင်မာလာပြီဆိုရင် လုံခြုံမှု မရှိဘူးဆိုတဲ့ အယူအဆဟာလည်း ထည့်တွက်စရာ မလိုတော့တဲ့ အခြေအနေဖြစ်သွားပါတယ်"**

# ရခိုင်ပြည်နယ်သတင်းများ



*စာမျက်နှာ ၈ မှ*

**မေး။ ။ဖြစ်စဉ်ကြောင့် အခြေခံပညာကျောင်း အားလုံးနီးပါး သင်ကြားမှု ရပ်ဆိုင်းခဲ့တယ်လို့ သိရပါတယ်။ လတ်တလော ကျောင်းတွေ ပြန်လည်ဖွင့်လှစ်ပေးနေမှု အပိုင်းကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။မောင်တောဒေသမှာ အခြေခံပညာ အထက်တန်းကျောင်းအနေနဲ့ ကျောင်းပေါင်း ၄၀၀ ကျော်ရှိပါတယ်။ လောလောဆယ် အခြေအနေ ပေးရင်ပေးသလို ဒေသလိုက် လိုက်လံဖွင့်လှစ်ပေးနေတာဖြစ်လို့ လတ်တလောမှာတော့ ကျောင်းထက်ဝက်ကျော် ပြန်လည်ဖွင့်လှစ်ပေးထားပြီး ဖြစ်ပါတယ်။ အဆောက်အအုံပိုင်းအနေနဲ့လည်း ပျက်စီးသွားတာရှိသလို၊ မပျက်စီးဘူးဆိုရင်လည်း ကျောင်းနေမယ့် မိသားစုရဲ့ ကျောင်းသားတွေ ရှိ၊ မရှိ ကြည့်ရပ့်မယ်။ ကျောင်းသားတွေလည်း မရှိဘူး၊ အဆောက်အအုံပိုင်းဆိုင်ရာလည်း ပျက်စီးနေတယ်ဆိုရင်တော့ လောလောဆယ် ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးပါဘူး။ ကျောင်းရှိတယ်၊ ကျောင်းတက်မယ့်သူမရှိဘူးဆိုရင်လည်း ဆိုင်းငံ့အနေနဲ့ ထားရမယ့်သဘောပါ။ ကျောင်းသားလည်းရှိ၊ ကျောင်းတွေလည်း ပျက်စီးမှုမရှိဘူးဆိုရင်တော့ လုံခြုံရေးအခြေအနေပေါ်မူတည်ပြီး ကျောင်းတွေ အမြန်ဆုံး ဖွင့်လှစ်ပေးနိုင်အောင် စီစဉ်နေပါတယ်။

**မေး။ ။မောင်တောဒေသ ကုန်သွယ်ရောင်းဝယ်မှုဆိုင်ရာ ဈေးတွေ ပြန်လည်ဖွင့်လှစ်ပေးနေမှု အခြေအနေနဲ့ ပတ်သက်လို့ ရှင်းပြပေးပါဦး။**

ဖြေ။ ။မောင်တောခရိုင်အတွင်း ရပ်ရွာပုံကျဈေးဆိုပြီး အရင်က ကျေးရွာတိုင်းရှိပါတယ်။ လက်ရှိအခြေအနေမှာ ဒီဈေးတွေက စနစ်တကျ စည်ပင်ဥပဒေနဲ့အညီ ညီညွတ်ခြင်းလည်း မရှိဘူး။ ဒါကြောင့် နိုင်ငံတော်က စီစဉ်ပေးတဲ့ ဈေးတွေမှာ စနစ်တကျ ရောင်းဝယ်ဖောက်ကားလို့ရအောင် ဆက်ပြီး စီစဉ်နေပါတယ်။ တချို့ကျေးရွာတွေနဲ့ မြို့အုပ်ချုပ်ရေးမှူးရုံးစိုက်တဲ့ မြို့တွေဆီ စည်ပင်သာယာကွပ်ကဲမှုအောက်မှာ အကောင်အထည်ဖော်ဖို့ ရှိပါတယ်။ အလားတူ စည်ပင်သာယာရဲ့ကြီးကြပ်မှုအောက်မှာရှိတဲ့ ဈေးတွေ ပြန်လည်ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မောင်တောမြို့မဈေးကြီးကတော့ ၂၄ နာရီဖွင့်တယ်ဆိုပေမယ့်လည်း သား၊ ငါးဈေးနဲ့ ဟင်းသီးဟင်းရွက်ဈေး ရပ်ကွက်တိုင်းမှာ သီးသန့်သဘောမျိုး ရှိပါတယ်။ မြို့မဈေးက အဝတ်အထည်နဲ့ လူသုံးကုန်ပစ္စည်းတွေကို တစ်နေကုန်ရောင်းတာဖြစ်သလို ဖွံ့ဖြိုးတိုးတက်မှုဟာ ပြည်မဘက်လို မဟုတ်တဲ့အတွက် အိမ်ဆိုင်အများစုကိုပဲ အားပြုနေကြရတယ်။ ရပ်ကွက်ဈေးကိုပဲ အားပြုတာဖြစ်တဲ့အတွက် မြို့မဈေးဟာ အရင်လိုစည်ကားမှု မရှိဘူး။ မြို့မဈေးကြီးဟာ မောင်တောမြို့ရဲ့အထင်ကရဈေးကြီး ဖြစ်တာကြောင့် ဖွံ့ဖြိုးတိုးတက်မှု ပြယုဂ်တစ်ခုအနေနဲ့ စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ခရိုင်အုပ်ချုပ်ရေးမှူး တစ်ဦးအနေနဲ့ မောင်တောဖြစ်စဉ်ပေါ်မှာ ဘယ်လိုသုံးသပ်ပါသလဲ။ ဖြစ်စဉ်နဲ့ ပတ်သက်ပြီး ပြည်သူကို ဘာပြောချင်ပါသလဲ။**

ဖြေ။ ။ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင် ဒေသတွင်းမှာ ဖြစ်ပေါ်နေတဲ့ ဖြစ်စဉ်အားလုံး အမှန်အတိုင်း ရှုမြင်ပေးဖို့ လိုပါတယ်။ ရှုမြင်တဲ့အချက်ပေါ်မှာ ဘာတွေပူးပေါင်းဆောင်ရွက်ပေးရမလဲဆိုတာကို ပူးပေါင်းဆောင်ရွက်မှု အပိုင်းမှာ စိတ်ရင်းစေတနာအမှန်နဲ့ ပါဝင်ဖို့လိုပါတယ်။ ပဋိပက္ခဖြစ်တဲ့ ဒေသတစ်ခုမှာ ဖြစ်စဉ်အခြေအနေပေါ်မူတည်ပြီး လိုရာဆွဲတွေးတာတွေလည်း ရှိသလို၊ တစ်ဖက်သတ် စဉ်းစားတာတွေလည်း ရှိတယ်။ အားလုံးဖြစ်စဉ်အမှန်ကို အမှန်အတိုင်းမြင်ပြီး ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ဒီဒေသနဲ့ ပတ်သက်ပြီး ယုံကြည်မှုတိုးတက်လာမှာပါ။ ယုံကြည်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ပဋိပက္ခကြောင့်ပဲ ဒေသတွင်းမှာ လုံခြုံရေးကိုထိခိုက်တယ်။ လုံခြုံရေးထိခိုက်လို့ တရားဥပဒေစိုးမိုးရေး အားနည်းတယ်။ တရားဥပဒေစိုးမိုးရေး အားနည်းလာတာဖြစ်တာကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျ ကျန်ရစ်တယ်။ လူတိုင်း ဖွံ့ဖြိုးတိုးတက်ချင်တယ်ဆိုတဲ့ စိတ်ရှိတယ်ဆိုရင် ဒီဒေသနဲ့ပတ်သက်တဲ့ လိုအပ်ချက်တွေအားလုံး စိတ်ရင်းအမှန်နဲ့ ပူးပေါင်းပါဝင်ဖို့ လိုပါတယ်။ ဘာသာရေးတစ်ခုကို အကြောင်းပြတဲ့ အကြမ်းဖက်မှုတစ်ခုဟာ အကြမ်းဖက်ပဲဖြစ်ပါတယ်။ ဘာသာရေးနဲ့ မဆိုင်ပါဘူး။ ဘာသာရေးကို အခြားနည်းလမ်းနဲ့ အသုံးချတဲ့ လူပုဂ္ဂိုလ်နဲ့ပဲ ပတ်သက်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း ဒီမိုကရေစီအစိုးရလက်ထက်ဖြစ်တဲ့အတွက် ဥပဒေနဲ့အညီပဲ ဆောင်ရွက်ရမှာပါ။ ဆောင်ရွက်တဲ့အပိုင်းမှာလည်း အယုတ်အလတ် အမြတ် မရွေး မျက်ကွယ်ပြုလုပ်တာမဟုတ်တဲ့အတွက် ဖြစ်စဉ်အခြေအနေပေါ် မူတည်ပြီး ပြည်သူတွေအပေါ် ဥပဒေနဲ့အညီ ဆောင်ရွက်နေပါတယ်။ ပူးပေါင်းဆောင်ရွက်မယ့်သူကလည်း ဥပဒေနဲ့အညီသာ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။

**မေး။ ။မောင်တောဒေသ တရားဥပဒေစိုးမိုးမှုအပိုင်း အားနည်းတယ်လို့ ဝေဖန်မှုတွေရှိနေပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ တာဝန်ရှိသူ တစ်ဦးအနေနဲ့ ဘာပြောချင်ပါသလဲ။**

ဖြေ။ ။မောင်တောဒေသ တရားဥပဒေစိုးမိုးမှုအပိုင်း ပြန်လည်ရရှိဖို့ဆိုရင် အုပ်ချုပ်ရေးယန္တရားကို ခိုင်မာအောင်လုပ်ရမယ်။ အုပ်ချုပ်ရေးယန္တရားဟာ ဥပဒေအတိုင်း သွားတာဖြစ်တဲ့အတွက် ဥပဒေရဲ့အာဏာစက်ရဖို့ လိုပါတယ်။ အုပ်ချုပ်ရေးယန္တရားမခိုင်မာဘဲ တရားဥပဒေစိုးမိုးနိုင်ဖို့ မလွယ်ကူပါဘူး။ အုပ်ချုပ်ရေး အဖွဲ့အစည်းတွေက ချမှတ်ထားတဲ့ မူဝါဒတွေ၊ စည်းမျဉ်းစည်းကမ်းတွေ ပြဋ္ဌာန်းထားတဲ့ ဥပဒေကို တိတိကျကျ လိုက်နာဖို့ လိုပါတယ်။ မလိုက်နာရင်လည်း ပြတ်ပြတ်သားသား အရေးယူရမှာပါ။ ဒါမှသာ တရားဥပဒေစိုးမိုးရေး မဏ္ဍိုင်ဆိုတာ ခိုင်မာလာမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးမဏ္ဍိုင် ခိုင်မာလာပြီဆိုရင် လုံခြုံမှုမရှိဘူးဆိုတဲ့ အယူအဆဟာလည်း ထည့်တွက်စရာ မလိုတော့တဲ့ အခြေအနေဖြစ်သွားပါတယ်။

နိုင်ငံတော်ရဲ့ မူဝါဒအရ အုပ်ချုပ်ရေးမှူးအသစ်တွေ ရွေးချယ်ဖို့ ပြန်လည်ဆောင်ရွက်နေတယ်။ ကျေးရွာတွေနဲ့ ပတ်သက်ပြီး ယခင့်ယခင်က အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ ဌာနဆိုင်ရာတွေ ရောက်ရှိမှု အားနည်းတာလည်းပါတယ်။ အခက်အခဲတချို့ကြောင့်လည်း ပါတယ်။ ထိတွေ့မှု ကင်းကွာခဲ့တာဖြစ်တဲ့အတွက် ကျေးရွာတွေနဲ့ ပတ်သက်တာတွေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းပေါ်မှာ အားကိုးယုံကြည်မှု လျော့နည်းတာတွေပါတယ်။ ဒါကြောင့် ကျေးရွာတွေနဲ့ ပတ်သက်ပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ အဆက်မပြတ် ထိတွေ့ရပါမယ်။ လိုအပ်ချက်တွေ ပံ့ပိုးမယ်။ စနစ်တကျ စာရင်းကောက်ခံပြုစုတာတွေ လုပ်မယ်။ ရေတို၊ ရေရှည်စီမံချက်တွေ ရေးဆွဲပြီးရင် ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြမယ်။ ကျေးရွာတွေမှာလည်း မြို့နယ်က ချမှတ်ထားတဲ့ မူဝါဒအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ဖို့ တွန်းအားပေး ကြပ်မတ်မယ်၊ ဥပဒေနဲ့အညီ အုပ်ချုပ်မယ်၊ ဥပဒေပြင်ပရောက်ရင် ထိရောက်စွာ အရေးယူမယ်။ အလားတူ ကျေးရွာတွင်းနေထိုင်သူတွေကလည်း ချမှတ်ထားတဲ့ ကျေးရွာ အုပ်ချုပ်ရေးမှူးက အုပ်ချုပ်တဲ့ နည်းစနစ်အမှန်အတိုင်းကို ဥပဒေနဲ့အညီ နေထိုင်ဖို့လိုတယ်။ ကျေးရွာအတွင်း ဝက်ပါသဖွယ် ဖြစ်နေတဲ့ ခြံစည်းရိုးတွေ၊ ရွာတွေမှာ ဝင်လမ်း၊ ထွက်လမ်း မရှိတာတွေ၊ ကျန်းမာရေးနဲ့ မညီညွတ်တာတွေ၊ အိမ်တည်ဆောက်မှု စနစ်မကျတာတွေဟာ မြေပြင်မှာရှိတဲ့ အုပ်ချုပ်ရေး ယန္တရားမှာ ပါဝင်ဆောင်ရွက်နေကြတဲ့ ဌာနဆိုင်ရာအသီးသီးရဲ့ အားနည်းချက်တွေကြောင့် ဖြစ်ပါတယ်။ ဒါတွေကို စနစ်တကျပြန်လည်ပြုပြင်မယ်၊ အုပ်ချုပ်သူကလည်း ဥပဒေနဲ့အညီ အုပ်ချုပ်မယ်၊ ပြည်သူတွေကလည်း လိုက်ပါဆောင်ရွက်လာမယ်ဆိုရင် ဒီဒေသမှာ တရားဥပဒေစိုးမိုးမှုအပိုင်းက ပြောစရာမလိုအောင် ကောင်းသွားမှာ ဖြစ်ပါတယ်။ ။

**သတင်းအဖွဲ့၊ ဓာတ်ပုံ-မင်းထက်**



မောင်တောဒေသတွင်းရှိ မိုးစပါးများကို ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းခြွေလှေ့နေမှုကို တွေ့ရစဉ်။

## စက်မှုလယ်ယာဦးစီးဌာနမှ ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္တု၊ တပ်ဦးချောင်း၊ ဒူးချီးရားတန်း၊ သရေကုန်းဘောင်၊ သဝန်ချောင်း၊ ငါးခူရကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ စုစုပေါင်း ၄၉၁၄ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ စုစုပေါင်း ၃၄၆ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရုတ်ချောင်း၊ အလယ် ဈေးကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ စုစုပေါင်း ၄၁၈ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ် အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်ပုကွ ကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ စုစုပေါင်း ၂၁၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်း ခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ စုစုပေါင်း ၂၉၁ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ် အတွင်းရှိ ချိန်ခါလိန်၊ ကိုးတန်ကောက်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ စုစုပေါင်း ၂၅၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် တိရစ္ဆာန်များထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ကိုင်းကြီး (တိုင်းရင်းသား)ကျေးရွာ၊ ကန်သာယာ (တိုင်းရင်းသား) ကျေးရွာနှင့် ဝေသာလီ(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်နှစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း (ရောနှော) ကျေးရွာ၊ မင်းခမောင်း(တိုင်းရင်းသား)ကျေးရွာနှင့် တမန်းသား(တိုင်းရင်းသား) ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်တစ်ကောင်၊ ငါးခူရစခန်း ပတ်ဝန်းကျင်ရှိ ရေမျက်တောင် (တိုင်းရင်းသား)ကျေးရွာ၊ ကပ္ပကောင်း (တိုင်းရင်းသား) ကျေးရွာ၊ ငါးခူရ (ရောနှော)ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်သုံးကောင်တို့ကို ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားလေးကောင်နှင့် ဆိတ်ခြောက်ကောင်တို့အား ကာကွယ်ကုသပေးခြင်း၊ ဆိတ်သုံးကောင်တို့အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၁၅ ကောင်တို့အား ကာကွယ်ကုသ ဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၇၈ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တိရစ္ဆာန်များအား ကာကွယ်ကုသ ဆေး ထိုးနှံပေး နေမှုကို တွေ့ရစဉ်။

❍ *ရှေ့ဖုံးမှ*

အမြင့် လေးပေရှိ Ground Tank တစ်လုံး၊ ရေ ၁၂၀၀ ဂါလန်ဆံ့ Overhead Tank နှစ်လုံး၊ အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၁ ပေရှိသော ထမင်းချက်၊ ထမင်းစားဆောင် တစ်လုံး၊ စက်ရေတွင်း နှစ်တွင်းနှင့် အဆောက်အအုံများရှေ့ရှိ လမ်းများ ကျောက်ခင်းခြင်းကို အသစ်ထပ်မံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များတွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများရုံးခန်းအဖြစ် အသုံးပြုရန် Modular House ၃၁ လုံး၊ ဝန်ထမ်းများနေထိုင်နိုင်ရန် Modular House ရှစ်လုံးနှင့် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများအား ခေတ္တထားရှိရန် Modular House ၄၁ လုံး စုစုပေါင်း Modular House အလုံး ၈၀ အား ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောက်လုပ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့က အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိ ဘားတိုက် နှစ်လုံးပြုပြင်ခြင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက Modular House များ တည်ဆောက်နိုင်ရေးအတွက် ပစ္စည်းစုပုံခြင်း၊ မြေကြီးလုပ်ငန်းများ စတင်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) စေတနာ့ဝန်ထမ်းလူငယ်များ လုပ်အားပေးအစီအစဉ် ဒုတိယခရီးစဉ်



ဒေါက်တာမင်းသိမ်း(ညွှန်ကြားရေးမှူး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန)



ဒေါ်စိန်းစိန်းအေး (ရခိုင်တိုင်းရင်းသူ) ငါးခူရကျေးရွာ



ဦးအီစွတ် (အစ္စလာမ်ဘာသာဝင်) ငါးခူရကျေးရွာ



မော်နူရောလ်စွန်း (ဟိန္ဒူဘာသာဝင်) ငါးခူရကျေးရွာ



မန်းအောင်နိုင်ကြည်(အဖွဲ့၃ ခေါင်းဆောင်)UEHRD စေတနာ့ ဝန်ထမ်းလူငယ်

မောင်တော ဒီဇင်ဘာ ၄

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) စေတနာ့ဝန်ထမ်းလူငယ်များ လုပ်အားပေးအစီအစဉ် ဒုတိယအသုတ်မှ စေတနာ့ဝန်ထမ်းလူငယ်များသည် နိုဝင်ဘာ ၂၉ ရက်က စစ်တွေမြို့သို့ရောက်ရှိပြီး နိုဝင်ဘာ ၃၀ ရက်တွင် မောင်တောခရိုင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များရှိ ကျေးရွာများသို့ ကွင်းဆင်းပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။**

စေတနာ့ဝန်ထမ်း လူငယ်များသည် မောင်တောနှင့် ဘူးသီးတောင်ဒေသရှိ ကျေးရွာများသို့ ကွင်းဆင်းပြီး ပြည်သူများအတွက် စားနပ်ရိက္ခာ ထောက်ပံ့ပေးမှုအပိုင်းနှင့် လူသားချင်းစာနာမှု အကူအညီပေးမှုအပြင် ရေရှည်ပြန်လည် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ပေးနိုင်ရန်အတွက် လိုအပ်သည့် အချက်အလက်မျိုးစုံနှင့် စာရင်းများကိုလည်း ကောက်ယူကြသည်။



ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးမှုအဖြစ် မောင်တောမြို့နယ် ငါးခူရကျေးရွာရှိ ရခိုင် တိုင်းရင်းသားများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

စေတနာ့ဝန်ထမ်း လူငယ်များသည် ဒီဇင်ဘာ ၁ ရက်တွင် မောင်တောမြို့နယ်အတွင်းရှိ ငါးခူရကျေးရွာနှင့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ဒုံးသိမ်၊ ကြာညိုပြင်၊ ပြာရည်ကျေးရွာများသို့ သွားရောက်၍ စာရင်းများ ကောက်ယူခဲ့ပြီး ဒီဇင်ဘာ ၂ ရက်တွင် ရခိုင်၊ ဟိန္ဒူဘာသာဝင်နှင့် အစ္စလာမ်ဘာသာဝင်များ အတူတကွနေထိုင် လျက်ရှိသည် မောင်တောမြို့နယ် ငါးခူရကျေးရွာသို့ သွားရောက်၍ ရိက္ခာများ ထောက်ပံ့ပေးခဲ့သည်။

သတင်းအဖွဲ့သည် စေတနာ့ဝန်ထမ်းလူငယ်များ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် ငါးခူရကျေးရွာသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများကို တွေ့ဆုံမေးမြန်းခဲ့သည်-

**ဒေါက်တာမင်းသိမ်း(ညွှန်ကြားရေးမှူး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန)**

ကျွန်တော်တို့ UEHRD အစီအစဉ်ကို ဆောင်ရွက်နေတဲ့နေရာမှာ ကျွန်တော်တို့က အပိုင်း နှစ်ပိုင်းအနေနဲ့ သွားပါတယ်။ ပထမတစ်ပိုင်းက တစ်တိုင်းပြည်လုံးမှာရှိတဲ့ လူငယ်တွေရဲ့ပူးပေါင်းဆောင်ရွက်မှုနဲ့ လူသားချင်းစာနာမှု အကူအညီတွေကိုပေးအပ်ဖို့ ဆောင်ရွက်ပါတယ်။ နောက်တစ်ပိုင်းကတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက အစိုးရအဖွဲ့တွေရဲ့ ဦးဆောင်မှုနဲ့ ဒီဒေသမှာရှိတဲ့ ပျက်စီးဆုံးရှုံးမှုတွေရှိနေတဲ့ ကျေးရွာတွေကို ပြန်လည် တည်ဆောက်မှုတွေ ဆောင်ရွက်သွားကြဖို့ဖြစ်ပါတယ်။ ထောက်ပံ့တဲ့အခါမှာ ဝေးလံခေါင်းပါးတဲ့ ဒေသတွေ၊ မြေပြင်အနေအထားအရ နေ့ချင်းပြန်သွားလို့ရတဲ့ နေရာတွေကို ရွေးပါတယ်။ ရွေးပြီးတဲ့အခါမှာ အခု မောင်တောမြို့နယ်မှာ ဒုတိယအသုတ်အနေနဲ့ ဆောင်ရွက်တာက ဒီငါးခူရကျေးရွာ ဖြစ်ပါတယ်။ ငါးခူရမှာ ဒေသခံ ရခိုင်တိုင်းရင်းသားတွေ၊ ဟိန္ဒူဘာသာဝင်တွေနဲ့ အစ္စလာမ်ဘာသာဝင်တွေရှိတယ်။ ကျေးရွာတစ်ရွာတည်းမှာပဲ အတူနေပြီးတော့ ဈေးတွေဆိုလည်း အတူတူသုံးကြတယ်။ စာသင်ကျောင်းမှာဆိုလည်း အတူတူတက်ကြတယ်။ ဒီလိုမျိုးရှိတဲ့ ရွာဖြစ်တာကြောင့်မို့လို့ ဒီရွာကိုအရင်ဆုံး ဦးစားပေးအနေနဲ့ ရွေးရခြင်း ဖြစ်ပါတယ်။

UEHRD programs အစီအစဉ်နဲ့ ဒီလိုဆောင်ရွက်ပေးနေတဲ့နေရာမှာ ကျွန်တော်တို့က သတင်းစကားနှစ်ခုကို အဓိကပါးလိုပါတယ်။ နံပါတ်တစ် သတင်းစကားက ဒေသခံတိုင်းရင်းသားလူမျိုးတွေအနေနဲ့ သူတို့ ဒေသခံ တိုင်းရင်းသားတစ်ခုတည်းတင် မဟုတ်ဘူး၊ ကျွန်တော်တို့က တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူလူထုတစ်ရပ်လုံးက သူတို့အတွက် ဝိုင်းဝန်းပံ့ပိုးပေးနေတယ်ဆိုတာကိုပြချင်တာရယ်၊ တစ်ဖက်က နိုင်ငံတကာက စွပ်စွဲနေသလို ကျွန်တော်တို့က အစ္စလာမ်ဘာသာဝင်တွေကို ခွဲခြားဆက်ဆံနေတယ်ဆိုတာ မရှိဘူးဆိုတာကိုပြချင်တဲ့ သတင်းစကားလည်း တစ်ချက်အပါအဝင်ဖြစ်ပါတယ်။

ကျွန်တော်တို့ စီမံကိန်းရဲ့ ရည်ရွယ်ချက်က ရည်ရွယ်ချက် နှစ်ခု ရှိပါတယ်။ ဒေသခံတိုင်းရင်းသားတွေအတွက်လည်း တစ်နိုင်ငံလုံးက ဝိုင်းဝန်းရပ်တည်နေတယ်ဆိုတာကို ပြချင်တာရယ်၊ ဒုတိယရည်ရွယ်ချက်သည် အစ္စလာမ်ဘာသာဝင်တွေအတွက်ကိုလည်း ကျွန်တော်တို့ ဒေသခံတွေနည်းတူ အားလုံးတန်းတူ ဆောင်ရွက်ပေးနေတယ်ဆိုတာကို ပြချင်တဲ့ မက်ဆေ့နှစ်ခုနဲ့ ဒီနေ့လုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်တဲ့အခါမှာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်း ဆောင်ရွက်လို့မရပါဘူး။ ပြည်သူလူထုတစ်ရပ်လုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှ တိုးတက်အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ အထူးသဖြင့် အခုလို လိုအပ်မှုရှိနေတဲ့ကာလမှာ အနာဂတ်ရဲ့ မျိုးဆက်သစ်ဖြစ်တဲ့ လူငယ်တွေရဲ့ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ သူတို့ရဲ့ အခက်အခဲတွေကို ကြံ့ကြံ့ခံ ရင်ဆိုင်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေဟာ တကယ်ကို အံ့သြချီးကျူးစရာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်ပြီးပြောချင်တာကဘာပြောပြော ဒီဒေသကိုလာတဲ့အခါမှာ အနည်းနဲ့ အများဆိုသလို စိုးရိမ်ပူပန်မှုတွေရှိကြတယ်။ သို့သော်ငြားလည်း လူငယ်တွေလာခဲ့ကြတယ်။ ဒါကြောင့် နိုင်ငံတော်ကိုယ်စားရော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန အနေနဲ့ပါ ကျေးဇူးတင်ပါတယ်။ ယုံယုံကြည်ကြည် စေလွှတ်ပေးတဲ့ မိဘတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**ဒေါ်စိန်းစိန်းအေး (ရခိုင်တိုင်းရင်းသူ) ငါးခူရကျေးရွာ**

ကျွန်မမှာ မိသားစု ခြောက်ယောက် ရှိပါတယ်။ ဒီမှာ ရခိုင်တိုင်းရင်း သားက ၁၀၀ ကျော် လောက်ရှိတယ်။ အချို့တွေကတော့ ထွက်သွားကြပြီ။ ကျောင်းတက်တဲ့သူလည်း နည်းနေတယ်။ အခု UEHRD လူငယ်တွေက ဆီ၊ ဆန်၊ ဆား၊ ငရုတ်၊ အာလူး၊ ပဲ စတာတွေကို လာပေးပါတယ်။ အဲဒါ လေးတွေနဲ့ စားနေရတယ်။ အခု အလုပ်မရှိပါဘူး။ အရင်တုန်းက ဈေးဆိုင်တွေ ဘာတွေ ရောင်းတယ်။ ခုတော့ မရှိတော့ပါဘူး။ အကြမ်းဖက်ဖြစ်စဉ်တုန်းက သူတို့ ARSA တွေက ခေါင်းစွပ်အမည်းတွေစွပ်ပြီး စခန်းကသူတွေနဲ့ အပြန်အလှန် လာပြီးတော့ ပစ်ကြတယ်။ အဲ့ဒီတုန်းက ကျွန်မတို့ ညဘက် ၁၁ နာရီလောက်မှာ ဒီစခန်းထဲကို ဝင်ပြီးတော့ ပြေးကြရပါတယ်။ ဒီရွာမှာက ဟိန္ဒူ၊ ဘင်္ဂါလီ၊ ရခိုင် သုံးစုနေကြပါတယ်။ အရင်တုန်းက ဘာသာချင်းမတူလဲ အေးအေးချမ်းချမ်း ရှိပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် ရှိကြပါတယ်။ သူတို့မှာ မရှိရင်လည်း တောင်းတယ်။ ချေးငှားပါတယ်။ သူတို့ကလည်း အပြန်အလှန်ကူညီပါတယ်။ အခု ဒီမှာ ထွက်မပြေးဘဲ ကျန်နေခဲ့တဲ့ ဘင်္ဂါလီတွေနဲ့ အေးအေးချမ်းချမ်းရှိပါတယ်။

**ဦးအီစွတ် (အစ္စလာမ်ဘာသာဝင်) ငါးခူရကျေးရွာ**

ကျွန်တော် ငါးခူရအရှေ့ဘက် ကပ္ပကောင်းမှာ နေပါတယ်။ ကျွန်တော်တို့ကို အဖွဲ့အစည်းတွေက ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ နို့မှုန့်၊ ကြက်သွန် စတာတွေကို ပေးပါတယ်။ အကုန်ကူညီပေးပြီးတော့ လိုအပ်ချက် စာရင်း၊ ဇယားတွေကောက်တယ်။ ထပ်ပြီးတော့ ဘာလိုမလဲ ဆိုတာတွေ မေးပါတယ်။ အခု အကြမ်းဖက်မှုဖြစ်စဉ်မှာ မပါတဲ့သူတွေပဲ နေတာပါ။ ပါတဲ့သူတွေက ထွက်ပြေးသွားပါတယ်။ ဒီမှာ ရခိုင်တိုင်းရင်းသားရှိတယ်၊ ဟိန္ဒူရှိတယ်၊ ကျွန်တော်တို့ မူဆလင်ရှိတယ်။ အေးအေးချမ်းချမ်းပဲ အတူတကွ နေထိုင်ပါတယ်။ ကျွန်တော်တို့ ကပ္ပကောင်းက အရင်ကလည်း အေးအေးဆေးဆေး၊ အခုလည်း အေးအေးဆေးဆေးပါပဲ။ အခုလို ကူညီပေးတာ အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကို ရေရှည်စီးပွားရေးတွေ တည်ထောင်ပေးဖို့ လိုပါတယ်။ ကျွန်တော်တို့ စပါးရိတ်လို့ မရပါဘူး။ စပါးရိတ်ပေးရင် ပိုအဆင်ပြေပါတယ်။ အဓိကက ပုစွန်တာလုပ်ငန်း၊ လယ်လုပ်ငန်းတွေ လုပ်ကိုင်ခွင့်ရဖို့ ကူညီပေးစေချင်ပါတယ်။

**မော်နူရောလ်စွန်း(ဟိန္ဒူဘာသာဝင်) ငါးခူရကျေးရွာ**

ကျွန်တော်က ဟိန္ဒူရွာမှာ ရာအိမ်မှူးလုပ်နေပါတယ်။ အခုရွာမှာက ဟိန္ဒူလူမျိုး ၆၀၀ ကျော်လောက်ရှိပါတယ်။ အခုလူငယ်အဖွဲ့တွေက စားသောက်စရာတွေ၊ အဝတ်အထည်တွေ အစုံပေးပါတယ်။ ကျွန်တော့်မိသားစုက ၄၅ ဦးရှိတဲ့အတွက် ခုနစ်ယူနစ် ရပါတယ်။ လူငယ်တွေက အိမ်ထောင်စု စာရင်းကောက်တာရယ် နေရထိုင်ရတာ အဆင်ပြေမှု ရှိ ၊ မရှိမေးပါတယ်။ အခုလို အကူအညီတွေလာပေးတာ လေးကြိမ်လောက်ရှိပါပြီ။ အခုလို လာရောက်လှူဒါန်းပေးတဲ့အတွက် လူငယ်တွေကို ကျေးဇူးအထူးတင်ပါတယ်။ အခု အကူအညီပေးတာကရတဲ့ အစားအသောက်တွေနဲ့ အဆင်ပြေတယ် ။ အကြမ်းဖက်သမားတွေကိုတော့ ကြောက်နေရပါတယ်။ လောလောဆယ် အလုပ်အကိုင် မရှိပါဘူး။ ရွာပတ်ဝန်းကျင်မှာလောက်ပဲ ငါးရှာ ဖားရှာထွက်ရတော့ သိပ်အဆင်မပြေပါဘူး။

ပြဿနာမတက်ခင်တုန်းကတော့ ငါးရှာဖားရှာထွက်ရတာ အဆင်ပြေပါတယ်။ အရင်တုန်းက ကျွန်တော်တို့ရွာသားတွေက ငါးဖမ်းတယ်၊ ဆံပင်ညှပ်တယ်၊ တချို့တွေက မောင်တောမှာ

*စာမျက်နှာ ၁၁ သို့*



ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးမှုအဖြစ် မောင်တောမြို့နယ် ငါးခူရကျေးရွာရှိ ဟိန္ဒူဘာသာဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# စစ်တွေမြို့ ဓညဝတီအားကစားကွင်း ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိခိုလှုံနေသည့် ဟိန္ဒူဘာသာဝင်များ မိမိနေရပ်သို့ ပြန်လည်ထွက်ခွာ၊ မောင်တောမြို့သို့ ရောက်ရှိ

**စစ်တွေ ဒီဇင်ဘာ ၄**

စစ်တွေမြို့ ဓညဝတီ အားကစားကွင်း ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိခိုလှုံနေသည့် ဟိန္ဒူဘာသာဝင်များသည် မောင်တောဒေသ တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန် ၆ သင်္ဘောဖြင့် မိမိနေရပ်သို့ ပြန်လည်ထွက်ခွာသွားကြပြီ ဖြစ်သည်။

"ကျွန်တော်တို့ စစ်တွေမြို့နယ်မှာ ကယ်ဆယ်ရေးစခန်း ၃၁ ခု ဖွင့်လှစ်ပြီးတော့ မောင်တောဒေသက နေရပ်စွန့်ခွာလာတဲ့သူတွေကို နေရာချပေးခဲ့ပါတယ်၊ အစိုးရက နယ်မြေတည်ငြိမ်ရေး၊ လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေ လုပ်ဆောင်ပေးပြီးတော့ နယ်မြေတည်ငြိမ်လာတဲ့အခါ မိမိဒေသကို ပြန်လိုတဲ့ တိုင်းရင်းသားတွေနဲ့ ဟိန္ဒူဘာသာဝင်တွေကို ကျွန်တော်တို့ ပြည်နယ်အစိုးရ အစီအစဉ်နဲ့ ပြန်လည်ပို့ဆောင်ပေးပါတယ်၊ ဒီနေ့အထိ ကယ်ဆယ်ရေးစခန်း ၃၁ ခုမှာ ဟိန္ဒူဘာသာဝင်တွေ နေထိုင်တဲ့ ကယ်ဆယ်ရေးစခန်းတစ်ခုပဲ ကျန်ပါတယ်၊ အဲဒီအထဲမှာ မနေ့ကဆိုရင် အိမ်ထောင်စု ၉၈ စု၊ လူဦးရေ ၃၄၈ ဦး ပြန်သွားပါပြီ၊ ကျန်တဲ့အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၁၂၃ ဦးကို မနက်ဖြန် သင်္ဘောနဲ့ပို့ပေးဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်၊ ဒါဆိုရင် စစ်တွေမြို့ကို နေရပ်စွန့်ခွာလာတဲ့သူတွေ အကုန်လုံး မိမိတို့နေရပ်ဒေသကို ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်" ဟု ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်လတ်က ပြောသည်။

"ကျွန်တော်က ဟိန္ဒူကယ်ဆယ်ရေးစခန်းက ခေါင်းဆောင် ဦးနီမောင်ပါ၊ ဒီမှာကျန်နေတဲ့ အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၁၂၃ ဦးက မနက်ဖြန် မောင်တောကို ပြန်ဖို့ စီစဉ်နေပါတယ်၊ မနေ့က အဖွဲ့တွေကို မောင်တောမြို့ကို သွားရောက် ပို့ဆောင်ပေးခဲ့ပါတယ်၊ အခုပြန်လာပြီး မနက်ဖြန် ပြန်ဖို့အတွက် စီစဉ်နေတာပါ၊ ပြည်နယ်အစိုးရကတော့ ပြန်သွားတဲ့သူတွေကို ကယ်ဆယ်ရေးစခန်းက ကားခြောက်စီးနဲ့ သင်္ဘောဆိပ်ကို ပို့ဆောင်ပေးပါတယ်၊ သင်္ဘောပေါ်မှာ နေ့လယ်စာစားဖို့အတွက်နဲ့ ဘူးသီးတောင်ကနေ မောင်တောမြို့မှာ နေထိုင်ဖို့စီစဉ်ထားတဲ့ နေရာအထိကို ရောက်အောင် ကူညီပေးကြပါတယ်၊ ကျွန်တော်တို့ကို အခုလို ကူညီဆောင်ရွက်ပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။



မောင်တောဒေသ တည်ငြိမ်အေးချမ်းလာသဖြင့် စစ်တွေမြို့ ကယ်ဆယ်ရေးစခန်းတွင် ခိုလှုံနေသည့် ဟိန္ဒူဘာသာဝင်များ ပြည်တွင်းရေကြောင်းပိုင်သင်္ဘောဖြင့် နေရပ်သို့ပြန်စဉ်။

စစ်တွေမြို့ဓညဝတီအားကစားကွင်း ကယ်ဆယ်ရေးစခန်းမှ ပြောင်းရွှေ့လာသည့် ဟိန္ဒူဘာသာဝင်များသည် လက်ရှိအချိန်တွင် မောင်တောခရိုင်ရုံးဘေးရှိ ယာယီဆောက်လုပ်ထားသည့် တန်းလျားများတွင် နေထိုင်လျက်ရှိသည်။

မောင်တောသို့ ပြန်လည်ရောက်ရှိလာသည့် ဟိန္ဒူဘာသာဝင်များနှင့် ပတ်သက်၍ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က "စစ်တွေ ဓညဝတီအားကစားကွင်းမှာ ခေတ္တ နေထိုင်နေတဲ့ ဟိန္ဒူဘာသာဝင်တွေကို ပြည်နယ်အစိုးရအစီအစဉ်နဲ့ မနေ့က ဘူးသီးတောင်ကို ပြန်လည်ပို့ဆောင်ပေးတယ်၊ ကျွန်တော်တို့ ပို့ဆောင်လက်ခံမယ့်အဖွဲ့တွေရယ်၊ နေရာချထားမယ့်အဖွဲ့တွေရယ်၊ စနစ်တကျစီစဉ်ပြီး ကားတွေနဲ့ ဘူးသီးတောင်ကို သွားရောက်ခေါ်ယူခဲ့တယ်၊ ည ၉ နာရီလောက်မှာ မောင်တောကို ရောက်တယ်၊ ညဥ့်လည်းနက်နေပြီဖြစ်တာကြောင့် စားရေးသောက်ရေး နေရာထိုင်ခင်းကအစ စီစဉ်ပေးခဲ့ပါတယ်"ဟု ပြောသည်။

ပြန်လည်ရောက်ရှိလာသည့် ဟိန္ဒူဘာသာဝင်များသည် မောင်တောမြို့ ရပ်ကွက် ၁၊ လေးမိုင်ရပ်ကွက်၊ ရပ်ကွက် ၄၊ လက်သာရွာနှင့် ရွှေဇားကျေးရွာအုပ်စုတို့တွင် နေထိုင်ကြသူများဖြစ်ပြီး ဩဂုတ်လ ၂၅ ရက် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကြောက်ရွံ့ကာ စစ်တွေမြို့သို့ တိမ်းရှောင်ခဲ့ကြသူများဖြစ်သည်။

အကြမ်းဖက်ဖြစ်စဉ် ဖြစ်ပွားပြီး နယ်မြေလုံခြုံမှု အခြေအနေကြောင့် မောင်တောဒေသမှ ဘူးသီးတောင်၊ စစ်တွေနှင့် အခြားဒေသများသို့ ခေတ္တ တိမ်းရှောင်သွားကြသည့် ရခိုင်တိုင်းရင်းသားအများစုသည် နေရပ်သို့ ပြန်လည်ရောက်ရှိနေကြသကဲ့သို့ ယခုအခါတွင် ဟိန္ဒူဘာသာဝင်များလည်း မောင်တောမြို့သို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။

"တချို့နေရာတွေမှာတော့ သူတို့ အိမ်တွေ မီးလောင်သွားတာရှိတယ်၊ မီးမလောင်တဲ့နေရာတွေကိုတော့ သူတို့ရဲ့ အုပ်ချုပ်ရေးကိစ္စ၊ နေထိုင်မှုကိစ္စတွေ စီစဉ်ပြီးသွားရင် အိမ်တိုင်ရာရောက် ပြန်လည်ပို့ဆောင်ပေးမယ်၊ လိုအပ်တဲ့ အထောက်အပံ့တွေကိုလည်း ဆက်တိုက်ပေးသွားပါမယ်၊ မီးလောင်သွားတဲ့ နေရာတွေကိုလည်း ပြည်နယ်အစိုးရကို တင်ပြပြီး အိမ်ရာကွက်တွေကို စနစ်တကျ အကွက်ရိုက်ပြီး ပြန်လည်နေရာချထားပေးသွားဖို့ စီစဉ်ထားပါတယ်၊ ဖြစ်စဉ် ဖြစ်သွားတဲ့နေရာမှာ ရခိုင်တိုင်းရင်းသားလည်းရှိမယ်၊ ဟိန္ဒူဘာသာဝင်တွေလည်း ရှိမယ်၊ အစ္စလာမ်ဘာသာဝင်တွေလည်း ရှိနေမယ်၊ နောက် အိမ်တွေလည်းရှိနေမယ်ဆိုရင် သူတို့သုံးဦးသုံးဖလှယ်ကို ညှိနှိုင်းပေးပြီး ညီညီညွတ်ညွတ် အေးအေးဆေးဆေး နေထိုင်နိုင်ဖို့ စားသောက်ရေး၊ လုံခြုံရေးပိုင်းက အစ စနစ်တကျ တာဝန်ယူပြီး ပြန်လည်ပို့ဆောင်ပေးသွားမယ်"ဟု ဦးရဲထွဋ်က ပြောသည်။

မောင်တောမြို့ ယာယီကယ်ဆယ်ရေးတန်းလျားသို့ ရောက်ရှိနေသူများသည် လက်ရှိတွင် နေရပ်သို့ ပြန်လည်နေထိုင်ခြင်းမရှိသေးချေ။

ဦးရဲထွဋ်က "လက်ရှိအချိန်ထိတော့ ပြန်တာ မရှိသေးပါဘူး၊ သူတို့ရဲ့ မူလနေအိမ်တွေကို သန့်ရှင်းရေးလုပ်တာတို့ ပျက်စီးနေရင် ပြန်ပြင်တာတွေရှိတော့ အုပ်ချုပ်မှုကိစ္စ အဆင်ပြေအောင်လို့ ကျွန်တော်တို့ ဒီမှာယာယီထားပေးထားပါတယ်"ဟု ပြောသည်။

မောင်တောမြို့ မူလနေရာ၊ မိမိနေရပ်သို့ ပြန်လည်အခြေချနေထိုင်ရန် စိုးရိမ်နေသူအချို့ ရှိနေသော်လည်း မောင်တောဒေသမှ စွန့်ခွာသူများအားလုံး နီးပါး နေရပ်သို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း မောင်တောခရိုင် အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။

"သူတို့တွေရဲ့ နေရပ်ကို ပြန်ပို့ပေးဖို့က သူတို့ရဲ့ စိုးရိမ်စိတ် အခြေအနေပေါ်မှာပဲ မူတည်ပါတယ်၊ စိုးရိမ်စိတ်ပပျောက် လျော့နည်းသွားအောင်လည်း ကျွန်တော်တို့ အားပေးနှစ်သိမ့်မှုတွေ ပြုလုပ်ပေးသွားပါမယ်၊ မြေပြင်မှာလည်း အမှန်တကယ် လုံခြုံမှုရှိနေတယ်၊ အစ္စလာမ်ဘာသာဝင်တွေနဲ့ နေလို့မရတော့ဘူးဆိုတဲ့ စိုးရိမ်စိတ်တွေကို ကျွန်တော်တို့ ဖျောက်ပေးပြီးရင် အစ္စလာမ်ဘာသာဝင်တွေနဲ့ ရင်းရင်းနှီးနှီး ထိတွေ့စေပြီးတော့မှ ပြောဆိုဆက်ဆံမှုတွေလုပ်ဖို့ ကျွန်တော်တို့ အနေနဲ့ ဆောင်ရွက်ပေးသွားပါမယ်၊ မောင်တောဒေသကနေ ခေတ္တနေရပ်စွန့်ခွာသူတွေက ဒီမောင်တောဒေသကို အားလုံးနီးပါးပြန်လည်ရောက်ရှိနေပါပြီ" ဟု မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ပြောသည်။

**တင်ထွန်း (ပြန်/ဆက်)နှင့်**
**သတင်းအဖွဲ့၊ ဓာတ်ပုံ-ဖိုးထောင်**



မောင်တောဒေသ တည်ငြိမ်အေးချမ်းလာသဖြင့် စစ်တွေမြို့ ကယ်ဆယ်ရေးစခန်းတွင် ခိုလှုံနေသည့် ဟိန္ဒူဘာသာဝင်များ မောင်တောခရိုင် အုပ်ချုပ်ရေးမှူးရုံးဘေးရှိ ယာယီတန်းလျားသို့ ဒီဇင်ဘာ ၃ ရက်ညပိုင်းက ရောက်ရှိစဉ်။

---

*စာမျက်နှာ ၁၀ မှ*

သွားအလုပ်လုပ်တယ်။ မလေးရှား သွားအလုပ်လုပ်တဲ့သူတွေလည်း ရှိတယ်။ အခုကျတော့ အလုပ်မရှိကြပါဘူး။ စားသောက်ဖို့ကျတော့ အစိုးရဆီက ထောက်ပံ့ပေးမှုပဲ အဆင်ပြေမှာပါ။ တာဝန်ရှိတဲ့သူတွေကို တောင်းဆိုလိုတာက ကျွန်တော်တို့ကို ငါးရှာ ဖားရှာ ထွက်ခွင့်ပေးဖို့ ပါပဲ။ တချို့ အိမ်ထောင်စုစာရင်းမှာ မပါသေးတဲ့ သူတွေရှိပါသေးတယ်။ အဲဒါကိုလည်း လုပ်ဆောင်ပေးစေချင်ပါတယ်။ ကျွန်တော်တို့ရွာမှာ ဟိန္ဒူလူမျိုး၊ ရခိုင်လူမျိုး၊ မူဆလင်လူမျိုးတွေ နေကြပါတယ်။ ပြဿနာမဖြစ်ခင်တုန်းက စုပေါင်းနေထိုင်ခဲ့ကြပါတယ်။ ခုဟာက သံသယစိတ်နည်းနည်းရှိသွားကြတာပေါ့။ ARSA အကြမ်းဖက်တွေကြောင့် ကျွန်တော်တို့ ဟိန္ဒူလူမျိုးတွေ အယောက်တစ်ရာကျော်ကျော်လောက် ခမောင်းဆိပ်မှာ အသတ်ခံခဲ့ရပါတယ်။

**မန်းအောင်နိုင်ကြည် (အဖွဲ့ ၃ ခေါင်းဆောင်)**
**UEHRD စေတနာ့ဝန်ထမ်းလူငယ်**

ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်မှာ နေထိုင်ပါတယ်။ ကရင်-ဗမာ လူမျိုးဖြစ်ပါတယ်။ အခု လူငယ်အစီအစဉ်မှာ လျှောက်ဖြစ်တဲ့ ရည်ရွယ်ချက်က လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး စေတနာ့လူငယ်ဝန်ထမ်း ရက် ၂၀ ပြည်ထောင်စုစီမံကိန်းကို စိတ်ဝင်စားမှုရှိလို့ပါ။ ဘာကြောင့်လဲဆို ဟိန္ဒူ ၊ မူဆလင် ၊ ရခိုင်၊ ဗမာစတဲ့ ကျွန်တော်တို့တွေမှာ တူညီတဲ့ လူသားဖြစ်တယ်ဆိုတဲ့ စံတန်ဖိုးနှုန်းထားချင်းက တူနေတယ်လေ။ အဲဒီ စံတန်ဖိုးနှုန်းတွေ တူနေတာကိုပဲ ကျွန်တော်တို့က လေးစားတာပါ။ လူသားဖြစ်တဲ့အတွက် ကျွန်တော်တို့က လူသားချင်း စာနာထောက်ထားမှုအရ ကူညီချင်တဲ့စိတ်နဲ့ပဲ UEHRD ကို ဆက်သွယ်ပြီး လျှောက်ဖြစ်တာပါ။ သင်တန်းပေးတာကတော့ camp သွင်းသလိုပါပဲ။ ကျွန်တော်တို့ကို save and security တွေ သင်တယ်။ survey ဆင်းပုံဆင်းနည်းတွေ သင်တယ်။ ဒေတာကောက်ပုံကောက်နည်းတွေ သင်တယ်။ ကုန်ပစ္စည်းတွေကို distribution လုပ်ပုံလုပ်နည်းတွေ သင်တယ်။ နောက်တစ်ခါ ပြဿနာရပ်တိုင်းမှာ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်လာစေမယ့် အပြောအဆို၊ အလုပ်အကိုင်၊ အနေအထိုင်တွေကို ဖြစ်မလာအောင်လို့ ကျွန်တော်တို့ကို ကောင်းကောင်းသင်ပေးပါတယ်။ နောက် ရှေးဦးသူနာပြုစုနည်းတွေကိုလည်း သင်ပါတယ်။ အင်မတန်ကို ကောင်းမွန်တဲ့ သင်တန်းတစ်ရပ်ပါ။

ကျွန်တော်တို့ မောင်တောရောက်တော့ အုပ်စုသုံးခု ခွဲလိုက်ပါတယ်။ ကျွန်တော်က အုပ်စု ၃ ရဲ့ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ရတယ်။ ဘာတွေကို အဓိကထားပြီး ဆောင်ရွက်ရလဲဆိုတော့ စာရင်းဇယား အချက်အလက်တွေ ကောက်ရတယ်။ အိမ်ထောင်စု စာရင်းတွေ ကောက်ရပါတယ်။ လက်ရှိ ကျွန်တော်တို့ ကောက်ယူတဲ့အချိန်မှာရှိတဲ့ လူစာရင်းအတိအကျကိုပဲ ကျွန်တော်တို့ ယူပါတယ်။ လူဦးရေစာရင်း အတိအကျကောက်ပြီး ဘာသာမခြား၊ လူမျိုးမခြား ထောက်ပံ့ ကူညီပေးပါတယ်။ UEHRD မှာ ကျွန်တော်တို့ ပူးပေါင်းပါဝင်ခွင့် ရတဲ့အတွက် ကျွန်တော်တို့ ပျော်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအဖွဲ့မှာ ဆရာဝန်တွေလည်း ပါတယ်။ ရခိုင်၊ ရှမ်း၊ ကရင်တိုင်းရင်းသားပေါင်းစုံ ပါဝင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ စုပေါင်းလုပ်ကိုင်နိုင်ခြင်းဆိုတဲ့ team work ကလေးတစ်ခုကို ကျွန်တော်တို့ လူငယ်ဘဝကတည်းက အတွေ့အကြုံကောင်းတွေ ရတယ်။ စည်းစည်းလုံးလုံး နေထိုင်တတ်တယ်။ နောက်ပြီးတော့ ကျွန်တော်တို့က ဘာသာမခြား အစွန်းမရောက်တဲ့စိတ်ဆိုတာကိုလည်း အခုကတည်းက မွေးမြူထားနိုင်တယ်။ အချိန်တိုတောင်းသော်လည်း ကျွန်တော်တို့စိတ်ကို တစ်ခါတည်း ပြုပြင်ထိန်းသိမ်းပေးလိုက်တဲ့အတွက် ကျွန်တော်တို့အတွက် အင်မတန်မှ အကျိုးကျေးဇူးကြီးပါတယ်။ ဒီလို ညီအစ်ကို မောင်နှမတွေနဲ့အတူ လက်တွဲလုပ်ရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူပါတယ်။



ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးမှုအဖြစ် မောင်တောမြို့နယ် ငါးခူရကျေးရွာရှိ အစ္စလာမ်ဘာသာဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ဒီအစီအစဉ် ကောင်းကိုတော့ လူငယ်တိုင်း ပါဝင်သင့်ပါတယ်လို့ မြင်ပါတယ်။ ဘာကြောင့်လဲဆို UEHRD အစီအစဉ်မှာ ဘာကိုမှ ကန့်သတ်ထားခြင်း မရှိပါဘူး။ လူငယ်တိုင်း လူငယ်တိုင်း ပါဝင်ကြပါ၊ အင်မတန်ကောင်းတဲ့ အစီအစဉ် ဖြစ်ပါတယ်။ ဒါကြောင့်မို့ သူငယ်ချင်းများ ညီအစ်ကို မောင်နှမများ အားလုံးကို ကျွန်တော်တို့နဲ့ အတူလက်တွဲဖို့ ဖိတ်ခေါ်ပါတယ်။ လက်တွဲပြီး လာရောက်လုပ်ကိုင်ပါလို့လည်း တိုက်တွန်းချင်ပါတယ်။

**တွေ့ဆုံမေးမြန်း - သတင်းအဖွဲ့**
**ဓာတ်ပုံ-ဖိုးထောင်**

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြန်မာသံရုံးတွင် မသင်္ကာဖွယ် အထုပ်တစ်ခုတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြန်မာသံရုံးဟောင်းအတွင်းရှိ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးသည့် ရုံးအတွင်း မသင်္ကာဖွယ်ရာ ပလတ်စတစ်အထုပ်တစ်ခုကို ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်က တွေ့ရှိသဖြင့် ထိုင်းရဲတပ်ဖွဲ့ဝင်များအား အကြောင်းကြားပြီး စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထိုသို့ စစ်ဆေးရာတွင် အထုပ်အတွင်း နာရီနှင့် ပလတ်စတစ်ပိုက်ကို တိပ်များဖြင့်ပတ်ကာ ပလတ်စတစ်ပိုက်အတွင်း ဆန်များထည့်ထားသည့် fake bomb ဖြစ်ကြောင်း သိရသည်။

မြန်မာသံရုံးမှ တာဝန်ရှိသူများအနေဖြင့် သံရုံးနှင့် ဝန်ထမ်းအိမ်ရာ လုံခြုံရေး အပါအဝင် နိုင်ငံကူးလက်မှတ် ထုတ်ပေးသည့် ရုံးခန်းလုံခြုံရေးတို့ကို အထူးဂရုပြု ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# အမရပူရမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၄**

မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီခွဲက အမရပူရမြို့နယ် မြစ်ငယ်မြို့ ရန်ကုန်-မန္တလေးကားလမ်း မြစ်ငယ် တံတားထိပ် အနီး ရွှေလာဘ်စံ လက်ဖက်ရည်ဆိုင်၌ အောင်အောင်နှင့် တိုးတိုးဝင်းတို့ စီးနင်းလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ အောင်အောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၅ ပြားနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်အရ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ပုသိမ်ကြီးမြို့နယ် အုန်းချော ကျေးရွာ အမှတ်-၃ ရပ်ကွက် အောင်ကမ္ဘာကျောက်ခွဲစက်ဟောင်း အတွင်းနေ အေးမောင်ထွန်း(ခ) ကုလားကြီး၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ဇော်ဇော်မင်း(ခ)ချစ်မင်းနှင့် ဇော်ဝင်းထွန်းတို့အား တွေ့ရှိပြီး အေးမောင်ထွန်း(ခ)ကုလားကြီး၏ ဆိုင်ကယ်တူးဘောက်စ် အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၃၀၊ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေး အကြေမှုန့် ၂၈ ဂရမ်၊ ဆိုင်ကယ် နှစ်စီးနှင့် လက်ကိုင်ဖုန်းလေးလုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တရုတ်နိုင်ငံသို့ မိခင်နှင့်အတူ နှစ်နှစ်အရွယ်ကလေး ရောင်းစား ခံရ

**မြစ်ကြီးနား ဒီဇင်ဘာ ၄**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ရပ်ကွက်နေ ကလေးနှင့်အတူ မိခင်ဖြစ်သူကို တရုတ်နိုင်ငံသို့ ငွေကျပ်သိန်း ၆၀ ခန့်ဖြင့် ရောင်းစားခံရသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း မြစ်ကြီးနားမြို့ အမှတ် -၁၂ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ သိရသည်။

တရုတ်နိုင်ငံရှိ စက်ရုံများတွင် အလုပ်လုပ်ရန် တစ်လလျှင် မြန်မာငွေကျပ် သုံးသိန်းခန့် ရရှိမည်ဖြစ်ကြောင်း မနီနီဝင်းက ဖုန်းဖြင့်ဆက်သွယ် ပြောဆိုလာသဖြင့် လိုက်သွားရာမှ ရောင်းစားခံရခြင်း ဖြစ်သည်။

"အဓိကက အလွန်ဆင်းရဲတော့ လိမ်ပြီးခေါ်တာကို တကယ်မှတ်ပြီး လိုက်သွားတာပေါ့၊ ပါသွားတဲ့ ကလေးက နှစ်နှစ်၊ ဒီမှာလည်း ၁၁ နှစ်အရွယ် ကလေးတစ်ယောက်ကျန်ခဲ့တယ်၊ အမျိုးသားကလည်း ဆုံးသွားပြီ၊ လူကုန်ကူးခံရတဲ့ သားအမိကိုတော့ ရှာမတွေ့သေးဘူး၊ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်သွယ်ရေးရုံးကနေတစ်ဆင့် ရှာခိုင်းထားပါတယ်"ဟု မြစ်ကြီးနားမြို့နယ် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲအုပ် လှိုင်စိုးက ပြောသည်။

နိုဝင်ဘာလအတွင်းက လူကုန်ကူးခံရသူ မဆောင်းမီးထံသို့ မနီနီဝင်းက ဖုန်းဖြင့် ဆက်သွယ်၍ ချိန်းဆိုသံကို ကြားခဲ့ရသည့် မဆောင်းမီး၏ ၁၁ နှစ်အရွယ်ကလေးမှာ ၎င်းတို့နှင့် တစ်ရပ်ကွက်တည်း နေထိုင်သူ ဒေါ်ခင်စန်းဝင်းကို ပြောပြ၍ အကူအညီတောင်းခဲ့ပြီး ဝိုင်းမော်မြို့နယ် မြို့မရဲစခန်းသို့ လာရောက်တိုင်ကြားသဖြင့် ရဲအုပ် လှိုင်စိုး၏ အဖွဲ့များနှင့် ပူးပေါင်း၍ ရွှေညောင်ပင်ရပ်ကွက် ၃ မှ တရားခံ မနီနီဝင်းကို ဖမ်းမိခဲ့ခြင်းဖြစ်ပြီး ၎င်းကို ဝိုင်းမော် မြို့မရဲစခန်းတွင် အမှုအမှတ် (ပ) ၈၄/၂၀၁၇ အမျိုးသမီး၊ လူငယ်၊ ကလေးသူငယ်များကို လူကုန်ကူးသည့် ပုဒ်မ ၂၄ အရ အမှုရေးဖွင့်ထားသည်။

အဆိုပါ တရားခံကို စစ်မေးရာက မဆောင်းမီးနှင့် နှစ်နှစ်အရွယ် ကလေးအား နိုဝင်ဘာ ၂၅ ရက်က ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မီးပွိုင့်လမ်းဆုံတွင် ဆက်သွယ်ချိန်းဆိုပြီး လိုင်းကားဖြင့် ကန်ပိုက်တီမြို့သို့ ခေါ်ဆောင်၍ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံ ထိန်ချုံးမြို့တွင် အသင့်စောင့်ဆိုင်းနေသော တရုတ်အမျိုးသမီး တစ်ဦးထံ ယွမ်ငွေ သုံးသောင်းဖြင့် ရောင်းစားခဲ့ပြီး ပြန်လာခဲ့ကြောင်း သိရသည်။

ယခုနှစ် နိုဝင်ဘာလကလည်း ဝိုင်းမော်မြို့အတွင်းရှိ နောင်စီပေါ်ကျေးရွာတွင် နေထိုင်သော အမျိုးသမီးတစ်ဦးအား တစ်ရွာတည်းနေ သားအမိနှစ်ဦးက မြန်မာငွေကျပ်သိန်း ၁၇၀ ခန့်ဖြင့် ရောင်းစားခံရမှုဖြစ်ပွားခဲ့ပြီး အဆိုပါ တရားခံ နှစ်ဦးအနက် မိခင်ဖြစ်သူ ဒေါ်ဂျာဘောက်မှာ ထွက်ပြေးလွတ်မြောက်နေဆဲ ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး**

# ပျက်စီးနေသော ခြံစည်းရိုးနှင့် ချုံများ ခုတ်ထွင်ရှင်းမီးရှို့ရာမှ မိုင်းဟောင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွား တစ်ဦး ဒဏ်ရာရရှိ

**ဗန်းမော် ဒီဇင်ဘာ ၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒွေ့ဖုန်းယန်မြို့ မံမော်ကျေးရွာ၌ နေအိမ်ခြံဝင်းဟောင်းနေရာတွင် ပျက်စီးနေသော ခြံစည်းရိုးနှင့် ချုံများ ခုတ်ထွင်ရှင်းလင်း မီးရှို့ရာ မိုင်းဟောင်းတစ်လုံး ပေါက်ကွဲ၍ လူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီခွဲခန့်က ဒွေ့ဖုန်းယန်မြို့ မံမော်ကျေးရွာအုပ်စု မံမော်ကျေးရွာနေ ဦးပေါ်ဆေးဟောင်း(၆၃ နှစ်)သည် ၎င်းရွာဘေးရှိ လယ်တောသွား လမ်းဘေး နေအိမ်ခြံဝင်း(အဟောင်း)တွင် ပျက်စီးနေသော ခြံစည်းရိုးနှင့် ချုံများ ခုတ်ထွင်ရှင်းလင်းမီးရှို့ပြီး ၁၅ ပေခန့်အကွာ၌ ဝါးခွဲနေစဉ် မီးရှို့ထားသည့်နေရာမှ မိုင်းဟောင်းတစ်လုံး ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

အခင်းဖြစ်နေရာသို့ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များ၊ မြို့အုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းထွန်း၊ ဒွေ့ဖုန်းယန် နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဇော်မင်းနှင့်တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဦးပေါ်ဆေးဟောင်းတွင် မိုင်းစထိမှန်(စိုးရိမ်ရ)ဒဏ်ရာများ ရရှိပြီး နားလုံကျေးရွာအုပ်စု ခဃာကျေးရွာရှိ တပ်မတော်ဆေးမှူးများက ဆေးကုသပေးပြီး အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနိုင်ရန်အတွက် ဒွေ့ဖုန်းယန်မြို့ လူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်ဖြင့် ဗန်းမော်မြို့ အမှတ် (၁၁) စစ်မြေပြင် ဆေးတပ်ရင်းဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မူဆယ်သွားမည့်ယာဉ်ပေါ်မှ ပိတောက်စားရွေသစ်တုံးများဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၁၅ စီး၊ သွင်းကုန် ၉၉၅ စီး၊ ရန်ကုန်-မြဝတီ



လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၂၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၄၄၂ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၂၀၅ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၆၂၇ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၃ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် ALPHARD ယာဉ် တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်၏ နောက်ခန်းအတွင်း မိုးကာစများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်စားရွေသစ် ၃၀ တုံး (၁ ဒသမ ၁၄၄၂) တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၄၃၂ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုက်ကြီးတွင် အုတ်လုပ်ရန် စုပုံထားသော မြေစာပုံ ပြိုကျ မြေပိ၍ အမျိုးသမီးတစ်ဦး သေဆုံး

**တိုက်ကြီး ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဆင်စခန်းအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးက တိုက်ကြီးမြို့မရဲစခန်းသို့ ဒီဇင်ဘာ ၄ ရက် နံနက် ၆ နာရီခွဲခန့်တွင် ဖုန်းဖြင့် သတင်းပို့ချက်အရ ကိုဇော်ဇော် အုတ်ကွင်းတွင် အမျိုးသမီးတစ်ဦး မြေပိ၍ သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ သေဆုံးသူ မညွန့်ညွန့်စိန် (၃၇ နှစ်) အုတ်ကွင်းလုပ်သား စပါးကြွယ်ရွာ၊ ကိုယ်ဝန်ဆောင်ကျေးရွာအုပ်စု ပေါင်းတည်မြို့နေသူမှာ အစ်ကိုဝမ်းကွဲ တော်စပ်သူ ကိုဝင်းဇော်တို့နှင့်အတူ အုတ်ကွင်းတွင်၊ အုတ်ရိုက်ရန်၊ စုပုံထားသည့် ၁၂ ပေခန့်ရှိသော မြေစာပုံမှမြေများသယ်ယူစဉ် မြေများပြိုကျခဲ့ပြီး မညွန့်ညွန့်စိန်အား မြေများပိသဖြင့် ကိုဝင်းဇော်နှင့်အတူ အုတ်လုပ်သားများက မြေများအား ဝိုင်းဝန်းဖယ်ရှားကာ မညွန့်ညွန့်စိန်၏အလောင်းအားဖော်ယူခဲ့ပြီး ကိုဝင်းဇော် အုတ်တဲသို့ သယ်ယူထားကြောင်း သိရှိခဲ့ရသည်။

မညွန့်ညွန့်စိန် သေဆုံးခြင်းနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း ဟုတ်၊ မဟုတ် စစ်ဆေးနိုင်ရန် တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင် (မြိုင်)**



ပြိုကျသည့် မြေစာပုံကို တွေ့ရစဉ်။

# အလှူပွဲတွင် ရိုက်နှက်မှုဖြစ်၍ လူတစ်ဦးသေဆုံး

**မကွေး ဒီဇင်ဘာ ၄**

မကွေးမြို့နယ် ဝါဂွမ်းကျေးရွာရှိ အလှူပွဲတွင် ဒီဇင်ဘာ ၂ ရက် ညက ရိုက်နှက်မှုဖြစ်ကာ လူတစ်ဦးသေဆုံးခဲ့မှုနှင့် ပတ်သက်၍ သေဆုံးသူ၏ အဒေါ်ဖြစ်သူက ရိုက်နှက်သူအား ဒီဇင်ဘာ ၃ ရက်တွင် တိုင်ကြားအမှုဖွင့်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝါဂွမ်းကျေးရွာနေ ဒေါ်ဝင်းမော် (၄၇ နှစ်)သည် ဒီဇင်ဘာ ၂ ရက် ည ၇ နာရီက ဝါဂွမ်းကျေးရွာနေ ဦးရဲမြင့်သိန်း၏ သားရှင်ပြုအလှူပွဲခင်းတွင် အကြော်စုံဆိုင် ဖွင့်လှစ်ရောင်းချနေစဉ် မကွေးမြို့နယ် တဲကြီးကုန်းကျေးရွာနေ တူဖြစ်သူ ကျော်သီဟ (၁၇ နှစ်) ရောက်ရှိလာပြီး ပွဲကြည့်ရန် လာရောက်ခြင်းဖြစ်ကြောင်း ပြောကာ ပွဲခင်းထဲသို့ ဝင်သွားခဲ့ကြောင်း၊ ည ၁၀ နာရီခန့်တွင် ပွဲခင်းအပြင်ဘက် ဘုန်းကြီးကျောင်းဝင်းအတွင်းမှ ဆူညံသံကြား၍ သွားရောက်ကြည့်ရှုရာ တူဖြစ်သူ ကျော်သီဟမှာ ဒဏ်ရာများဖြင့် သတိလစ်နေသည်ကို တွေ့ရပြီး ကျော်သီဟနှင့်အတူ သူငယ်ချင်းဖြစ်သူ တဲကြီးကုန်းကျေးရွာနေ ကျော်မောင်မောင်၏ ပြောပြချက်အရ ဇော်လင်းနိုင် (၁၆ နှစ်) ဝါဂွမ်းကျေးရွာနေသူနှင့် စကားများ ရန်ဖြစ်စဉ် ဇော်လင်းနိုင်က တုတ်ဖြင့်ရိုက်၍ ဒဏ်ရာရရှိခြင်းဖြစ်ကြောင်း သိရှိခဲ့ပြီး ရရှိထားသောဒဏ်ရာမှာ မစိုးရိမ်ရဟု ထင်မြင်မိပြီး သတိပြန်လည် ရရှိလာသောကြောင့် ဆေးရုံသို့မပို့ဘဲ ဒေါ်ဝင်းမော်က ၎င်း၏ နေအိမ်တွင် ညအိပ်ခိုင်းထားခဲ့ရာမှ ဒီဇင်ဘာ ၃ ရက် နံနက် ၆ နာရီ အိပ်ရာမှ နိုးသောအခါ တူဖြစ်သူ ကျော်သီဟမှာ သတိလစ်နေသည်ကို တွေ့ရှိရသဖြင့် မကွေးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ နံနက် ၇ နာရီ ဆေးရုံသို့ ရောက်ရှိမှသာ သေဆုံးနေသည်ကို သိရှိခဲ့ခြင်းဖြစ်ကြောင်း တရားလို၏ တိုင်ကြားချက်အရ သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ တူဖြစ်သူ ကျော်သီဟအား သေဆုံးသည်အထိ ဒဏ်ရာရအောင် တုတ်ဖြင့်ရိုက်သူ ဇော်လင်းနိုင်အား အရေးယူပေးရန် ဒေါ်ဝင်းမော်က တရားလိုပြုတိုင်ကြားရာ မကွေးနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကျော်ဇေယျ**

## တောင်တွင်းကြီးမြို့ စားသောက်ဆိုင်၌ ဓားခုတ်မှုဖြစ်ပွား

**တောင်တွင်းကြီး ဒီဇင်ဘာ ၄**

တောင်တွင်းကြီးမြို့ မောင်းတိုင် ၂ ရပ်ကွက်နေ ရဲနိုင်ဦး (၃၂ နှစ်)သည် သူငယ်ချင်း ရဲသူဝင်း(၂၉ နှစ်)နှင့် စောထွန်းဝင်း(၂၈ နှစ်) ခင်တဲကျေးရွာ နေသူတို့နှင့်အတူ မောင်းတိုင် ၁ ရပ်ကွက် ဂန္ထဝင်စားသောက်ဆိုင်၌ ဒီဇင်ဘာ ၃ ရက် ည ၇ နာရီခွဲခန့်က စားသောက်နေစဉ် ထွန်းထွန်းဝင်း(ခ)ချက်ကြီး (၃၅ နှစ်)တောင်ပြင် ၂ ရပ်ကွက်နေသူနှင့် လူလေးဦးသည် တုတ်၊ ဓား၊ သံတုတ်များ ကိုင်ဆောင်၍ ဆိုင်အတွင်းသို့ ဝင်လာကာ ထွန်းထွန်းဝင်း(ခ)ချက်ကြီးက ရဲနိုင်ဦးအား ဓားဖြင့်ခုတ်ပြီး ကျန်လေးဦးက တုတ်များဖြင့် ရဲသူဝင်းနှင့် စောထွန်းဝင်းတို့အား ရိုက်နှက်ရာ ရဲသူဝင်းနှင့် စောထွန်းဝင်းတို့မှာ ဒဏ်ရာရရှိခဲ့သဖြင့် ထွန်းထွန်းဝင်း(ခ)ချက်ကြီးနှင့် လူလေးဦးတို့အား ဥပဒေအရ အရေးယူပေးရန် တရားလို ပြုလုပ်တိုင်တန်းသဖြင့် တောင်တွင်းကြီး မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **၀၈၅**

# ယီမင်နိုင်ငံ မြို့တော်ဆာနားရှိ အီရန်သံရုံးတိုက်ခိုက်ခံရ

**ဆာနား ဒီဇင်ဘာ ၄**

ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာ ဆာလက်ကို ထောက်ခံသူများနှင့် ဟူသီသူပုန်များကြား တိုက်ပွဲများဖြစ်ပွားနေစဉ် တစ်ဖက်တွင်လည်း ယီမင်နိုင်ငံ မြို့တော် ဆာနားရှိ အီရန်သံရုံးတိုက်ခိုက်ခံရပြီး မီးများလောင်ကျွမ်းလျက်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၄ ရက်က ဖော်ပြခဲ့သည်။

လက်နက်ကြီးများဖြင့် သံရုံးကို တိုက်ခိုက်ခဲ့သဖြင့် မီးများလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ တိုက်ခိုက်မှုကို မည်သည့်အဖွဲ့က လုပ်ဆောင်သွားခြင်းဖြစ်သည်ကို ယခုချိန်အထိ မသိရှိရသေးကြောင်း သိရသည်။

သံရုံးတိုက်ခိုက်ခံရချိန်တွင် သံရုံးအဆောက်အအုံထဲ၌ သံရုံးဝန်ထမ်း ၂၀ ခန့် ပိတ်မိနေကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

အီရန်သံရုံးသည် ဆာနားမြို့အနောက်တောင်ပိုင်းတွင် တည်ရှိပြီး သမ္မတအိမ်တော်နှင့် နီးကပ်လျက်ရှိကြောင်း၊ ထို့အပြင် သမ္မတဟောင်း ဆာလတ်၏သားဖြစ်သူ နေအိမ်နှင့်လည်း နီးကပ်စွာတည်ဆောက်ထားကြောင်း သိရသည်။

အီရန်သံရုံးနားတွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲတွင် အနည်းဆုံး စစ်သွေးကြွ ၂၀၀ အသတ်ခံရပြီး အခြားလူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဟူသီသူပုန်များ ထိန်းချုပ်ထားသည့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ဆင်ဟွာ**







# တရုတ်နိုင်ငံ ရှီအန်းနှင့် ချန်ဒူမြို့နှစ်မြို့အကြား မြန်နှုန်းမြင့် မီးရထားပြေးဆွဲမည်

**ပေကျင်း ဒီဇင်ဘာ ၄**

တရုတ်နိုင်ငံ ရှန်ဇီပြည်နယ် မြို့တော် ရှီအန်းမြို့နှင့် စီချွမ်ပြည်နယ် မြို့တော် ချန်ဒူမြို့အကြား မြန်နှုန်းမြင့် မီးရထား ပြေးဆွဲမှုကို ဒီဇင်ဘာ ၆ ရက်တွင် စတင်မည်ဖြစ်ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက မကြာသေးမီတွင် ပြောခဲ့သည်။

အဆိုပါ မြို့နှစ်မြို့အကြား ပြေးဆွဲမည့် မြန်နှုန်းမြင့် မီးရထားလက်မှတ်များကို ဒီဇင်ဘာ ၃ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီက စတင်ရောင်းချပေးခဲ့ကြောင်း ရှီအန်းမြို့မီးရထားတာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

ရှီအန်း-ချန်ဒူ မြန်နှုန်းမြင့် ရထားလမ်းသည် ခရီးအကွာအဝေး ၆၅၈ ကီလိုမီတာရှိပြီး ရထားလမ်းကြောင်း တစ်ဖက်စီအတွက် မြန်နှုန်းမြင့် ရထား ၁၉ စင်းပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရထားလမ်းပြ မြေပုံစနစ်သစ်ကို ယခုနှစ်ကုန်ပိုင်းတွင် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ ယင်းမြို့နှစ်မြို့အကြား ယခင်က ခရီးအကွာအဝေးကြာချိန် ၇ နာရီ ရှိခဲ့ရာမှ ယခုမြန်နှုန်းမြင့် မီးရထားပြေးဆွဲပေးမည့်အတွက် ခရီးအကွာအဝေးကြာချိန် ၃ နာရီ ၃၃ မိနစ်သာ ရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကက်တလိုနီးယား ဒုတိယခေါင်းဆောင်ကို အာမခံပေးရန် ငြင်းပယ်ခံရ

**မက်ဒရစ် ဒီဇင်ဘာ ၄**

စပိန်အဆင့်မြင့်တရားရုံးမှ တရားသူကြီးသည် အောက်တိုဘာ ၂၇ ရက်က လွတ်လပ်ရေးကြေညာခဲ့မှုတွင် ပါဝင်ပတ်သက်ခဲ့သည့်အတွက် ဖမ်းဆီးထိန်းသိမ်းထားသည့် ကက်တလိုနီးယား ဒုတိယအကြီးအကဲ အိုရီရို ဂျန်ကွာရက်စ်နှင့်အခြားသူများကို အာမခံပေးရန် ငြင်းပယ်လိုက်ကြောင်း သိရသည်။

တရားရုံးချုပ်မှ ရာဇဝတ်တရားသူကြီး ပါဘလိုလီယာရီနာက ယင်းကိစ္စဖြင့် ထိန်းသိမ်းထားသည့် နောက်ထပ်ခြောက်ဦးကို ယူရိုငွေ ၁၀၀၀၀၀စီပေးဆောင်စေပြီးနောက် ထောင်ဒဏ်မှ လွတ်မြောက်ခွင့်ပေးလိုက်ကြောင်း သိရသည်။

ဂျန်ကွာရက်စ်သည် ပုန်ကန်ထကြွမှု၊ ပြည်သူ့ဘဏ္ဍာငွေအလွဲသုံးမှုတို့ဖြင့် အမှုရင်ဆိုင်ရလျက်ရှိပြီး ကက်တလိုနီးယားခွဲထွက်ရေးအုပ်စုမှ ခေါင်းဆောင်နှစ်ဦးတို့မှာ ပုန်ကန်ထကြွရန်လှုံ့ဆော်မှုဖြင့် တရားရင်ဆိုင်နေရကြောင်း သိရသည်။

**ဆင်ဟွာ**

# ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ ရွှေ့ပြောင်းနေထိုင်မှု သဘောတူညီချက်မှ အမေရိကန်နုတ်ထွက်

**ဝါရှင်တန် ဒီဇင်ဘာ ၄**

အမေရိကန်နိုင်ငံသည် ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ ရွှေ့ပြောင်းနေထိုင်မှုသဘောတူညီချက်မှ နုတ်ထွက်သွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၄ ရက်က ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် ရှေ့လျှောက်တွင် ကုလသမဂ္ဂဦးဆောင်သည့် ကမ္ဘာလုံးဆိုင်ရာ ရွှေ့ပြောင်းနေထိုင်မှု သဘောတူညီချက်တွင် ပါဝင်သော သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်သွားတော့မည်မဟုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယမန်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကုလသမဂ္ဂ၏ သဘောတူညီချက်သည် အမေရိကန်နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိခိုက်စေပြီး အမေရိကန်နိုင်ငံအနေဖြင့် နိုင်ငံသားခံယူမှုဥပဒေနှင့် နယ်စပ်လုံခြုံရေးကို ထိခိုက်စေသော ဆောင်ရွက်ချက်များကို ထောက်ခံပေးမည်မဟုတ်ကြောင်း အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရက်ဇ်တေလာဆန်က ယမန်နေ့တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ထို့အပြင် ရက်ဇ်တေလာဆန်က အိုဘားမားအစိုးရ၏ နယူးယောက်ကြေညာချက်ကို မထောက်ခံကြောင်း၊ အဆိုပါကြေညာချက်သည် အမေရိကန်နိုင်ငံ၏ ဥပဒေ၊ မူဝါဒနှင့် ကိုက်ညီမှုမရှိကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် နိုင်ငံသားခံယူမှုအရေးတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ထောက်ခံသော်လည်း အမေရိကန်နိုင်ငံ၏ လုံခြုံရေး၊ အစီအစဉ်တကျဖြစ်ရေးနှင့် တရားဝင်ရေးတို့ကို အဓိကဦးစားပေးသွားမည် ဖြစ်ကြောင်း ပြောခဲ့သည်။

အမေရိကန်နိုင်ငံ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး ဝမ်းနည်းမိသော်လည်း ကုလသမဂ္ဂအနေဖြင့် အဆိုပါ သဘောတူညီချက်ကို အမေရိကန်မပါဝင်ဘဲ ဆက်လက် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အမေရိကန်နှင့် တောင်ကိုရီးယားတို့ ကိုရီးယားကျွန်းဆွယ်တွင် အကြီးဆုံး ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်

**ဆိုးလ် ဒီဇင်ဘာ ၄**

အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ အကြီးဆုံးပူးတွဲစစ်ရေးလေ့ကျင့်မှုကို ကိုရီးယားကျွန်းဆွယ်တွင် ဒီဇင်ဘာ ၄ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုအစီအစဉ်တွင် ဂျက်တိုက်လေယာဉ် အစင်း ၂၃၀၊ ဗုံးကြဲလေယာဉ်များနှင့် အခြားတိုက်ခိုက်ရေးလေယာဉ်များ ပါဝင်ကြောင်း ယွန်ဟတ်သတင်းဌာနက ဖော်ပြခဲ့သည်။

တောင်ကိုရီးယားနှင့် အမေရိကန် တပ်ဖွဲ့ဝင်အင်အား ၁၂၀၀၀ ပါဝင်သော အကြီးဆုံး ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဒီဇင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



ယင်းပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းတွင် အခြေစိုက်ထားသော အမေရိကန်လေတပ်မှ အက်ဖ်-၂၂ တိုက်လေယာဉ် ခြောက်စင်း၊ အက်ဖ်-၃၅ အေတိုက်လေယာဉ် ခြောက်စင်း၊ အက်ဖ်- ၃၅ ဘီဂျက်လေယာဉ် ၁၂ စင်း အပါအဝင် စုစုပေါင်း အမေရိကန်ဂျက် လေယာဉ် ၂၄ စင်း ပါဝင်မည် ဖြစ်ကြောင်း သိရသည်။

ထို့အတူ စစ်ရေးလေ့ကျင့်မှုအတွင်း အမေရိကန် မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ် ဘီ-၁ဘီမှလည်း ဗုံးကြဲခြင်းများကို လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ တောင်ကိုရီးယားနိုင်ငံဘက်မှ အက်ဖ်-၁၅ကေ၊ ကေအက်ဖ်-၁၆ နှင့် အက်ဖ်အေ-၅၀ ဂျက်တိုက်လေယာဉ်များလည်း ပူးပေါင်းလေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော နိုဝင်ဘာ ၂၉ ရက်ကလည်း မြောက်ကိုရီးယားနိုင်ငံမှ ဟွာဆောင်း-၁၅ တာဝေးပစ်တိုက်ချင်းပစ်ဒုံးကျည်ကို ပစ်လွှတ်ခဲ့ပြီးနောက် တစ်ပတ်အကြာတွင် တောင်ကိုရီးယားနှင့် အမေရိကန်တို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခဲ့သေးကြောင်း သိရသည်။ ဟွာဆောင်း-၁၅တာဝေးပစ်တိုက်ချင်းပစ်ဒုံးကျည်သည် အမြင့် ၄၆၀၀ ကီလိုမီတာနှင့် ခရီးအကွာအဝေး ၁၀၀၀ ကီလိုမီတာအထိ ရောက်ရှိခဲ့ကြောင်း တောင်ကိုရီးယား စစ်ဘက်ကပြောကြားခဲ့သည်။

ထို့အပြင် အဆိုပါ တိုက်ချင်းပစ်ဒုံးကျည်သည် ခရီးအကွာအဝေး ၁၃၀၀၀ ကီလိုမီတာခန့်ရှိသော အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့အထိ ပျံသန်းရောက်ရှိနိုင်ကြောင်း တောင်ကိုရီးယားစစ်ဘက်က ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ပြည်ပမှတင်သွင်းကုန်များအား လျှော့ချရန် ရေနံတူးဖော်မှုကို တရုတ်အရှိန်မြှင့်ဆောင်ရွက်မည်

ပေကျင်း ဒီဇင်ဘာ ၄

တရုတ်နိုင်ငံသည် ပြည်ပမှ တင်သွင်းကုန်များအား မှီခိုအားထားနေရမှုကို လျှော့ပါးသက်သာစေရန်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်မှုကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သုတေသနစင်တာက စနေနေ့တွင် ပြောကြားခဲ့သည်။

လာမည့် ၂၀၃၀ ပြည့်နှစ်ရောက်လျှင် တရုတ်နိုင်ငံသည် ပြည်ပမှတင်သွင်းသည့် ရေနံနှင့် ဓာတ်ငွေ့များအား မှီခိုအားထားနေရမှုကို ၇၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းအတွင်း လျှော့ချနိုင်ဖွယ်ရှိကြောင်း မြေယာနှင့် စွမ်းအင်ရင်းမြစ် ဝန်ကြီးဌာနလက်အောက်ရှိ မဟာဗျူဟာမြောက် သုတေသနစင်တာ၏ ပြောပြချက်အရ သိရသည်။

တရုတ်နိုင်ငံ၏ အခြေခံစွမ်းအင်မှ ရေနံနှင့် ဓာတ်ငွေ့မျှဝေမှုသည် လာမည့် ၂၀၃၅ ခုနှစ်နှင့် ၂၀၅၀ ပြည့်နှစ် ရောက်လျှင် ၃၂ ရာခိုင်နှုန်းနှင့် ၃၅ ရာခိုင်နှုန်း ရှိလာနိုင်မည်ဖြစ်သည်ဟု စင်တာက ဖော်ပြခဲ့သည်။ ရေနံသုံးစွဲမှုအချိုးကို ခန့်မှန်း တွက်ချက်မှုမှာ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ထိပ်ဆုံးအထိ မြင့်တက်လာမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ပြည်တွင်းမှ ထွက်သည့်ရေနံစိမ်းကို လာမည့် ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန်ပေါင်း ၂၀၀ ခန့် ထွက်ရှိနိုင်ရန် ရည်မှန်းထားကြောင်း၊ သဘာဝဓာတ်ငွေ့ပေးဝေနိုင်မှုမှာ ၃၆၀ ဘီလီယံ ကျူဗစ်မီတာကို ကျော်လွန်နိုင်မည်ဟု မျှော်မှန်းထားကြောင်း အစိုးရ၏ ထုတ်လုပ်ရေး စီမံချက်အရ သိရသည်။

ဆင်ဟွာ

### ဗင်နီဇွဲလားအစိုးရနှင့် အတိုက်အခံအဖွဲ့တို့ သဘောတူညီမှုအဆင့်သို့ မရောက်ရှိသေး

ကရာကတ် ဒီဇင်ဘာ ၄

ဗင်နီဇွဲလားအစိုးရနှင့် အတိုက်အခံအဖွဲ့အစည်းတို့သည် ပြီးခဲ့သည့် စနေနေ့က စကားဖြင့် အပြန်အလှန်ပြောဆိုဆွေးနွေးမှုများရှိခဲ့သော်လည်း အပြီးသတ်သဘောတူညီမှုအဆင့်ကို မရောက်ရှိခဲ့ကြောင်း သိရသည်။

နှစ်ဖက်သဘောတူညီမှု အဆင့်သို့ မရောက်ရှိခဲ့သော်လည်း နောက်ထပ်ဆွေးနွေးပွဲများ ပြုလုပ်သွားရန်အတွက် ပြန်လည်ဆုံတွေ့ကြရန် အစိုးရနှင့် အတိုက်အခံနှစ်ဖက်စလုံးက လိုလားလျက်ရှိကြောင်း ဒိုမီနီကန်ပြည်ထောင်စု သမ္မတနိုင်ငံ သမ္မတ ဒါနီလိုမက်ဒီနာက ပြောကြားခဲ့သည်။

နှစ်ဖက်စလုံးကို အိမ်ရှင်အဖြစ် လက်ခံလျက်ရှိသည့် မက်ဒီနာက နှစ်ရက်တာ ဆွေးနွေးမှုသည် အပြီးသတ်သဘောတူညီမှုမရရှိဘဲ ပြီးဆုံးခဲ့ကြောင်းနှင့် လာမည့် ဒီဇင်ဘာ ၁၅ ရက်တွင် စကားပြောဆိုညှိနှိုင်းမှုများပြုလုပ်ရန် ဆွေးနွေးပွဲအသစ်တစ်ရပ် ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဆင်ဟွာ

# အက်ဖ်ဘီအိုင်ကို လှည့်စားခဲ့သည့်အတွက် မိုက်ကယ်ဖလင်းကို ရာထူးမှ ဖယ်ရှားခဲ့ဟု ထရန့်ဆို

ကလျာမိုးမြင့်



သမ္မတထရန့်က ၎င်းရဲ့ ပထမ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်ဖြစ်တဲ့ မိုက်ကယ်ဖလင်းကို ရာထူးက နေဖယ်ရှားလိုက်တာဟာ ဖလင်းက ဒုတိယသမ္မတကိုရော အက်ဖ်ဘီအိုင်ကိုပါ လိမ်လည်ခဲ့တဲ့အတွက်ကြောင့်ပဲလို့ စနေနေ့က ပြောခဲ့ပါတယ်။

သမ္မတထရန့်က ၎င်းရုံးထိုင်ပြီး တစ်လတောင် မကြာသေးခင် ဖေဖော်ဝါရီလထဲမှာ မစ္စတာဖလင်းကို ထုတ်ပယ်ခဲ့တာပါ။ ဘာကြောင့်လဲဆိုတော့ ဖလင်းဟာ ယခင်သမ္မတ အိုဘားမားက ရုရှားအပေါ်မှာ ပြုလုပ်ခဲ့တဲ့ ပိတ်ဆို့မှုတွေနဲ့ ပတ်သက်ပြီး ရုရှားသံအမတ် Sergey I.Kiyak နဲ့ ဆွေးနွေးခဲ့တာကို ဒုတိယသမ္မတ မိုက်ပန့်စ်ကို လိမ်ညာခဲ့လို့ ဖြစ်ပါတယ်။

ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး စနေနေ့က တွစ်တာပေါ် ရေးသားခဲ့ရာမှာ ဖလင်းထုတ်ပယ်ခံရခြင်းဟာ အက်ဖ်ဘီအိုင်ကို ၎င်းလိမ်ညာခဲ့တာလည်းပါဝင်တယ်လို့ ဖော်ပြထားပါတယ်။ ဖလင်းဟာ FBI အေးဂျင့်တွေနဲ့ မရိုးမသားမှုတွေ ပြုလုပ်ခဲ့တယ်ဆိုတာတွေကို ဖေဖော်ဝါရီလအတွင်းမှာ ထရန့်က သိခဲ့ရပါတယ်။

ဒါပေမယ့် အိမ်ဖြူတော်အာဏာပိုင်တွေက ထရန့်ဟာ လွန်ခဲ့တဲ့ တစ်ရက်က ဖြစ်ပျက်ခဲ့တာတွေ မစ္စတာဖလင်းက မစ္စတာ Kislyak နဲ့ စကားပြောဆိုဆွေးနွေးခဲ့တဲ့အကြောင်း၊ အက်ဖ်ဘီအိုင်ကို လိမ်ညာထားတဲ့အတွက် အပြစ်ရှိကြောင်း ခံဝန်ချက်ကို အသိအမှတ်ပြု လက်ခံရုံမျှ လက်ခံခဲ့တယ်လို့ ပြောကြားခဲ့ပါတယ်။

စနေနေ့က တွစ်တာပေါ်မှာ ထရန့်ရေးသားခဲ့မှုဟာ ထရန့်သိထားတာတွေနဲ့ ပတ်သက်ပြီး မေးခွန်းများစွာကို ပေါ်ထွက်လာစေခဲ့ပါတယ်။ ထရန့် အနေနဲ့ သူသိထားသလောက်ကို အမှန်တကယ် မရေးခဲ့ဘူးလို့လည်း သတင်းတွေ ပေါ်ထွက်ခဲ့ပါတယ်။

မစ္စတာဖလင်းရဲ့ အပြစ်ရှိကြောင်း ဝန်ခံချက် ထွက်ပေါ်လာပြီးနောက်မှာ ထရန့်ရဲ့ ထိပ်တန်းပုဂ္ဂိုလ်ရေးဆိုင်ရာ ရှေ့နေ ဂျွန်ဒေါက်က ပြီးခဲ့တဲ့ သောကြာနဲ့ စနေနေ့တွေမှာ ထရန့်ကို တည်ငြိမ်အောင် ကြိုးစားဖို့ ဆက်သွယ်ခဲ့ပါတယ်။

မစ္စတာဒေါက်က တွစ်တာပေါ်မှာ ထရန့်ရေးသားခဲ့တာတွေနဲ့ ပတ်သက်ပြီး အိမ်ဖြူတော်ကို ဝန်ချတောင်းပန်ခဲ့ပါတယ်။ ဒေါက်က ၎င်းဟာ ထရန့်ရဲ့ နောက်ထပ် ရှေ့နေတစ်ဦးဖြစ်တဲ့ တိုင်ကော့ဗ်က သောကြာနေ့မှာ ထုတ်ပြန်ခဲ့တဲ့ ဖော်ပြချက်ကို သံယောင်လိုက်ဖို့ကြိုးစားရာမှာ ၎င်းရဲ့ဘာသာစကားကို ဒီထက်ပိုပြီး ဂရုတစိုက် သတိပြုခဲ့သင့်တယ်လို့ ပြောခဲ့ပါတယ်။

ရှင်းရှင်းလင်းလင်း မသိရသေးတဲ့ အချက်တစ်ခုကတော့ မစ္စတာဖလင်းဟာ အေးဂျင့်တွေနဲ့ အမေးအဖြေပြုလုပ်ခဲ့ရာမှာ လိမ်ညာခဲ့တယ်ဆိုပြီး အက်ဖ်ဘီအိုင်က ယုံကြည်ထားတယ်လို့ ထရန့်က အမြဲပြောဆိုခဲ့တယ် ဆိုတာပါပဲ။

ဒီလိုဖြစ်ပြီး မကြာသေးခင်မှာပဲ လက်ရှိ တာဝန်ထမ်းဆောင်နေတဲ့ ရှေ့နေချုပ် ဆယ်လီကျူရိတ်စ်က မစ္စတာဖလင်းဟာ ဒုတိယသမ္မတကို လိမ်ညာလှည့်ဖြားခဲ့တဲ့အတွက် ထိခိုက်လိမ့်မယ်လို့ အိမ်ဖြူတော်အကြံပေး ဒေါ်နယ်အက်ဖ်မက်ဂန်ကို ဇန်နဝါရီလအတွင်းမှာ ပြောကြားခဲ့တယ်လို့ မစ္စတာမက်ဂန်က ထရန့်ကို ခြုံငုံပြောပြခဲ့ကြောင်း ဒီအကြောင်းအရာနဲ့ အနီးကပ် ထိတွေ့ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်နှစ်ဦးက ပြောကြားခဲ့ပါတယ်။

အက်ဖ်ဘီအိုင်ကို လိမ်ညာခဲ့တဲ့အတွက် မစ္စတာဖလင်းကို ဖက်ဒရယ်အာဏာပိုင်တွေက အရေးယူဆောင်ရွက်ဖို့ မလုပ်ခဲ့ဘူးလို့ မစ္စတာမက်ဂန်က ၎င်းရဲ့ ထင်မြင်ချက်ကို မစ္စတာထရန့်ကို ပြောကြားခဲ့ပါတယ်။

သမ္မတထရန့်အနေနဲ့ ဒါကိုမစ္စတာဖလင်းဟာ အပြစ်မရှိဘူးလို့ အဓိပ္ပာယ်ကောက်လွဲပြီး နားလည်သဘောပေါက်ခဲ့တာ ဟုတ်မဟုတ် မသေချာသေးပါဘူး။ သမ္မတရဲ့ရှေ့နေက မစ္စရိတ်စ်ကို အနည်းအကျဉ်းတော့ ယုံကြည်ထားတယ်။ ဘာလို့လဲဆိုတော့ ရိတ်စ်ဟာ မစ္စတာဖလင်းကိုရာထူးမှဖယ်ရှားသင့်တယ်၊ ဒါမှမဟုတ် ၎င်းရဲ့လုံခြုံရေးအရ အပြစ်ကင်းစင်မှုကို လက်လွှတ်ဆုံးရှုံးသင့်တယ်လို့ ပြောကြားခဲ့ခြင်းမရှိဘူးလို့ တချို့က ပြောဆိုနေကြပါတယ်။

မစ္စတာဖလင်းကို ရာထူးကနေ ဖယ်ရှားဖို့ သင့်မသင့်နဲ့ ပတ်သက်ပြီး ထရန့်နဲ့ မစ္စတာမက်ဂန်တို့ နောက်ပိုင်း စကားပြောဆိုခဲ့တာတွေကို ကြည့်ရင် မစ္စတာ ထရန့်ဟာ အက်ဖ်ဘီအိုင်နဲ့ ပတ်သက်ပြီး ရိုးသားမှန်ကန်တယ်ဆိုတဲ့ ကိုးကား ပြောဆိုမှု မရှိခဲ့ပါဘူး။

ထရန့်ဟာ သူရဲ့ လက်ထောက်ရဲ့ ဆန္ဒတွေကို ဆန့်ကျင်ပြီး ပြီးခဲ့တဲ့ စနေနေ့က အိမ်ဖြူတော်အပြင်ဘက်မှာ သတင်းထောက်တွေနဲ့ စကားပြောဆိုမှု ပြုလုပ်ခဲ့ပါတယ်။

ဒါပေမယ့် အဲဒီလိုပြောဆိုခဲ့ရာမှာ ရုရှားနဲ့ပူးပေါင်းပြီး လိမ်လည်ဖို့ ညှိထားတယ်ဆိုတာမျိုး လုံးဝမရှိကြောင်း အကြိမ်ကြိမ် စွဲမြဲငြင်းခုံခဲ့ပါတယ်။ စနေနေ့က တွစ်တာပေါ်မှာ ရေးသားခဲ့တာတွေဟာ အိမ်ဖြူတော်အရာရှိ အမြောက်အမြားကို မှတ်မှတ်ရရ ဖြစ်စေခဲ့ပါတယ်။

မစ္စတာဖလင်းကို ရာထူးမှ ဖယ်ရှားခဲ့ချိန်ကစပြီး ထရန့်က သူ့ရဲ့ အမျိုးသားလုံခြုံရေးအကြံပေးဟာ ရုရှားသံအမတ်နဲ့ စကားပြောဆိုဆွေးနွေးခဲ့မှုမှာ ဘယ်လိုအမှားအယွင်းကိုမှ လုပ်ခဲ့တာမရှိဘူးလို့ အလေးအနက် ပြောဆိုခဲ့ပါတယ်။

ဒီအကြောင်းအရာကိုပဲ ထရန့်က တွစ်တာပေါ်မှာ အကြိမ်ကြိမ်ရေးသားခဲ့တာဖြစ်ပါတယ်။ အပြောင်းအလဲ ကာလအတွင်းမှာ ဖလင်းလုပ်ဆောင်ခဲ့တာတွေဟာ တရားဥပဒေက ခွင့်ပြုတဲ့အတိုင်း လုပ်တာဖြစ်တဲ့အတွက် အခုလိုလိမ်လည်တာဟာ ရှက်စရာကောင်းတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှ ဖုံးကွယ်လိမ်လည်ထားစရာ အကြောင်းမရှိဘူးလို့ ထရန့်က ပြောဆိုခဲ့ပါတယ်။ ထရန့်ဟာ ပြီးခဲ့တဲ့ စနေနေ့က နယူးယောက်မြို့မှာ ရီပတ်ဘလစ်ကန် အမျိုးသားကော်မတီအတွက် ပြုလုပ်တဲ့ ရန်ပုံငွေရှာဖွေရေးအခမ်းအနားပွဲနှစ်ခုကို တက်ရောက်နေခဲ့ပါတယ်။

“ သမ္မတထရန့်က ၎င်းရုံးထိုင်ပြီး တစ်လတောင် မကြာသေးခင် ဖေဖော်ဝါရီလထဲမှာ မစ္စတာ ဖလင်းကို ထုတ်ပယ်ခဲ့တာပါ၊ ဘာကြောင့်လဲဆိုတော့ ဖလင်းဟာ ယခင်သမ္မတ အိုဘားမားက ရုရှားအပေါ်မှာ ပြုလုပ် ခဲ့တဲ့ ပိတ်ဆို့မှုတွေနဲ့ ပတ်သက်ပြီး ရုရှား သံအမတ် Sergey I.Kiyak နဲ့ ဆွေးနွေးခဲ့တာကို ဒုတိယသမ္မတ မိုက်ပန့်စ်ကို လိမ်ညာခဲ့လို့ ဖြစ်ပါတယ် ”

၎င်းရဲ့ မိန့်ခွန်းပြောဆိုမှုအတွင်းမှာ မစ္စတာဖလင်းနဲ့ ပတ်သက်တဲ့ အကြောင်း ကိစ္စရော ရုရှားနဲ့ပတ်သက်တဲ့ စုံစမ်းစစ်ဆေးမှုနဲ့ ပတ်သက်ပြီး ဖွင့်ဟပြောဆိုခြင်း မရှိခဲ့ဘူးလို့ အဲဒီ ရန်ပုံငွေပွဲကိုတက်ရောက်ခဲ့တဲ့ ပုဂ္ဂိုလ်နှစ်ဦးက ပြောကြားခဲ့ပါတယ်။

Mr.Strzok ကို စုံစမ်းစစ်ဆေးမှုအား တရားရေးဌာနက စုံထောက်ဗိုလ်ချုပ်မိုက်ကယ် E. Horowitz က အနီးကပ် ကြီးကြပ်ဆောင်ရွက်နေပြီး ၎င်းဟာ ကလင်တန်ရဲ့အီးမေးလ်ကိစ္စနဲ့ ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုကို အက်ဖ်ဘီအိုင်က ဘယ်လိုကိုင်တွယ်ဆောင်ရွက်နေတယ်ဆိုတာနဲ့ ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်စစ်ဆေးဆောင်ရွက်ရာမှာ ဦးဆောင်နေသူဖြစ်ပါတယ်။

Mr. Horowitz အနေနဲ့ စုံစမ်းစစ်ဆေးမှုအတွင်းမှာ ၎င်းရဲ့ စုံစမ်းစစ်ဆေးမှု အစီရင်ခံစာ တစ်စိတ်တစ်ပိုင်းကို ပြည်သူသို့ အသိပေးနိုင်ခြင်း ရှိ မရှိဆိုတာနဲ့ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း မသိရသေးပါဘူး။

ဇန်နဝါရီလအတွင်းမှာ ၎င်းရဲ့ စုံစမ်းစစ်ဆေးမှု စတင်ကြောင်း ကြေညာခဲ့တဲ့ မစ္စတာ ဟော်ရိုဝစ်ဟာ ၎င်းတွေရှိထားတဲ့ အချက်တွေနဲ့ ပတ်သက်ပြီး ထူးခြားတာတွေကို ဖော်ပြဖို့ ငြင်းဆန်ခဲ့ပါတယ်။ ဒါပေမယ့် မတ်လနဲ့ ဧပြီလတွေမှာ ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာတွေကို မိတ္တူကူးထားတာတွေရှိမယ်လို့ မျှော်လင့်ထားကြောင်း ၎င်းက ပြောကြားခဲ့ပါတယ်။

နယူးယောက်တိုင်းမ်

# မြစ်ကြီးနားမြို့ ကားကြီးဝင်းကို ယခုလ ၂၁ ရက်တွင် ပြောင်းရွှေ့ရန် ပြည်နယ်အစိုးရညွှန်ကြား

**မြစ်ကြီးနား ဒီဇင်ဘာ ၄**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ အဝေးပြေး ယာဉ်ရပ်နားစခန်း (ကားကြီးဝင်း)အတွင်းရှိ ယာဉ်အသင်းများ နှင့် အခြားသောဆိုင်ခန်းများ၊ လူနေတိုက်ခန်းများ အားလုံးကို ဆောက်လုပ်ပြီးစီးပြီဖြစ်သော တပ်ကုန်း ထွယ်ဆန်ရပ်ကွက် လမ်းသွယ်(၁၀) ရွှေလမ်းမကြီးအနီးရှိ ကားကြီးဝင်းအသစ်သို့ ယခုလ ဒီဇင်ဘာ ၂၁ ရက်မှ စတင်ပြောင်းရွှေ့ကြရန် ပုဂ္ဂလိက ပိုင် မော်တော်ယာဉ်များ ကြီးကြပ်မှုကော်မတီ (ယကတ)သို့ ပြည်နယ်အစိုးရအဖွဲ့က အကြောင်းကြားစာပေးပို့ ညွှန်ကြား ထားကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များ ကြီးကြပ်မှုကော်မတီ(ယကတ)၏ တာဝန်ရှိသူများနှင့် မော်တော်ယာဉ်အသင်းပိုင်ရှင်များအနေဖြင့် စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။ ၄င်းတို့အနေဖြင့် ယခုကားဝင်းတည်ရှိရာ အားကစားနှင့် ကာယပညာဦးစီးဌာနပိုင် နေရာ၌လည်း စာချုပ်သက်တမ်း သုံးနှစ်ခန့် ကျန်ရှိနေသေးသည့်အတွက် မပြောင်းရွှေ့လိုသေးဘဲ ယခုနေရာ၌သာ သုံးနှစ်ခန့် ဆက်လက်လုပ်ကိုင်လိုကြကာ ကားကြီးဝင်းအသစ်သို့ ပြောင်းရွှေ့ရန်မှာလည်း တိုက်ခန်းနေရာ ဈေးနှုန်းကြီးမြင့်မှုကြောင့် ဝယ်ယူရန်အခက်အခဲရှိနေကြောင်း မြစ်ကြီးနားခရိုင် ယကတထံမှ သိရသည်။

“အစိုးရအဖွဲ့က ကျွန်တော်တို့ ကားကြီးဝင်းကို ဒီလ ၂၁ ရက်နေ့မှာ စပြောင်းဖို့ဆိုပြီး အမိန့်ထုတ်ပြန်တဲ့စာ ပို့ထားတယ်၊ ကျွန်တော်တို့ကားဝင်းကလူတွေ အားလုံးကတော့ မပြောင်းချင်သေးဘူး၊ ဒီမှာလည်း သက်တမ်းက သုံးနှစ်လောက် ကျန်သေးတာဆိုတော့ ကျန်သေးတဲ့သက်တမ်းမှာ ဒီမှာပဲ ဆက်နေချင်သေးတယ်၊ ဒီကိစ္စကိုလည်း ကျွန်တော်တို့ ကော်မတီဝင်တွေနဲ့ ယာဉ်အသင်းပိုင်ရှင်တွေ ပူးပေါင်းပြီး စာတင်ဖို့လုပ်နေပါတယ်၊ ခွင့်ပြုမပြုကတော့ မပြောတတ်သေးဘူး”ဟု မြစ်ကြီးနားခရိုင် ယကတ ဥက္ကဋ္ဌ ဦးအေးဇော်ဇော်က ပြောသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ အမိန့်ထုတ်ပြန်ချက်ဖြစ်သော ယခုကားကြီးဝင်းမှ ကားကြီးဝင်းအသစ်သို့ ပြောင်းရွှေ့ရန်ကိစ္စမှာ ကာကြီးဝင်းသစ်တွင် တိုက်ခန်းနေရာများ ဝယ်ယူပြီးမှသာ ပြောင်းရွှေ့နိုင်မည်ဖြစ်သောကြောင့် တိုက်ခန်းဈေးနှုန်းကြီးမြင့်နေမှုသည် မော်တော်ယာဉ်အသင်းများအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်နေကာ အစိုးရအဖွဲ့၏ အမိန့်ထုတ်ပြန်ချက်အတိုင်း လိုက်နာနိုင်ရန် အခက်အခဲဖြစ်နေကြသည်ဟုလည်း ဥက္ကဋ္ဌက ဆက်လက်ပြောကြားပြီး တိုက်ခန်းဈေးနှုန်း အနည်းငယ် လျှော့ချပေးလျှင်ဖြင့် ယာဉ်အသင်းများ ပြေလည်သွားနိုင်သည်ဟု ၄င်းကသုံးသပ်သည်။

“ကားကြီးဝင်းအသစ်မှာ တိုက်ခန်းနေရာ ဝယ်ဖို့ကလည်း ဈေးကအလွန်ကြီးနေတော့ ဝယ်ဖို့ အခက်အခဲရှိတယ်၊ အစိုးရ၊ စည်ပင်နဲ့ ကုမ္ပဏီတွေဘက်က ကျွန်တော်တို့ယာဉ်အသင်းတွေကို သက်ညှာပြီး ဈေးနှုန်းနည်းနည်း လျှော့ပေါ့ပေးရင်တော့ ကောင်းမယ်လို့ထင်ပါတယ်၊ ဒါမှလည်း အားလုံးပြေလည်သွားလိမ့်မယ်၊ အခု ဒီဈေးနဲ့ပဲ ဒီနေ့ဒီရက် မဖြစ်မနေ ပြောင်းရမယ်ဆိုရင်တော့ ဘယ်လိုမှကို အဆင်မပြေနိုင်ဘူး”ဟုလည်း ဥက္ကဋ္ဌက ပြောသည်။




**ကားကြီးဝင်းအသစ်မှ တိုက်ခန်းများကို ရောင်းချရန်အသိပေးထားသောကြော်ငြာ**

ကားကြီးဝင်းအသစ်မှ တိုက်ခန်းနေရာများမှာ ကျပ်သိန်း ၇၀၀ နီးပါးခန့် ဈေးနှုန်းများနှင့် ရောင်းချလျက်ရှိရာ ထိုသို့ ဈေးနှုန်းများမြင့်နေမှုကြောင့် ယာဉ်စီးခများနှင့် ကုန်တင်ပို့ရာ၌ တန်ဆာခနှုန်းထားများ မြှင့်တက်လာမည်ကို ခရီးသွားပြည်သူများနှင့် ကုန်သည်လုပ်ငန်းလုပ်ကိုင်သော စီးပွားရေးလုပ်ငန်းရှင်များကလည်း စိုးရိမ်နေကြပြီး အခြေအနေ ဆက်လက်စောင့်ကြည့်နေရဆဲဖြစ်သည်ဟု ဆိုသည်။

“ကားကြီးဝင်းအသစ်က တိုက်ခန်းတွေကို သိန်း ၇၀၀ နီးပါးဆိုတော့ ဈေးနည်းနည်းများနေသလားလို့ ထင်မိတယ်၊ တစ်ခုနဲ့တစ်ခု အားလုံးက ဆက်စပ်နေတာဆိုတော့ ကားဂိတ်တွေက တိုက်ခန်းနေရာ ဈေးများရင် ကားခတွေ၊ တန်ဆာခတွေ ဈေးများလာမှာ စိုးတယ်၊ ကုန်သည်တွေအတွက် တန်ဆာခများလာရင် ကုန်ဈေးနှုန်းတွေ ကြီးလာမြင့်လာမှာ စိုးရတယ်၊ ပြောချင်တာက အဆင့်ဆင့် ဈေးနှုန်းကြီးမြင့်ခြင်းရဲ့ ရိုက်ခတ်မှုကို ပြည်သူကပဲ ခါးစည်းခံရမှာဆိုတော့ သင့်တင့်တဲ့ဈေးလေး ဖြစ်စေချင်ပါတယ်”ဟု ဒေသခံ ကုန်သည်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ ဦးအောင်မိုး ကပြောသည်။

ပြည်သူများကလည်း ယာဉ်အသင်းများ တိုက်ခန်းဈေးနှုန်း မြင့်မားခြင်းနှင့် အလောတကြီး ပြောင်းရွှေ့ခိုင်းခြင်းများကြောင့် ခရီးသွားပြည်သူများအပေါ် လာရောက်ရိုက်ခတ်မည်ကို စိုးရိမ်သည်ဟုဆိုသည်။

“တိုက်ခန်း သိန်း ၇၀၀ နဲ့ရောင်းတာ အရေးမကြီးဘူး၊ တော်ကြာ ကားခတွေဈေးတက်သွားမှဖြင့် ကျွန်မတို့ ခရီးသွားပြည်သူတွေပဲ နစ်နာမှာ၊ တိုင်းပြည်တစ်ပြည်မှာ ဘယ်လိုကိစ္စပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် နောက်ဆုံးကျရင် ပြည်သူကိုပဲ လာဆောင့်တယ်ဆိုတာ သတိပြုဖို့လိုတယ်”ဟု ခရီးသွားပြည်သူတစ်ဦးဖြစ်သူ ဒေါ်နန်လော့ဒ်က ပြောသည်။

လက်ရှိအချိန်တွင် မြစ်ကြီးနားခရိုင် ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များ ကြီးကြပ်မှုကော်မတီနှင့် မော်တော်ယာဉ်အသင်းပိုင်ရှင်များအနေဖြင့် ယခုကားကြီးဝင်းမှ ကားဝင်းအသစ်သို့ ပြောင်းရွှေ့ရန် ရက်သတ်မှတ်ပေးထားခြင်းကိစ္စကို နောက်ဆုတ်ပေးရန်နှင့် ကားဝင်းအသစ်မှ တိုက်ခန်းနေရာများ ဈေးနှုန်း ကျပ်သိန်း ၇၀၀ နီးပါး ရှိနေခြင်းကို လျှော့ပေါ့ပေးရန်တို့အတွက် ဆက်လက်ကြိုးစားနေကြပြီး ပြည်နယ်အစိုးရအဖွဲ့က ဖြေလျှော့မှုများ ပေးလိမ့်မည်ဟုလည်း ၄င်းတို့အနေဖြင့် မျှော်လင့်လျက်ရှိသည်။

**မင်းမင်းဦး**

# တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအထောက်အကူပြုဟောပြော

**ဖားဆောင်း ဒီဇင်ဘာ ၄**
ကယားပြည်နယ် ဖားဆောင်းမြို့နယ်မှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားစေရေးအတွက် အထောက်အကူပြု ဟောပြောပွဲကို အထကဖားဆောင်း ကျောင်းဝင်းအတွင်း၌ ဒီဇင်ဘာ ၂ ရက်က ကျင်းပခဲ့သည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အထောက်အကူပြု ဟောပြောပို့ချရာတွင် ပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လုစိန်၏ ကြီးကြပ်မှုဖြင့် လွိုင်ကော်တက္ကသိုလ်မှ ဆရာ(၂) ဦး ဆရာမ ကိုးဦး ပေါင်း ၁၁ ဦးတို့က သက်ဆိုင်ရာ ဘာသာရပ်အလိုက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဟောပြောဆွေးနွေးပို့ချခဲ့ကြပြီး ဟောပြောပွဲသို့ တက္ကသိုလ်ဝင်တန်းပြ ဆရာ ဆရာမ ၂၁ ဦးနှင့် တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၁၆၉ ဦး တက်ရောက်ခဲ့ကြသည်။



တက္ကသိုလ်မှ ဆရာ ဆရာမများက ယခုလို အထောက်အကူပြု လာရောက်ဟောပြော ပို့ချပေးခြင်းကြောင့် ဖားဆောင်း အထကမှ ကျောင်းသား ကျောင်းသူများအတွက် ၂၀၁၇-၂၀၁၈ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုရာတွင် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်းသိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲ မြို့နယ်များ၌ ကျင်းပ

**ဂန့်ဂေါ**
ဂန့်ဂေါမြို့တွင် ဒီဇင်ဘာ ၂ ရက် နံနက် ၅ နာရီခွဲက စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပခဲ့ပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ စုရပ်မှစတင်ကာ မြစ်သာမြစ် ရှောင်လမ်း၊ ထို့နောက် ကမ်းနားလမ်း၊ ဗိုလ်ချုပ်လမ်းအတိုင်း စုပေါင်းလမ်းလျှောက် ကြကာ ဂန့်ဂေါခရိုင်အားကစားကွင်းတွင် စုပေါင်းကိုယ်ကာယ လေ့ကျင့်ခန်း အတွဲ(၁)နှင့် အတွဲ(၂)တို့ကို ပြုလုပ်ကြသည်။ စုပေါင်းလမ်းလျှောက်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၄၀၀၀ ကျော်ပါဝင်ခဲ့ကြပြီး စုပေါင်းလမ်းလျှောက်ပွဲကိုဒီဇင်ဘာလအတွင်း စနေနေ့များတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၀၁)**

**မက်မန်း**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မက်မန်းမြို့၌ ဒီဇင်ဘာ အားကစားလ လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂ ရက်က ကျင်းပခဲ့ပြီး လမ်းလျှောက်ပွဲတွင် မက်မန်းခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်နှင့် မက်မန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းတို့ ဦးဆောင်လျက် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ပြည်သူများ စုပေါင်းပါဝင်ခဲ့သည်။ လမ်းလျှောက်ပွဲကို ဒီဇင်ဘာလအတွင်း စနေနေ့မနက်တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်းကျော်ဇင်ဝင်း**

# စိုက်ပျိုးရေလုံလောက်စေရန် ရေလွှဲဆည်နှင့် ရေပေးမြောင်းတည်ဆောက်

**မယ်စဲ့ ဒီဇင်ဘာ ၄**
ကယားပြည်နယ် မယ်စဲ့မြို့နယ် မယ်ဆည်နမ်ကျေးရွာ၌ မယ်ဆည်နမ်ရေလွှဲဆည်နှင့် ရေပေးမြောင်း တည်ဆောက်ခြင်းလုပ်ငန်းကို ကယားပြည်နယ်အစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ပုံငွေ ကျပ် ၁၉၉ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုများကို မြို့နယ်တည်ဆောက်ရေးနှင့် အရည်အသွေးစစ်ဆေးရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့် ကော်မတီဝင်များက ဒီဇင်ဘာ ၂ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါရေလွှဲဆည်ကို ဒေသခံတောင်သူလယ်သမားများ စိုက်ပျိုးရေး လုပ်ငန်းများတွင် ရေလုံလောက်မှုရှိစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဌာနက တည်ဆောက်နေခြင်းဖြစ်ပြီး အလျား ၁၄၇ ပေ၊ အကျယ် ၈၅ ပေ၊ ရေပေးမြောင်းအလျား ပေ ၅၀၀၀၊ ရေသွယ်လျှောက်တစ်ခုနှင့် ရေကျအဆောက်အအုံတစ်လုံးတို့ ပါဝင်မည်ဖြစ်ကာ လုပ်ငန်းများ ပြီးစီးပါက မယ်ဆည်နမ်ကျေးရွာအုပ်စုအတွင်းရှိ မိုးစပါးစိုက်ပျိုးသည့် လယ်မြေများသို့ ရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**



**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ဒီဇင်ဘာအားကစားလ ပထမပတ် လူထုစက်ဘီးစီးပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၆ နာရီက ပြုလုပ်ရာ စက်ဘီးစီးဝါသနာရှင်ပြည်သူများ စုပေါင်းပါဝင်၍ ကလေးမြို့ လမ်းဆုံမီးပွိုင့်မှ ခရိုင်ပြည်သူ့အားကစားကွင်းအထိ ဗိုလ်ချုပ်လမ်းမအတိုင်း တပျော်တပါး စက်ဘီးစီးနေကြစဉ်။** (လူထုစက်ဘီးစီးပွဲကို ဒီဇင်ဘာလအတွင်း အပတ်စဉ်တနင်္ဂနွေနေ့ နံနက်တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။)

**ဂျူနိုင်း**

# သွားနှင့်ခံတွင်းကျန်းမာရေး အခမဲ့ ကုသပေး

**တနသ်ာရီ ဒီဇင်ဘာ ၄**
တနသ်ာရီမြို့နယ်အတွင်းမှ သွားနှင့်ခံတွင်း ဝေဒနာရှင် ပြည်သူများအား အခမဲ့ ဆေးဝါး ကုသပေးမှုကို မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း(မြိတ်မြို့နယ်)မှ ဒေါက်တာကျော်ဆန်း ဦးဆောင်သည့် ဆေးပညာရှင် ၁၁ ဦး ပါဝင်သော သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာပေးကုသရေးအဖွဲ့က တနသ်ာရီမြို့ရှိ တနသ်ာရီခန်းမ၌ ဒီဇင်ဘာ ၂ ရက်က ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာပေး ကုသရေးအဖွဲ့သည် ကလေး ၂၄ ဦးနှင့် လူကြီး ၄၂ ဦး စုစုပေါင်း ၆၆ ဦးအား သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် သွားပိုးစားရောဂါ၊ သွားဖုံးရောဂါများ ကုသပေးခြင်း၊ ခံတွင်းကျန်းမာရေး စစ်ဆေးပြီး သွားနုတ်ခြင်း၊ သွားဆေးထည့်ပေးခြင်း၊ ဆေးပေးခြင်းများကို အခမဲ့ဆောင်ရွက်ပေးနိုင်ခဲ့ကာ သွားနှင့် ခံတွင်း သန့်ရှင်းရေးအတွက် ပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း အဖွဲ့ကိုဦးဆောင်သူ ဒေါက်တာကျော်ဆန်းက ပြောကြားသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



# မြန်မာ့ ကွမ်းတောင်ကိုင်ဓလေ့

မောင်သာ(ရှေးဟောင်းသုတေသန)



**ဖက်စိမ်းကွမ်းတောင်သည် ရုပ်ဝတ္ထုပစ္စည်းအားဖြင့် ဖက်ရွက်များဖြင့် ပြုလုပ်ထားသည့် တစ်ခါသုံး ကွမ်းတောင်လေးတစ်ခုသာဖြစ်သော်လည်း အညာဒေသ မြန်မာ့ယဉ်ကျေးမှုအရ မြန်မာမိန်းကလေးများ တန်ဖိုးထားမှုကြောင့် ဖက်စိမ်းကွမ်းတောင်၏တန်ဖိုးသည် အလွန်ကြီးမားခဲ့ပေသည်။ မြန်မာမိန်းမပျိုလေးများ၏ ဣန္ဒြေသိက္ခာနှင့် အလှအပတို့ကို အလေးထားခြင်း၊ ကိုယ်ကျင့်တရားကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အပျိုစင်ဘဝကို တန်ဖိုးထားခြင်းစသည့် စရိုက်များကို နူးညံ့သိမ်မွေ့သော မိန်းကလေးများ ငယ်စဉ်ကပင် သိရှိနားလည် လိုက်နာကြစေရန် ဖက်စိမ်းကွမ်းတောင်ကိုင်ဟူသည့် ဂုဏ်ဒြပ်ဖြင့် ရှေးလူကြီးများက ထိန်းကွပ်ခဲ့ခြင်းဖြစ်ပေသည်**

မြန်မာနိုင်ငံရှိ များပြားလှသည့် ယဉ်ကျေးမှုအစဉ်အလာများအနက် မိန်းကလေးများ ကွမ်းတောင်ကိုင်သည့် ထုံးတမ်းတစ်ရပ်သည် ပြည်သူအများစု ကိုးကွယ်သည့် ဗုဒ္ဓဘာသာနှင့် ဆက်နွှယ်နေပေသည်။ ကွမ်းတောင်ကိုင် မိန်းကလေးများကို မြန်မာနိုင်ငံ၏ ဗုဒ္ဓဘာသာဆိုင်ရာ ယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်သည့် ရှင်ပြုလှည့်လည်ပွဲများတွင် မြင်တွေ့နိုင်ကြသည်။

ကွမ်းတောင်ဟူသည့် ဝေါဟာရကို မြန်မာအဘိဓာန်က ကွမ်းထည့်သည့် ကလပ်တစ်မျိုး၊ ကွမ်းအစ်တင်ထားသော ကလပ်တစ်မျိုး၊ ဂူဘုရားတွင် ပစ္စယာအထက် ထီးအောက်ရှိ အစိတ်အပိုင်းဟု အဓိပ္ပာယ်သုံးမျိုးဖွင့်ဆိုသည်။ ကွမ်းတောင်ကိုင်ဟူသည့် ဝေါဟာရကိုလည်း ရှင်လောင်းလှည့်လည်ရာတွင် ကွမ်းတောင်ကိုကိုင်၍ လိုက်ရသည့် အမျိုးသမီး၊ အရပ်ထဲတွင် အလှဆုံးမိန်းမငယ်ဟု အဓိပ္ပာယ်နှစ်မျိုး ဖော်ပြသည်။

ကွမ်းတောင်ကိုင်ကို ကွမ်းတောင် ပန်းတောင်ကိုင်ဟုလည်း ပြောလေ့ရှိကြကာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ရှင်လောင်းလှည့်ပွဲများတွင် ကွမ်းတောင်ကိုင်မိန်းကလေးများသည် ရွှေချထားသည့် ကွမ်းအစ်ပုံ၊ ဆွမ်းအုပ်ပုံနှင့် ဟင်္သာပုံစသည့် ကွမ်းတောင်များကို ကိုင်ဆောင်ကြပြီး အထက်အညာဒေသများတွင် ဖက်စိမ်းကွမ်းတောင်ကို ကိုင်ဆောင်ကြသည်။ အချို့အရပ်ဒေသများတွင် ပန်းပုံသဏ္ဌာန် ကွမ်းတောင်များကို ကိုင်ဆောင်ကြသဖြင့် ကွမ်းတောင်ပန်းတောင်ဟု ခေါ်ဆိုခဲ့ကြဟန် ရှိပေသည်။

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ကွမ်းတောင်ကိုင်မိန်းကလေးတစ်ဦးအတွက် သတ်မှတ်ချက်များသည် ထူးထူးခြားခြား မရှိသော်လည်း အထက်အညာဒေသများတွင်မူ ဖက်စိမ်းကွမ်းတောင်ကိုင်ရမည့် မိန်းကလေးတစ်ဦးအတွက် ထူးခြားသည့် သတ်မှတ်ချက်များရှိသည်။ စည်းကမ်းသတ်မှတ်ချက်များဖြင့် ထိန်းချုပ်ထားသည့် ဖက်စိမ်းကွမ်းတောင်ကိုင်ဓလေ့ကို အညာဒေသများတွင် ယခုတိုင် ကျင့်သုံးနေဆဲဖြစ်သည်။

**ဖက်စိမ်းကွမ်းတောင် ဓလေ့**

ဖက်စိမ်းကွမ်းတောင်သည် ငှက်ပျောရွက်များဖြင့် ပြုလုပ်ထားသည့် ကွမ်းတောင်ဖြစ်သည်။ စိမ်းစိုလန်းဆန်းသော ငှက်ပျောရွက်များကို ကန်တော့ချွန်းပုံစံပြုလုပ်၍ ရွှေချထားသည့် သစ်သားပွတ်လုံးကလပ်ပေါ်တွင် တင်ထားသော ဖက်စိမ်းကွမ်းတောင်သည် ယဉ်ကျေးမှုဓလေ့အရ အလွန်တန်ဖိုးမြင့်မားကာ အညာဒေသတွင် နေထိုင်ကြသည့် အမျိုးသမီးငယ်များသည် ဖက်စိမ်းကွမ်းတောင်ကို ကိုင်ဆောင်လိုကြသည်။ ဖက်စိမ်းကွမ်းတောင်ကိုင်ဟူသည့် ဂုဏ်ပုဒ်ကို ပိုင်ဆိုင်လိုကြသည်။ သို့သော် ဖက်စိမ်းကွမ်းတောင်ဓလေ့သည် ရှေးအစဉ်အဆက်ကပင် အရည်အချင်း သတ်မှတ်ချက်များစွာ ချမှတ်ထားသည့် ထုံးတမ်းတစ်ရပ် ဖြစ်ခဲ့ပေသည်။

ဖက်စိမ်းကွမ်းတောင်ကိုင်ခွင့်ရမည့် မိန်းမပျိုသည် ပစ္စည်းဥစ္စာသင့်တင့်သော မိဘနှစ်ပါးမှ မွေးဖွားလာသည့် လှပသောမိန်းကလေးဖြစ်ရန် လိုအပ်သည်။ မိဘနှစ်ပါးသည် အပျို လူပျိုပေါင်းဖက်ခဲ့သည့် ငယ်လင်ငယ်မယား ဖြစ်ရမည့်အပြင် မိန်းမပျိုကိုယ်တိုင်သည် အကျင့်စာရိတ္တ အထူးကောင်းမွန်ကာ ချစ်သူရည်းစားမထားဖူးသည့် နာမည်ပျက်လုံးဝမရှိသော အပျိုစင်မိန်းကလေးဖြစ်ရမည်။ ကိုယ်လက်အင်္ဂါချို့ယွင်းမှုလုံးဝမရှိသည့်အပြင် ဝလွန်းခြင်း ပိန်လွန်းခြင်းမဖြစ်စေရဟူသည့် သတ်မှတ်ချက်ကိုလည်း ထည့်သွင်းထားသည်။ အရေးအကြီးဆုံးအချက်မှာ ဖက်စိမ်းကွမ်းတောင် ကိုင်ဆောင်မည့် မိန်းကလေးကို တစ်ရွာလုံးက သဘောတူရွေးချယ်ရန် ဖြစ်သည်။

ဖက်စိမ်းကွမ်းတောင်ကိုင် မိန်းကလေးသည် တစ်ရွာတွင် တစ်ယောက်သာ ဖြစ်ခွင့်ရှိသဖြင့် ငယ်ရွယ်လှပသော မိန်းကလေး အများစုသည် မိမိတို့ရွာ၏ ဖက်စိမ်းကွမ်းတောင်ကိုင်ဖြစ်လာရန် မျှော်လင့်လေ့ရှိကြသည်။ ဖက်စိမ်းကွမ်းတောင်ကိုင် မိန်းကလေးတစ်ဦးအတွက် အစဉ်အဆက်သတ်မှတ်ခဲ့သည့် စံထုံးများသည် ရွာရှိ မိန်းမပျိုများ၏ ကိုယ်ကျင့်တရားနှင့် ဣန္ဒြေသိက္ခာကို စောင့်ရှောက်ရန် ထိန်းကွပ်ထားပြီးဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် မိမိတို့၏ သားယောက်ျားလေးများကို အသက် ၂၀ မပြည့်မီ သာသနာ့ဘောင်သို့သွတ်သွင်းကာ ရှင်ပြုလေ့ရှိကြကာ အသက် ၂၀ ပြည့်ချိန်တွင် ရဟန်းခံပွဲကို ပြုလုပ်လေ့ရှိကြသည်။ ရဟန်းခံရှင်ပြုပွဲများတွင် အလှူကြီးနေ့မတိုင်မီ အကြိုရက် ညနေပိုင်းတွင် ရှင်လောင်းလှည့်သည့် အခမ်းအနားကို ကျင်းပလေ့ရှိကြသည်။ ရှင်လောင်းလှည့်ပွဲတွင် ရဟန်းလောင်းများနှင့် ရှင်လောင်းများကို ဆင်များ၊ မြင်းများ၊ ဝေါများဖြင့် တင်ဆောင်ကာ မိမိတို့ မြို့ရွာများအတွင်း လှည့်လည်ကြသည်။ မြို့ပြ ရှင်လောင်းလှည့်ပွဲများတွင် မော်တော်ယာဉ်များကို အသုံးပြုကြသော်လည်း ကျေးလက်များတွင် ဆင်များ၊ မြင်းများကို ယခုတိုင် သုံးစွဲနေကြဆဲဖြစ်သည်။

ရှင်လောင်းလှည့်ပွဲများတွင် ရဟန်းလောင်းနှင့် ကိုရင်လောင်းများ၏ မိဘဆွေမျိုးများသည် ထီး၊ ဖိနပ်၊ သင်္ကန်းစသော ပရိက္ခရာ ရှစ်ပါး၊ ဘုန်းတော်ကြီးကျောင်းသို့လှူဒါန်းမည့် လှူဖွယ်ဝတ္ထုများ၊ ရဟန်းလောင်းနှင့် ကိုရင်လောင်းများ ဘုန်းကြီးကျောင်းတွင်အိပ်စက်မည့် အိပ်ယာ၊ ဖျာ၊ ခြင်ထောင်များကို ကိုင်ဆောင်ကာ ကျေးရွာ၊ ရပ်ကွက်များအတွင်းသို့



အိုးစည်ဗုံမောင်းများ တီးခတ်လျက် လှည့်လည်ကြသည်။ မောင်ရင်လောင်းများ၏ မိဘများက ပရိက္ခရာရှစ်ပါးကို ကိုင်ဆောင်၍ လှည့်လည်ကြရာတွင် မိန်းမပျိုလေးများက ကွမ်းတောင်၊ ပန်းတောင်များ ကိုင်ဆောင်လျက် လိုက်ပါကြရသည်။ ငယ်ရွယ်လှပသော မိန်းကလေးများသာ ကွမ်းတောင်၊ ပန်းတောင်များကို ကိုင်ဆောင်ကြရသဖြင့် ကွမ်းတောင်ကိုင်ဟူသည့် စကားလုံးသည် အရပ်ထဲတွင် အလှပဆုံး မိန်းကလေးငယ်ဟု အဓိပ္ပာယ်တွင်လာခဲ့ပေသည်။

ကွမ်းတောင်ကိုင် မိန်းမပျိုများသည် ကွမ်းတောင်များကို ကိုင်ဆောင်လျက် ရှင်လောင်းလှည့်ပွဲများတွင် လိုက်ပါကြရာတွင် အညာဒေသများ၌ ရွှေ၊ ငွေ ကွမ်းတောင်ကိုင်များအပြင် ဖက်စိမ်းကွမ်းတောင်ကိုင် တစ်ဦးပါ လိုက်ပါရသည်။ ရှင်လောင်း လှည့်ပွဲတစ်ခုတွင် ဖက်စိမ်းကွမ်းတောင်ကိုင် မိန်းကလေးသည် တစ်ဦးသာ လိုက်ပါခွင့်ရှိသဖြင့် ဖက်စိမ်းကွမ်းတောင်ကိုင်ရမည့် ရွာခံမိန်းကလေးကို ရွာသူရွာသားများက ကြိုတင် ရွေးချယ်ထားကြရသည်။

ထိုမိန်းမပျိုသည် ရွာတွင်ပြုလုပ်သမျှ ရှင်ပြုပွဲများတွင် ဖက်စိမ်းကွမ်းတောင်ကိုင်အဖြစ် လိုက်ပါရသည်။ ဖက်စိမ်းကွမ်းတောင်ကိုင် မိန်းကလေးတစ်ဦးသည် အိမ်ထောင်ကျသွားလျှင်ဖြစ်စေ၊ ကွယ်လွန်သွားလျှင်ဖြစ်စေ၊ တစ်ရပ်တစ်ကျေးသို့ ပြောင်းရွှေ့သွားလျှင် ဖြစ်စေ၊ ကျန်းမာရေးချို့ယွင်းသွားလျှင်ဖြစ်စေ တစ်စုံတစ်ခုသော အကြောင်းကြောင့် ဖက်စိမ်းကွမ်းတောင်ကိုင် ဖြစ်ခွင့်မရှိတော့လျှင် ဖက်စိမ်းကွမ်းတောင်ကိုင် အသစ်တစ်ယောက်ကို ရွာလူကြီးများနှင့် ရွာသူရွာသားများက အများသဘောတူညီမှုဖြင့် ရွေးချယ်ကြရသည်။

**ဖက်စိမ်းကွမ်းတောင် ပြုလုပ်ပုံ**

ရှင်လောင်းလှည့်ပွဲမကျင်းပမီ တစ်ရက်အလိုတွင် အလှူမဏ္ဍပ်၌ ရွာရှိ အပျိုလေးများစုပေါင်းကာ ဖက်စိမ်းကွမ်းတောင် ထိုးကြသည်။ ဖက်ထိုးကျွမ်းကျင်သူ ခေါင်းဆောင်အမျိုးသမီး ဖက်ထိုးနေပုံကိုကြည့်ကာ လိုအပ်သည်များကို အပျိုများက ဝိုင်းဝန်းလုပ်ဆောင်ပေးကြရသည်။

ရှေးယခင်က ကွမ်းတောင်ချိုးမည့် လက်မှုပညာရှင်ကို အလှူရှင်က ကန်တော့ပွဲတစ်ပွဲဖြင့် ဖက်စိမ်းကွမ်းတောင်ချိုးရန် ပွဲအပ်ပါကြောင်းနှင့် လာရောက်ရမည့်ရက်ကိုပြောကြားကာ ဖိတ်ကြားရသည်။ အလှူမတိုင်မီ တစ်ရက်တွင် ဖျာကြမ်းများ ခင်းထား သည့် အလှူမဏ္ဍပ်အလယ်တွင် ရေဆေးထားသော စားပွဲကြီးကြီးတစ်လုံးကို ပိတ်ဖြူအသစ်ခင်းကာ ဆန်ပန်းပေါက်ပေါက်များကို ကြဲထားရသည်။

ဖက်စိမ်းကွမ်းတောင်ကို ငှက်ပျောရွက်များဖြင့်သာ ပြုလုပ်ရသဖြင့် ငှက်ပျောကိုင်းများကို အပင်မှခုတ်၍ အရွက်ကို မပြဲမစုတ်စေရန် ဆုတ်ယူကာ အစိမ်းနှင့်အဝါရောင်ဖက်များကို ယင်းစားပွဲပေါ်တွင် တင်ထားပြီး ဖက်များကိုတွဲစပ်မည့် ဝါးချောင်းငယ်လေးများကို တစ်ဖက်စောင်း၍ ချွန်ထားရသည်။ ဖက်မချိုးမီ ပန်းလည်တိုင်ကို ပွတ်လုံးထိုးထားသည့် အောက်ခံသစ်သားကလပ်အလယ်တွင် ခိုင်မြဲစွာစိုက်ပြီး ပန်းလည်တိုင်ကို မဏ္ဍိုင်ပြု၍ ဖက်များကို တစ်ပေခန့်မြင့်သည့် ထိပ်ချွန်မတ်ပိရမစ်ပုံစံဖြစ်လာစေရန် ချိုးကြရသည်။ ဖက်ချွန်းများကို အလျားလိုက်ထပ်ကာ ကြာမှောက်ကြာလှန်ပုံ နှစ်ဆင့်ပြုလုပ်သည်။ အလှန်နှင့် အမှောက်ကို ဝါးချောင်းငယ်များဖြင့်သီကာ ဖက်လိပ်များ ညွတ်မကျစေရန် ဝါးချောင်းများခံထားသည်။ ဖက်ထိပ်ချွန်၏ထိပ်တွင် ဖက်ရွက်တစ်ခုကို ကန်တော့ထိုးကာ ပြန်အုပ်ပြီး အနားသတ်လေ့ရှိသည်။ အများအားဖြင့် ဖက်စိမ်းကွမ်းတောင်တစ်ခုကို အောက်ခံကလပ်မပါ ၁၈ လက်မဝန်းကျင် ပြုလုပ်ကြသည်။ ၁၈ လက်မခန့်အမြင့်သည် မိန်းကလေးများ ကွမ်းတောင်ကို ကိုင်တွယ်ရာတွင် ခန္ဓာကိုယ်နှင့်လိုက်ဖက်သည့် အမြင့်ဖြစ်သည်။

ဝိုင်းဝန်းလုပ်အားပေးကြသည့် အပျိုမိန်းကလေးများက စိန်တောင်၊ ကြာဖူး၊ ကြာဖတ်များနှင့် ကွမ်းတောင်ထိပ်တွင် တပ်ဆင်မည့် ကြက်တူရွေးရုပ်ကို ချိုးကြရသည်။ အစိမ်းတစ်ကန့်၊ အဝါ တစ်ကန့်ဖြင့် လှပသော ကွမ်းတောင်တစ်ခုကို ချိုးရသည်မှာ လွယ်ကူလှသည်ကား မဟုတ်ချေ။ ကလပ်အောက်ခြေတွင် စိန်တောင်နှင့် ကြာဖူးများကို အဆင့်နှစ်ဆင့်တွဲထပ်လျက် ကြာဖူးကြာဖတ်များကို ဝါးသီတံများဖြင့် ဆက်ရသည်။ ဖက်ဖြင့်ပြုလုပ်ထားသည့် ကြက်တူရွေးရုပ်ကို ကွမ်းတောင်၏ထိပ်တွင် တွဲထားသည့် လှပသပ်ရပ်သော ဖက်စိမ်းကွမ်းတောင်သည် မြင်သူအပေါင်းကို ဆွဲဆောင်နေသကဲ့သို့ ရှိနေပေသည်။

ကွမ်းတောင်၏ထိပ်မှ အောက်သို့ ရောင်စုံအပ်ခြည်ကြိုးများဖြင့် ထိန်းထားပြီး အပ်ချည်ကြိုးတစ်လျှောက်တွင် စံပယ်၊ ခရေစသော ပန်းပွင့်များကို သီကုံးထားခြင်းဖြင့် ဖက်စိမ်းကွမ်းတောင်တစ်ခု ဖြစ်လာသည်။ ယင်းဖက်စိမ်းကွမ်းတောင်ကို မဏ္ဍပ်အတွင်းရှိ သံဃာစင်တွင် အခြားကွမ်းတောင်များ၏ အလယ်၌ ထားရှိသည်။ နောက်နေ့ အလှူလှည့်ချိန်တွင် ရွာ၏ ဖက်စိမ်းကွမ်းတောင်ကိုင် မိန်းကလေးက ထိုဖက်စိမ်းကွမ်းတောင်ကို ကိုင်ဆောင်ရပေသည်။

နူးညံ့ပျော့ပြောင်းသည့် ငှက်ပျောဖက်များကို အနုပညာလက်ရာမြောက်စွာ ကွမ်းတောင်တစ်ခုပုံ ပြုလုပ်ရသည့် ဖက်စိမ်းကွမ်းတောင်ချိုးခြင်းသည် အညာဒေသ၏ ထူးခြားသော လက်မှုပညာရပ်တစ်ခုဖြစ်သည်။ ဖက်စိမ်းကွမ်းတောင်များ ချိုးကြရာတွင် ဒေသတစ်ခုနှင့်တစ်ခု ပုံသဏ္ဌာန်ကွဲပြားမှုများ ရှိသော်လည်း ကွမ်းတောင်ကိုင်မိန်းကလေးအတွက် သတ်မှတ်ထားသည့် စံနှုန်းများသည် အချို့အချက်များတွင် ကွဲပြားမှုရှိသည်မှအပ အဓိက အချက်များသည်ကား အတူတူပင် ဖြစ်သည်။

ယခုအခါတွင် ဖက်စိမ်းကွမ်းတောင် ချိုးနိုင်ကြသူများသည် အညာဒေသမှာပင် ရွာတိုင်း၌ မရှိကြတော့ပါချေ။ ငှက်ပျောကိုင်းကို ဖြတ်သည်မှအစ၊ ငှက်ပျောရွက်ဆုတ်သည် အလယ်၊ အရွက်များကိုသီယှက်မည့် ဝါးချောင်းငယ်လေးများကို တစ်ဘက်စွေကာ ချွန်ရသည်အဆုံး သပ်ရပ်လှပစေရန် ကျွမ်းကျင်သူများကသာ လုပ်ဆောင်နိုင်ကြသည်။ ထို့ကြောင့် မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ် ထိန်းသိမ်းရမည့် လက်မှုပညာရပ်ဖြစ်သော ဖက်စိမ်းကွမ်းတောင်ချိုးသည့် အတတ်ပညာကို မျိုးဆက်သစ်များထံ ဆင့်ပွားရန် လိုအပ်လျက်ရှိနေပေသည်။

ဖက်စိမ်းကွမ်းတောင်ကို ပွေ့ပိုက်ကာ ရှင်လောင်းလှည့်ပွဲတွင် လိုက်ပါရသည့် သမီးပျိုလေးသည် ရွာသူရွာသားများ၏ ချစ်ခင်နှစ်သက်မှုနှင့်အတူ ရွာ၏အလှဂုဏ်ဆောင် မိန်းမပျိုဟု သတ်မှတ်ခြင်းခံကြရပြီး မိန်းကလေးငယ်များ အားကျရသည့် ရွာ၏ စံပြအလှမယ်လေးတစ်ဦးလည်း ဖြစ်လာသည်။

**ဖက်စိမ်းကွမ်းတောင်၏တန်ဖိုး**

ဖက်စိမ်းကွမ်းတောင်သည် ရုပ်ဝတ္ထုပစ္စည်းအားဖြင့် ဖက်ရွက်များဖြင့်ပြုလုပ်ထားသည့် တစ်ခါသုံး ကွမ်းတောင်လေး တစ်ခုသာဖြစ်သော်လည်း အညာဒေသ မြန်မာ့ယဉ်ကျေးမှုအရ မြန်မာမိန်းကလေးများ တန်ဖိုးထားမှုကြောင့် ဖက်စိမ်းကွမ်းတောင်၏တန်ဖိုးသည် အလွန်ကြီးမားခဲ့ပေသည်။ မြန်မာမိန်းမပျိုလေးများ၏ ဣန္ဒြေ၊ သိက္ခာနှင့် အလှအပတို့ကို အလေးထားခြင်း၊ ကိုယ်ကျင့်တရားကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အပျိုစင်ဘဝကို တန်ဖိုးထားခြင်း စသည့် စရိုက်များကို နူးညံ့သိမ်မွေ့သောမိန်းကလေးများ ငယ်စဉ်ကပင် သိရှိနားလည် လိုက်နာကြစေရန် ဖက်စိမ်းကွမ်းတောင်ကိုင်ဟူသည့် ဂုဏ်ဒြပ်ဖြင့် ရှေးလူကြီးများက ထိန်းကွပ်ခဲ့ခြင်းဖြစ်ပေသည်။

ဖက်စိမ်းကွမ်းတောင်၏ အစိမ်းရောင်ဖက်များကို ရည်ညွှန်းလျက် မြဖက်ကွမ်းတောင်၊ မြစိမ်းကွမ်းတောင်ဟုလည်း ခေါ်ဆိုကြသည်။ ဖက်စိမ်းကွမ်းတောင်ကိုင် မိန်းကလေးကို ရွာ၏ စံပြမိန်းကလေး၊ ရွာ့ကျက်သရေမိန်းကလေးဟု ယူဆကြသည်။ ဖက်စိမ်းကွမ်းတောင်သည် ရွှေကွမ်းတောင်၊ ငွေကွမ်းတောင်၊ ကျောက်စီကွမ်းတောင်များထက် ရုပ်ဝတ္ထုတန်ဖိုးအားဖြင့် များစွာလျော့နည်းသော်လည်း မြန်မာမိန်းကလေးတစ်ဦး စံပြုထိန်းသိမ်းရသည့် မြင့်မားသောကိုယ်ကျင့်တရားကို ကိုယ်စားပြုနေပေသည်။

ဖက်စိမ်းကွမ်းတောင်ကိုင်ဟူသည့် ဂုဏ်ပုဒ်ကို ပိုင်ဆိုင်ခွင့်ရရန် မိန်းကလေးများအား အမျိုးသမီးတစ်ဦး၏ အပျိုစင်တန်ဖိုးကို ကိုယ်တိုင်ထိန်းသိမ်းစောင့်ရှောက်စေသည့် ဓလေ့သည် အလွန်ကောင်းမွန်သော ထုံးတမ်းတစ်ခုအဖြစ် အစဉ်အဆက်တည်ရှိခဲ့ကာ လိုက်နာကျင့်သုံးခဲ့ကြသည်။

ယခုအခါတွင် ဖက်စိမ်းကွမ်းတောင်ကိုင် မိန်းကလေးကို သင့်လျော်ရာ၊ နီးစပ်ရာ ရွေးချယ်မှုများ ရှိလာကြသည်။ အစဉ်အလာရွေးချယ်ခဲ့သည့် စံထုံးတို့သည်လည်း လျော့ပါးစပြုလာနေပြီဖြစ်သည်။ သို့သော်လည်း ဖက်စိမ်းကွမ်းတောင်ကိုင်ဟူသည့် ဂုဏ်ပုဒ်ကို အညာဒေသတွင် ယနေ့တိုင် မြတ်နိုးစွာ ဂုဏ်ယူလျက်ရှိနေကြရာ မြန်မာတို့၏ သိမ်မွေ့လှပသည့် ယဉ်ကျေးမှုထုံးတမ်းများကို ဆက်လက်စောင့်ထိန်းကာ အမျိုးဂုဏ်ကို မြှင့်တင်ကြရမည်ဖြစ်ပေသည်။ ။

# ရှေးဟောင်း နံ့ရံဆေးပန်းချီများကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်

**ဝက်လက် ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် သရက်ကြီးရွာ မြောက်ဘက်ရှိ သာဒွန်းကျောင်းမှ စေတီဟောင်းတစ်ဆူ၌ ၁၅ ရာစု(မြန်မာသက္ကရာဇ် ၇၀၀ ကျော်ခန့်)က နံ့ရံဆေးရေးပန်းချီများကို တွေ့ရှိခဲ့ပြီး အဆိုပါ ပန်းချီများမှာ အလွန်ရှားပါးသော ရှေးဟောင်းလက်ရာဖြစ်ကာ တစ်နိုင်ငံလုံးတွင် အနည်းငယ်သာ ကျန်ရှိတော့သဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်နေကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းနံ့ရံဆေးရေးပန်းချီများ လေ့လာရေးလုပ်ငန်းကို ရုရှားသမိုင်းပညာရှင် Alexey Kirich enko(ခ) ဦးမြင့်လွင်နှင့် စစ်ကိုင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်မှ ဦးရာဇာအောင်တို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ရာမှ ရှေးဟောင်းပန်းချီများကို နိုဝင်ဘာ ၂၉ ရက်က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ၁၅ ရာစုလက်ရာ နံ့ရံဆေးရေးပန်းချီမှာ ယခုခေတ်တွင် များများမရှိတော့ဘဲ အနည်းသာရှိတော့သဖြင့် ထိန်းသိမ်းသင့်ကြောင်း၊ ညောင်ရမ်းခေတ်ပန်းချီ၊ ကုန်းဘောင်ခေတ်ပန်းချီ၊ ရတနာပုံခေတ်ပန်းချီများမှာ တွေ့ရှိရမှု များသေးသော်လည်း ယခု ၁၅ ရာစုလက်ရာ ပန်းချီမှာ အလွန်ရှားသွားပြီဖြစ်ကာ တစ်နိုင်ငံလုံးတွင်မှ သုံးနေရာ၊ လေးနေရာခန့်သာ ရှိတော့၍ ထိန်းသိမ်းထားရန် လိုအပ်နေပြီး နိုင်ငံတော်အစိုးရ ဌာနမှ လမ်းညွှန် ထိန်းသိမ်းပေးစေလိုကြောင်း လေ့လာသူတစ်ဦးက ပြောသည်။



စေတီဟောင်းတစ်ဆူတွင် ရုရှားပညာရှင် သုတေသနပြုနေစဉ်။

ဝက်လက်မြို့နယ် သရက်ကြီးရွာ မြောက်ဘက်ရှိ သာဒွန်းကျောင်း၌ စေတီပျက် ခုနစ်ဆူရှိသည့်အနက် တစ်ဆူကို အသစ်ပြင်ပြီးသွားပြီဖြစ်ကြောင်း၊ ၁၈ ရာစု နံ့ရံပန်းချီ အစိတ်အပိုင်း အနည်းငယ်ရှိသည့် စေတီတစ်ဆူကို လက်ရှိအချိန်တွင် အပေါ်ပိုင်း လူတစ်ရပ်နီးနီးကို ဖြိုပစ်လိုက်ပြီး အသစ်ပြန်တည်ရန် လုပ်နေကြကြောင်း၊ မြန်မာသက္ကရာဇ် ၇၀၀ ကျော်က နံ့ရံဆေးရေးပန်းချီမှာ စစ်ကိုင်းတိုင်းထဲတွင် နှစ်နေရာတည်း၌သာ ကျန်ရှိတော့၍ ထိန်းသိမ်းပေးရန် လိုအပ်ကြောင်းလည်း အဆိုပါ လေ့လာသူက ဆက်ပြောသည်။ **ငွေအိုး(ကသာ)**

# လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး လုပ်ငန်းအတွက် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့

**မြစ်ကြီးနား ဒီဇင်ဘာ ၄**

ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေထောက်ပံ့ ပေးအပ်ပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်နယ် လူသားချင်းစာနာထောက်ပံ့ကူညီလှူဒါန်းမှုဖြစ်မြောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အမှာစကားပြောကြားပြီး ဒေါက်တာဇော်ဝမ်း Asia Boom Co.,Ltd မှ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေးလုပ်ငန်းအတွက် လှူဒါန်းငွေ ကျပ်သိန်း ၁၀၀ အား ထောက်ပံ့ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ပြည်နယ်လူသားချင်း စာနာထောက်ပံ့ကူညီလှူဒါန်းမှုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ ကချင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းသို့ ထောက်ပံ့လှူဒါန်းရခြင်းနှင့်ပတ်သက်၍ Asia Boom Co.,Ltd အနေဖြင့် ကချင်ပြည်နယ်သူ ပြည်နယ်သားများကလည်း ရခိုင်ပြည်သူများအတွက် လူသားချင်း စာနာထောက်ထားပြီး အကူအညီပေးလိုတဲ့အတွက် ယခုလို မိမိတို့ တတ်နိုင်သလောက်ကို ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း ကုမ္ပဏီကိုယ်စားလာရောက်လှူဒါန်းပေးသည့် ဒေါက်တာထွယ်လုက ရှင်းလင်းပြောကြားခဲ့သည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် အစိုးရ၊ ပြည်သူ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ ပူးပေါင်းပါဝင်မှုဖြင့် ပံ့ပိုးကူညီလှူဒါန်းပေးနိုင်ရန် ပြည်နယ်လူသားချင်းစာနာထောက်ပံ့ကူညီလှူဒါန်းမှု ဖြစ်မြောက်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများအား ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ အဆင့်ဆင့်ဖွဲ့စည်းခဲ့ပြီး အလှူငွေများ လက်ခံရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့တွင် ထူးချွန်မသန်စွမ်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**ဘားအံ ဒီဇင်ဘာ ၄**

ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က ဘားအံမြို့ သီရိဘားအံဟိုတယ် ခမ်းမဆောင်၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် ထူးချွန် မသန်စွမ်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် (၉)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ (ASEAN PARA Games)မှ သံလုံးပစ်၊ လှံတံပစ်၊ သံပြားပစ်၊ မီတာ ၂၀၀၊ ၄၀၀ အပြေး ပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးဆုများ ရရှိသော ပြည်နယ်ကိုယ်စားပြု အားကစားသမားများနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် မူလတန်း အလယ်တန်း အထက်တန်း စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ကိုယ်အင်္ဂါမသန်စွမ်းသူများအား အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးကာ အထောက်အကူပြုပစ္စည်းများလည်း ထောက်ပံ့ပေးအပ်နေသလို မိုင်းထိလူနာများကိုလည် ငွေကြေးအထောက်အပံ့များ ကူညီထောက်ပံ့ပေးနေကြောင်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများအား ယခုလို ထောက်ပံ့ပေးအပ်နေသည့်အပြင် မသန်စွမ်းကလေးများ အနေဖြင့် မူကြိုကျောင်းများ၊ အခြေခံပညာကျောင်းများတွင် လာမည့်ပညာသင်နှစ်၌ ဝင်ရောက်ပညာသင်ကြားနိုင်ရန်အတွက် သင်ကြားပေးမည့် ဆရာဆရာမများအား နည်းစနစ်ဆိုင်ရာ သင်တန်းများလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ပြည်နယ်လူမှုဝန်ထမ်းဦးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

ကရင်ပြည်နယ်တစ်ခုလုံး အတိုင်းအတာအနေဖြင့် ကိုယ်အင်္ဂါမသန်စွမ်းသူ ၂၅၁၆ ဦး၊ ညဏ်ရည်မမီသူ ၈၅၄ ဦး၊ မျက်မမြင် ၄၉၇ ဦး၊ ဆွံ့အနားမကြား ၇၄၉ ဦးတို့ ရှိကာ ၂၀၁၄ သန်းခေါင်စာရင်းအရ နိုင်ငံအတွင်း လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် ၄ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည့် လူဦးရေ ၂၃ သိန်းကျော်သည် မသန်စွမ်းသူများ ဖြစ်ကြောင်း ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ စာရင်းအချက်အလက်များအရ သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



# မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းအမှိုက်ကောက်

**ကော့သောင်း ဒီဇင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ မြို့သန့်ရှင်းသာယာလှပရေး အသိပညာပေး Campaing တစ်ခုအဖြစ် စုပေါင်းအမှိုက်ကောက်ခြင်းအစီအစဉ်တစ်ရပ်ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

စုပေါင်းအမှိုက်ကောက်သည့် အစီအစဉ်တွင် ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရပ်ကွက်နေပြည်သူများ၊ ကျောင်းသားကျောင်းသူများ စုပေါင်းပါဝင်၍ ကော့သောင်းမြို့ အထင်ကရနေရာတစ်ခုဖြစ်သည့် ဘုရင့်နောင်အငူမှ ကမ်းနားလမ်းတစ်လျှောက် လမ်းဘေးဝဲယာရှိ အမှိုက်သရိုက်များကို ရှင်းလင်းခဲ့သည်။

မြို့နေပြည်သူများအနေဖြင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သည့် အလေ့အထများ လျှော့နည်းပပျောက်ရေး၊ မြို့သာယာလှပစေရေးနှင့် စနစ်တကျအမှိုက်စွန့်ပစ်သည့် အလေ့အထများအကြောင်း ပြည်သူလူထု အသိပညာရရှိစေရေး ရည်ရွယ်ချက်များဖြင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းအမှိုက်ကောက်ခြင်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# ငရုံ့ချောင်းဆည် ယိုယွင်းပျက်စီးလာ၍ တောင်သူများအခက်ကြုံနေ

**အင်းတော် ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် သုက္ခာကျေးရွာအုပ်စုတွင်းမှ တောင်သူလယ်သမားများ အဓိကအားထားရပြီး လယ်ကွင်းများနှင့် နန့်ဆင်ကျွန်းတော လယ်ယာမြေကွင်းများသို့ နှစ်စဉ် မိုးရာသီ စပါးစိုက်ပျိုးရေနှင့် အောင်ရေ ပေးနေသည့် ငရုံ့ချောင်းကွန်ကရစ်ဆည်ကြီး ချတ်ယွင်းပျက်စီးနေသဖြင့် တောင်သူများ အခက်ကြုံနေရကြောင်း သိရသည်။



“ငရုံ့ချောင်းဆည်ကြီးပျက်စီးလာတော့ လယ်သမားတွေ အခက်ကြုံလာတယ်၊ ဒီဆည်က ကျွန်တော်တို့ မြသီတာရွာက တောင်သူလယ်သမားတွေနဲ့ နန့်ဆင်ကျွန်းတောက တောင်သူတွေ မိုးစပါးစိုက်ပျိုးတဲ့အခါမှာ စိုက်ရေရော အောင်ရေရော အဓိကအားထားရတဲ့ ဆည်ဖြစ်တယ်၊ အားထားနေရတဲ့ဆည်က မြင်တဲ့အတိုင်း ပျက်စီးနေတော့ တောင်သူတွေ အခက်တွေ့လာတာပါ”ဟု သုက္ခာကျေးရွာအုပ်စု မြသီတာကျေးရွာမှ တောင်သူ ဦးမြင့်ဦးက ပြောသည်။

ဒေသခံတောင်သူဦးရေ ၇၀ ကျော် အားထားနေရသော ငရုံ့ချောင်းဆည်ကြီး ချတ်ယွင်းလာသည့်အတွက် ရေသိုလှောင်မှုရေထုအားနည်းလာကာ တောင်သူများအနေဖြင့် စိုက်ပျိုးထားသော စပါးခင်းများသို့ အောင်ရေသွင်းသည့်အခါ ထင်သလောက် ရေရရှိခြင်းမရှိဘဲ အခက်ကြုံနေကြရသဖြင့် ပျက်စီးနေသည့် ထိုဆည်ကြီးကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ပြုပြင်ပေးရန် တောင်သူများအနေဖြင့် လိုလားနေကြကြောင်း သိရသည်။ **သန်းမောင်လေး(ကချင်မြေ)**



ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြည်သူ့အားကစားကွင်း၌ ပြည်ခရိုင်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ခြောက်မြို့နယ် ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကို နိုဝင်ဘာ ၂၈ ရက်က ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ပထမဆုရရှိသော ရွှေတောင်မြို့နယ်ဘောလုံးအသင်းအား ဆုဖလားကို ခရိုင်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညဏ်ဇော်က ချီးမြှင့်စဉ်။

မြို့နယ်(ပြန်/ဆက်)

# တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း ကိုယ်စားလှယ်ရုံးခွဲဖွင့်

**ဗန်းမော် ဒီဇင်ဘာ ၄**

တရုတ်နိုင်ငံ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း၏ မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးခွဲတစ်ခုအဖြစ် ဗန်းမော်ရုံးခွဲကို ဗန်းမော်မြို့ သာစည်ရပ်ကွက် ခြောက်လကုန်းရပ်၌ နိုဝင်ဘာ ၂၉ ရက်က ဖွင့်လှစ်ခဲ့သည်။ ရုံးခွဲဖွင့်ပွဲတွင် တက်ဟုန်းပြည်နယ်ခွဲ ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာရန်စီကျွမ်းနှင့် တရုတ်နိုင်ငံမှ တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းနှင့် မြန်မာနိုင်ငံမှ တာဝန်ရှိသူများက အမှာစကားပြောကြားပြီး ရုံးခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ဗန်းမော်ပြည်သူ ဆေးရုံကြီးအတွက် အလှူငွေ ကျပ်သိန်း ၅၀ နှင့် မြစေတီကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ကျပ်သိန်း ၅၀ တို့ကို တက်ဟုန်းပြည်နယ်ခွဲမှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့သည်။ **ဆီမီးခုံ-နန်းရီ**

# လုပ်ငန်းခွင်အတွင်း သေဆုံးမှုဆိုင်ရာ အလုပ်သမားလျော်ကြေးမှာ ခေတ်ကာလအရ အလွန်နည်းနေ

**မကွေး ဒီဇင်ဘာ ၄**
၁၉၂၃ ခုနှစ် အလုပ်သမား လျော်ကြေးဥပဒေအရ လုပ်ငန်းခွင်အတွင်း အလုပ်သမားသေဆုံးမှု ဖြစ်ပွားလျှင် ပေးရမည့် လျော်ကြေးပမာဏမှာ ခေတ်ကာလအခြေအနေအရ အလွန်နည်းပါးနေကြောင်း မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီး ဦးနေမျိုးကျော်က နိုဝင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

"အလုပ်သမားလျော်ကြေးဥပဒေအရ လုပ်ငန်းခွင်အတွင်း အလုပ်သမားသေဆုံးမှုဖြစ်ပွားရင် ပေးရမယ့်လျော်ကြေးက ခေတ်ကာလနဲ့ကြည့်ရင် အလွန်အင်မတန်ကို နည်းနေပါတယ်၊ လေးသိန်းခွဲပဲဖြစ်လို့ အင်မတန် နစ်နာပါတယ်၊ လူသေသွားတာကို ထိုက်ထိုက်တန်တန်လျော်ပါဆိုတာမျိုးတော့ လူ့တန်ဖိုးနဲ့ လဲလို့မရပါဘူး၊ သေဆုံးသွားမှုအတွက် လျော်ကြေးမဟုတ်တဲ့ ကရုဏာကြေးကို သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေက ပေးကိုပေးသင့်ပါတယ်"ဟု ဝန်ကြီးက လက်ရှိအခြေအနေအပေါ် သုံးသပ်ပြောကြားသည်။

ယင်းသုံးသပ်ချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် နိုဝင်ဘာ ၂၇ ရက်က တိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်း ဟန်ထက် (၁) ကုမ္ပဏီပိုင် ကျောက်မီးသွေးတွင်း ပြိုကျခြင်းကြောင့် လုပ်ငန်းခွင်အတွင်း သေဆုံးခဲ့သည့် မြန်မာလုပ်သားခုနစ်ဦးအတွက် ကုမ္ပဏီက လူမှုကရုဏာကြေးများပေးရန် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးတို့မှ တစ်ဆင့် တိုက်တွန်းဆောင်ရွက်ခဲ့ကြောင်းလည်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

အဆိုပါဖြစ်စဉ်တွင် သေဆုံးသူ လုပ်သား ခုနစ်ဦးတို့၏ မိသားစုဝင်များထံသို့ လူမှုကရုဏာကြေး ကျပ်သိန်း ၇၀ စီကို ကုမ္ပဏီက နိုဝင်ဘာ ၃၀ ရက်တွင် တာဝန်ရှိသူများရှေ့မှောက်၌ ပေးအပ်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ဥပဒေအရ အလုပ်သမားတစ်ဦးလျှင် ကျပ်လေးသိန်းခွဲနှုန်းဖြင့် ခုနစ်ဦးအတွက် ငွေကျပ် ၃၁ သိန်းခွဲကိုလည်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ဖွင့်ထားသည့် ဘဏ်အကောင့်သို့ ကုမ္ပဏီမှ ပေးသွင်းရမည်ဖြစ်ကြောင်း၊ ထိုငွေကို ဌာနက ကျန်ရစ်သူမိသားစုထံသို့ ချက်လက်မှတ်ဖြင့် ပေးအပ်သွားမည်ဖြစ်ကြောင်း မင်းဘူး/စကုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းထံမှ သိရသည်။



အဆိုပါ ကျောက်မီးသွေးတွင်း ပြိုကျမှုဖြစ်စဉ်တွင် တရုတ်နိုင်ငံသားတစ်ဦးနှင့် မြန်မာလုပ်သားခုနစ်ဦး စုစုပေါင်း ရှစ်ဦးသေဆုံးသွားခဲ့ပြီး လေးဦး ဒဏ်ရာရခဲ့ကြောင်းနှင့် အဆိုပါဖြစ်စဉ်ကြောင့် ဟန်ထက်(၁) ကျောက်မီးသွေးတွင်းကို သတ္တုတွင်းဝန်ကြီးဌာနက ပြည်ထောင်စုအဆင့် အခွင့်အာဏာဖြင့် နိုဝင်ဘာ ၂၉ ရက်က အပြီးပိတ်လိုက်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကုမ္ပဏီပိုင်ရှင်နှင့် လုပ်ငန်းတာဝန်ခံကိုလည်း ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၄(က)ဖြင့် စလင်းမြို့နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **ဇေယျတု(မကွေး)**

# အင်းတော်မြို့တွင် မီးဘေးကာကွယ်ရေးကြိုတင်ဇာတ်တိုက်လေ့ကျင့်

**အင်းတော် ဒီဇင်ဘာ ၄**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ မြို့မဈေးကြီး၌ မီးဘေးကာကွယ်ရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၁ ရက်က မီးသတ်ဌာနနှင့် ဌာနဆိုင်ရာများ၊ ဈေးသူဈေးသားများ စုပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုလို မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းမှာ အင်းတော်မြို့သည် ယခင်က အကြီးအကျယ်မီးလောင်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ဖူး၍ ထိုအဖြစ်မျိုး ထပ်မဖြစ်စေရန်အတွက် ကြိုတင်ဇာတ်တိုက် လေ့ကျင့်ထားရခြင်းဖြစ်ကြောင်း လေ့ကျင့်ရာတွင် ပါဝင်သည့် မြို့မီးမြို့ဖတစ်ဦးက ပြောသည်။ အဆိုပါ ဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်ခြင်းကို အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေး ကြပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ စုပေါင်းပါဝင် လေ့ကျင့်ခဲ့ကြသည်။ **လူအောင်(ကသာ)**



# ကျွန်းလှမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ပေးအပ်

**ကျွန်းလှ ဒီဇင်ဘာ ၄**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ပေးအပ်ပွဲကို ဒီဇင်ဘာ ၁ ရက်က မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပခဲ့သည်။ ရန်ပုံငွေပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းဝင်းနှင့် မြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးသက်ထားမောင်တို့က အမှာစကားပြောကြားပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ အဆိုပါ လွှတ်တော်ရန်ပုံငွေဖြင့် မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် တံတားလုပ်ငန်း ၁၇ ခု၊ လမ်းလုပ်ငန်း ၁၂ ခု၊ ရေမြောင်းနှင့် ရေပြွန်လုပ်ငန်း ခုနစ်ခု၊ ရေတွင်းရေကန်လုပ်ငန်း ၁၀ ခုနှင့် အခြားလုပ်ငန်း ၁၆ ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်မိုးခိုင်၏ ပြောကြားချက်အရ သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ကသာ-အင်းတော်-မံစီ ခရိုင်ချင်းဆက်လမ်းတွင် ကတ္တရာလမ်း တိုးချဲ့ခင်းကျင်းနေ

**ဗန်းမောက် ဒီဇင်ဘာ ၄**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ ကသာ-အင်းတော်-မံစီလမ်းပိုင်း မိုင်တိုင်အမှတ် (၄၄/၂)မှ (၄၅/၄) အထိတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၄၅ သန်းဖြင့် မူလကတ္တရာခင်းထားသော ၁၂ ပေအကျယ်လမ်းကို ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်နေကြောင်း သိရသည်။

ကသာ-အင်းတော်-မံစီ လမ်းပိုင်းသည် ကသာမြို့နယ်၊ အင်းတော်မြို့နယ်နှင့် ဗန်းမောက်မြို့နယ် သုံးခုတို့ကြား ဆက်သွယ်ထားသော ခရိုင်ချင်းဆက်လမ်းဖြစ်ပြီး ကသာခရိုင်အတွက် အရေးပါလှသော လမ်းတစ်လမ်းဖြစ်သလို ဒေသခံ တိုင်းရင်းသားပြည်သူများ အားထားအသုံးပြုနေရသော လမ်းတစ်လမ်းလည်းဖြစ်၍ နိုဝင်ဘာလကုန်ပိုင်းမှစကာ ကတ္တရာလမ်း တိုးချဲ့ခင်းခြင်းကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ "တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေနဲ့ ကျွန်တော်တို့ ဆောင်ရွက်နေတာဖြစ်ပါတယ်၊ ပွင့်လင်းရာသီဆိုတော့ လုပ်ကိုင်ရတာလည်း လွယ်ကူပါတယ်"ဟု ဗန်းမောက်မြို့နယ် လမ်းဦးစီးဌာနမှူး ဦးတင်ကျော်ဦးက ပြောကြားသည်။ **သန်းမောင်လေး**

## သတင်းတိုများ

### စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)ကကြီးမှူး၍ စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲကို ဒီဇင်ဘာ ၈ ရက် (သောကြာနေ့)မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ မြို့နယ်ခန်းမ အလုံမြို့နယ်တွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၄ ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ TCL စားသောက်ဆိုင် အမှတ်(၄၆/၁) သံသုမာလမ်း ၁၄/၂ ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်းနှင့် ဆရာဝန်များအားလုံးတက်ရောက်နိုင်ကြောင်း သိရသည်။ **ဗထူး**

### တီဘီလူနာများအား ကွင်းဆင်းရှာဖွေ ဆေးကုသပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့ပေါ်နှင့် ကျေးလက်များမှ တီဘီရောဂါ သံသယရှိနေသည်ဟု ယူဆနေရသူများနှင့် တီဘီရောဂါပိုးရှိနေသည့် ပြည်သူများအား ကျိုင်းတုံမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့များက မိုင်းယုပြည်သူ့ဆေးရုံ၌ ဒီဇင်ဘာ ၂ ရက်က ကွင်းဆင်းကာ တီဘီလူနာများ ရှာဖွေကုသခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ ကွင်းဆင်းကုသမှုကို ကျိုင်းတုံမြို့ တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ ဒေါက်တာ နန်းဆောင်ခမ်း ဦးဆောင်သောအဖွဲ့က ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ကုသရာတွင် မိုင်းယုမြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ၊ ကလေးများမှ တီဘီရောဂါ သံသယရှိဖွယ်လူနာများအား သလိပ်များ စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက် စမ်းသပ်ပေးခြင်းနှင့် ရောဂါရှိပါက တီဘီဆေးနှင့် လိုအပ်သောဆေးများပေးခြင်းတို့ကို အခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုကိုနိုင်(ပြန်/ဆက်)**

### အခြေခံ တိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်းဖွင့်

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ ရွှေဥဒေါင်းရပ်ကွက်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ အခြေခံ တိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်းကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းကို မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာကျော်လင်းက ဦးစီး၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်၏ ပံ့ပိုးမှုဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ခေတ်မီ မွေးမြူရေးနည်းပညာများ၊ ကြက်မွေးမြူရေး၊ ဝက်မွေးမြူရေးနှင့် မြက်ချဉ်ဖတ်ပြုလုပ်နည်းများကို သင်ကြားပို့ချခဲ့ကာ သင်တန်းသို့ သင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုမင်း(မိုးညို)**

# ကလေးစာပေပွဲတော် ဒုတိယနေ့တွင် လာရောက်ပါဝင်ဆင်နွှဲသည့် ကလေးများဖြင့် စည်ကားများပြား

**ကျိုင်းတုံ ဒီဇင်ဘာ ၄**
ကျိုင်းတုံမြို့ မြို့တော်ခန်းမတွင် ကျင်းပလျက်ရှိသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဒုတိယနေ့တွင် ပွဲတော်လာရောက်သည့် ကလေးပရိသတ်များနှင့် မိဘများ၊ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်သည့် ကလေးများ စည်ကားခဲ့ကြောင်း သိရသည်။



ပွဲတော်တွင် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပွဲတော်လာရောက်သည့် ကလေးငယ်များက ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ခေါက်ပြိုင်ပွဲ၊ အိမ်ဆောက်ပြိုင်ပွဲ၊ ခွက်နင်းပြိုင်ပွဲ၊ ဖိနပ်စီးပြိုင်ပွဲ၊ ပုပေါင်းညှပ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများတွင် ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲများတွင် ဆုရရှိသူများအား ပိတ်ပွဲအခမ်းအနားတွင် ဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ ပွဲတော်သို့ လာရောက်သူများအား လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များက လက်ဆောင်ပစ္စည်းများနှင့် စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိကြောင်းလည်း သိရှိရသည်။

အဆိုပါကလေးစာပေပွဲတော်ကို ကလေးများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး၊ စာပေဖတ်ရှုမှု အလေ့အကျင့်ကောင်းများ တိုးပွားရရှိရေး၊ တီထွင်ဖန်တီးမှု ဉာဏ်ရည်ဉာဏ်သွေးများ ထက်မြက်လာစေရေးစသည့် ရည်ရွယ်ချက်များဖြင့် နှစ်ရက်ကြာ ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်းလျက်ရှိကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ကြည်က ပြောကြားသည်။ **ဝေယံလင်း(ပြန်/ဆက်)**

# ကမ်းပါးပြိုကျမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ကျောက်စီမြေထိန်းနံရံများ တည်ဆောက်



**ကျောက်တံခါး ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းဒေသ မကျည်းပင်ကျေးရွာအုပ်စု ခင်သာကျေးရွာ၌ တုံကန်ချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ယခုအခါ ကျောက်စီမြေထိန်းနံရံများ တည်ဆောက်နေကြောင်း သိရသည်။

"ကျွန်တော်တို့ ခင်သာကျေးရွာမှာ အိမ်ထောင်စု ၂၅၀ လူဦးရေတစ်ထောင်ကျော်ရှိပြီး လယ်ယာလုပ်ငန်းကို အများစုလုပ်ကိုင်ကြပါတယ်၊ ကျွန်တော်တို့ရွာက ဒီပဲခူးရိုးမက စီးဆင်းလာတဲ့ တုံကန်ချောင်းအနီးနားမှာ ရှိပါတယ်၊ ချောင်းကရေစီးသန်ပြီးကမ်းပါးတွေပြိုကျလာတာတွေကလူနေအိမ်တွေနဲ့အလွန်နီးကပ်လာပြီး အန္တရာယ်ရှိတာကြောင့် ကျွန်တော်တို့ရွာကို အကူအညီပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနတွေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ထံ တင်ပြခဲ့လို့ အခုတော့ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၅၆၀ ရရှိခဲ့တာကြောင့် ကျောက်စီမြေထိန်းနံရံ တည်ဆောက်နိုင်ရေးအတွက် ဘိုးပိုင်တွေ စိုက်နေပါပြီ၊ အခုတော့ ကမ်းပါးပြိုခြင်းအန္တရာယ်မှ ကင်းဝေးပြီး နေအိမ်တွေ မရွှေ့ပြောင်းရလို့ တစ်ရွာလုံးဝမ်းသာနေကြပါတယ်" ဟု ခင်သာကျေးရွာနေ ပြည်သူတစ်ဦးက ပြောသည်။

မြေထိန်းနံရံတည်ဆောက်နေသည့်နေရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ဦးနှင့်အဖွဲ့များသည် နိုဝင်ဘာ ၃၀ ရက်က လုပ်ငန်းဆောင်ရွက်နေသည်များကို ကြည့်ရှုခဲ့ပြီး ပဲခူးတိုင်းဒေသကြီးရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးသိန်းဆွေက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# မန်းရွှေစက်တော် တည်းခိုဆောင်များ တည်ဆောက်ရာတွင် သံထည်များဖြင့် အစားထိုးဆောက်လုပ်မည်

**မကွေး ဒီဇင်ဘာ ၄**

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းသည့်အနေဖြင့် ၂၀၁၈ ခုနှစ်၌ မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးတွင် ဆောက်လုပ်မည့် တည်းခိုဆောင်များဆောက်လုပ်ရာတွင် သံထည်များ အစားထိုးဆောက်လုပ်သွားမည်ဖြစ်ကြောင်း ဘုရားကြီး ဂေါပကအဖွဲ့ထံမှ သိရသည်။

"သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတဲ့အနေနဲ့ သစ်တောမပြုန်းတီးစေရေးအတွက် တည်းခိုဆောင်တွေ ဆောက်လုပ်ရာတွင် Steel-Structure ၅၀ ရာခိုင်နှုန်း အစားထိုးတည်ဆောက်မယ်လို့ စီမံထားတယ်၊ ကုမ္ပဏီရဲ့ ဒီဇိုင်းအရရယ်၊ ပွဲတော်ကျင်းပဖို့ရက်ပေါင်း ၅၀ အလိုဆိုတော့ ၅၀ ရာခိုင်နှုန်းလည်းဖြစ်ချင်ဖြစ်မယ်၊ ၃၀ ရာခိုင်နှုန်းလည်းဖြစ်နိုင်ပါတယ်၊ ရာခိုင်နှုန်းအတိအကျတော့ မပြောနိုင်သေးပါဘူး၊ မနှစ်က ဘုရားပွဲတော်ကျင်းပခဲ့ချိန်က အဆောက်အအုံတွေဆောက်လုပ်ဖို့အတွက် မျောတိုင် တစ်သိန်းရှစ်သောင်းဝန်းကျင် ခုတ်ထွင်အသုံးပြုခဲ့ရတဲ့အတွက် သစ်တောမပြုန်းတီးစေဖို့၊ ရာသီဥတု ပြောင်းလဲမဖောက်ပြန်စေဖို့ ကာကွယ်တဲ့အနေဖြင့် အခုနှစ်မှစ၍ အစားထိုးပြောင်းလဲလုပ်ဆောင်ခဲ့တာဖြစ်ပါတယ်" ဟု ဂေါပကဥက္ကဋ္ဌ ဦးသိန်းလှိုင်က ပြောသည်။

တည်းခိုဆောင်လျှောက်လွှာများအား ဒီဇင်ဘာလအတွင်းရောင်းချပေးသွားမည်ဖြစ်ပြီး လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် နှစ်သိန်းဖြင့် ဝယ်ယူကာ ဘုရားကြီးဂေါပကအဖွဲ့သို့ ဒီပိုဆစ်သိန်း ၄၀ တင်ပြီး လျှောက်ထားနိုင်ပါကြောင်း၊ လျှောက်ထားသူများအနေဖြင့် မဲနှိုက်ရမှာဖြစ်ပြီး မဲမပေါက်သူအား ဒီပိုဆစ်သိန်း ၄၀ ချက်ချင်းပြန်ပေးမယ် ၊မဲပေါက်သူကတော့ တည်းခိုဆောင် တန်ကြေးအလိုက် ဒီပိုဆစ်သိန်း ၄၀ အတွင်းမှ သိန်း ၂၀ ကို ဖိနှိမ်နိုင်တယ်၊ ကျန်သိန်း ၂၀ ကို ဂေါပကအဖွဲ့က ဒီပိုဆစ် အနေဖြင့်ယူဆောင်ထားပြီး ပွဲတော်ပြီးမှ ပြန်ပေးရသည်၊ တည်းခိုဆောင်လုပ်ကိုင်သူများအနေဖြင့် ဂေါပကအဖွဲ့က သတ်မှတ်ပေးထားသော စည်းမျဉ်း၊ စည်းကမ်းများအား ဖောက်ဖျက်ပါက ဒဏ်ကြေးပေးဆောင်စေရန် ယူဆောင်ထားခြင်းဖြစ်ကြောင်း ဂေါပကဥက္ကဋ္ဌမှ ဆက်လက်ပြောကြားသည်။

မန်းရွှေစက်တော်ဘုရားပွဲတော်တွင် ဈေးဆိုင်ခန်းပေါင်း ၁၀၀၀ ကျော်၊ ပုဂ္ဂလိကတည်းခိုဆောင် ၁၂၆ လုံးနှင့် ဂေါပကအဖွဲ့ပိုင် နမ္မဒါတည်းခိုဆောင်နှစ်လုံးဆောက်လုပ်သွားမည်ဖြစ်ကြောင်းသိရပြီး ယခုနှစ် ဈေးဆိုင်ခန်းများဆောက်လုပ်မှုတွင် သံထည်ဖြင့် အစားထိုးဆောက်လုပ်ခြင်း မပါဝင်သေးကြောင်း သိရသည်။

**ကျော်ဇေယျ**

# မန္တလေးတက္ကသိုလ်၌ ပထမဆုံးအကြိမ် နက္ခတ်တာရာကြည့်ရှုလေ့လာခြင်း လက်တွေ့သရုပ်ပြ သင်ကြား



**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးတက္ကသိုလ်တွင် ပထမဆုံးအကြိမ် မြန်မာနိုင်ငံရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များမှ ဆရာ ဆရာမျာနှင့် ကျောင်းသားကျောင်းသူများအား အရှေ့တောင်အာရှ နက္ခတ္တဗေဒ ဘာသာရပ်ဆိုင်ရာ၊ရူပဗေဒဆိုင်ရာပညာရှင်များက နက္ခတ်တာရာကြည့်ရှုလေ့လာခြင်းကို ဒီဇင်ဘာ ၁ ရက်မှ ၂ ရက်အထိ လက်တွေ့ သရုပ်ပြသင်ကြားပေးခဲ့ကြောင်း သိရသည်။

အရှေ့တောင်အာရှ နက္ခတ္တဗေဒ ဘာသာရပ်ဆိုင်ရာ၊ ရူပဗေဒဆိုင်ရာ ပညာရှင်များ ၉ ကြိမ်မြောက် ဆွေးနွေးပွဲကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် မန္တလေးတက္ကသိုလ်၌ နိုဝင်ဘာ ၂၉ ရက်မှ ၃၀ရက်အထိ လက်ခံကျင်းပခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၂ ရက်အထိ ဆရာ ဆရာမများနှင့် စိတ်ပါဝင်စားသည့် ကျောင်းသား ကျောင်းသူများကို ရူပနက္ခတ္တဆိုင်ရာသင်တန်းများပို့ချခြင်း၊ Galileo Telescope တပ်ဆင်ကြည့်ရှုခြင်းများကို မန္တလေးတက္ကသိုလ်အတွင်းရှိ ဘောလုံးကွင်းတွင် ညပိုင်း၌ လက်တွေ့သရုပ်ပြသင်ကြားပေးခဲ့ခြင်းဖြစ်သည်။

"ဒီဆွေးနွေးပွဲမှာ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနဲ့ တောင်အာဖရိကနိုင်ငံတွေက Telescope တွေ လှူဒါန်းပြီး ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေကို Telescope ကြည့်ရှုမှုနဲ့ သင်ကြားရေးအပိုင်းတွေကို နှစ်ရက်တာ သင်ကြားပေးသွားပါတယ်" ဟု မန္တလေးတက္ကသိုလ် ရူပဗေဒဌာန ပါမောက္ခဒေါက်တာ ဒေါ်လဲ့လဲ့ဝင်းကပြောသည်။

အရှေ့တောင်အာရှ နက္ခတ္တဗေဒ ဘာသာရပ်ဆိုင်ရာ၊ရူပဗေဒဆိုင်ရာ ပညာရှင်ဆွေးနွေးပွဲကို တစ်နှစ်တစ်ကြိမ် အလှည့်ကျ ကျင်းပခဲ့ပြီး အဆိုပါဆွေးနွေးပွဲတွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံ ၈ နိုင်ငံပါဝင်ကြောင်း သိရသည်။

အဆိုပါ ၉ ကြိမ်မြောက်ဆွေးနွေးပွဲသို့ အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်ရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ် အသီးသီးမှ ရူပဗေဒ ဆရာ ဆရာမ ၉၀ကျော်နှင့် ကျောင်းသားကျောင်းသူ ၇၀ ကျော်တို့ တက်ရောက်ခဲ့ကြပြီး ထိုင်း၊ ဂျပန်၊ တောင်အာဖရိကနိုင်ငံများမှ လှူဒါန်းထားသည့် Galileo Telescope ၄၈ ခု၊ Dobsonian Telescope နှစ်လုံးနှင့်Vixen Refractor နှစ်လုံးတို့ဖြင့် လက်တွေ့လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သီပေါမြို့၌သူခိုးပူနေ၍ ရပ်ကွက်ပြည်သူများစိုးရိမ်နေကြရ

**သီပေါ ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ရှိ တောင်မြို့ရပ်၊ အုပ်ကျင်းရပ်နှင့် ပန်းတိမ်မြောက်ရပ်ကွက်တို့၌ ယခုရက်ပိုင်းအတွင်း သူခိုးပူနေသဖြင့်ရပ်ကွက်ပြည်သူများ အိပ်ကောင်းခြင်းမအိပ်ရဘဲ စိုးရိမ်ပူပန်နေကြရကြောင်း သိရသည်။

တောင်မြို့ရပ်ကွက်တွင် နိုဝင်ဘာလနောက်ဆုံးပတ်ကလည်း အိမ်တစ်အိမ်၌ အိမ်အတွင်းဖောက်ထွင်းဝင်ရောက်ပြီး အိပ်ပျော်နေသောကလေးမ၏ လည်ပင်းမှ ဆွဲကြိုးကို ဆွဲဖြုတ်၍ ထွက်ပြေးသွားသည်။

အလားတူဖြစ်ရပ်မျိုးအုပ်ကျင်းရပ်နှင့် ပန်းတိမ်မြောက်ရပ်ကွက်တို့၌လည်း ဖြစ်ပွားခဲ့သဖြင့် ရပ်ကွက်ပြည်သူများက စိုးရိမ်နေကြရကြောင်း သိရသည်။

**စိုင်း(သီပေါ)**

**မွန်ပြည်နယ် မုဒုံမြို့နယ်ရဲမှူး ရဲမှူးမြအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၉ ရက်က မုဒုံမြို့နယ် တာပသွန်ကျေးရွာ အ.လ.က(ခွဲ)ကျောင်းသို့ ရောက်ရှိလာပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသားကျောင်းသူများကို မူခင်းအသိပညာပေးဆောင်ရွက်နေစဉ်။**

မော်လမြိုင်(ကိုယ်ပွား)



# သံဃာများနှင့်သီလရှင်များကို အခမဲ့ ကားစီးနင်းခွင့်ပေးမည်

**မြစ်ကြီးနား ဒီဇင်ဘာ ၄**

အဝေးပြေးယာဉ်လိုင်းပြေးဆွဲလျက်ရှိသော ဂျိန်းဖောရွှေမြေယာဉ်လိုင်းတွင် သံဃာများနှင့်သီလရှင်များကိုအခမဲ့ ရာသက်ပန် ကားစီးနင်းခွင့်ပေးမည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့ရှိ ဂျိမ်းဖောရွှေမြေဂိတ်၏ ဂိတ်မှူးထံမှ သိရသည်။

အဆိုပါဂိတ်မှ ပြေးဆွဲနေသည့် ခရီးစဉ်များမှာ မြစ်ကြီးနား-တန့်ဆည်-ရေဦး-မုံရွာ-မင်းတိုင်ပင် ခရီးစဉ်နှင့် မင်းတိုင်ပင်-ပုလဲ-မုံရွာ-တနိုင်း- ခရီးစဉ် နှစ်ခုဖြစ်ပြီး မြစ်ကြီးနား-မန္တလေး -နေပြည်တော်ခရီးစဉ်ကို ယခုလ ၁၈ ရက်တွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နိုဝင်ဘာလကစပြီး ရာသက်ပန် အလကားစီနင်းခွင့်ပေးတာပါ အဓိကကတော့ ဗုဒ္ဓဘာသာအနေနဲ့ ရဟန်းသံဃာတွေကို လှူဒါန်းသင့်တယ် ထင်လို့ပါ မလှူနိုင်ရင် ဈေးရောင်းဆိုတဲ့ စကားပုံလို့ပေါ့" ဟု အဆိုပါဂိတ်မှဂိတ်မှူး ဦးလှမျိုးနိုင်က ပြောသည်။ မြစ်ကြီးနား-တန့်ဆည်-ရေဦး-မုံရွာ-မင်းတိုင်ပင် ခရီးစဉ်ကို ယာဉ်စီးခငွေကျပ် ၂၅၀၀၀ ဖြင့်လည်းကောင်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။ အဆိုပါတိုက်ရိုက် ခရီးစဉ်များအားလုံးကို Express ကားများဖြင့်သာ ပြေးဆွဲမည်ဖြစ်သည်။ မြစ်ကြီးနားမြို့နယ်အတွင်းတွင် ရဟန်းသံဃာ ၉၄၄ ပါး၊ သာမဏေကိုရင် ၄၂၅ ပါးရှိပြီး၊ သီလရှင် ၆၆ ပါးရှိကြောင်း ခရိုင် သာသနာရေးရုံး၏ မှတ်တမ်းများအရ သိရသည်။

**မင်းမင်းဦး**



**ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုး ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၆)မှ တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု(၄၂)မှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဒီဇင်ဘာ ၂ ရက်က ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း မြို့တော်ခန်းမရှေ့၌ မူခင်းပညာပေး ပြခန်းယာဉ်ဖြင့် ပြည်သူ ၃၀၀ ကျော်အား အသိပညာပေးပြသစဉ်။**

ကိုကိုရှပ

# မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**သံတွဲ ဒီဇင်ဘာ ၄**

သံတွဲမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ညောင်ပင်ကွင်း၊ ဇလွန်၊ ပဒဲကော၊ မြုံချောင်ကျေးရွာများ၏ ငွေစာရင်းဇယားများ ထိန်းသိမ်းထားရှိမှုနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများကို နိုဝင်ဘာ ၂၇ ရက်က ပြည်နယ် ကျေးလက်ဦးစီးမှူး ဦးနေထက်ရှိန်နှင့် ပြည်နယ်ကျေးလက်ဦးစီးဌာနမှ အရာထမ်းများ၊ သံတွဲခရိုင်ကျေးလက်ဦးစီးမှူး ဦးလှကြည်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် ခရိုင်/မြို့နယ် ကျေးလက်ဝန်ထမ်းများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# နေရာဒေသမရွေး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်လုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်သွား





**ရန်ကုန် ဒီဇင်ဘာ ၄**

အရာထမ်းလောင်းအခြေခံ (အထူး)သင်တန်း၊အမှတ်စဉ် (၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ရတနာသိင်္ခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဒေါက်တာဝင်းသိမ်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏မျှော်မှန်းချက်ဖြစ်သည့် တစ်မျိုးသားလုံးကျန်းမာရေးစောင့်ရှောက်မှု၊ လွှမ်းခြုံမှု (Universal Health Coverage-UHC) ကို အကောင်အထည် ဖော်ရာတွင် မိမိတို့တာဝန်ကျရာနေရာများ၌ ပေးအပ်သည့်တာဝန်ဝတ္တရားများကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရင်း လူတိုင်းကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရရှိစေ ရေး၊ ပြည်သူတစ်ရပ်လုံး ကျန်းမာရေးအဆင့်မြင့်မားရေး ဦးတည်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည် မြင့်မားရေးကို အကောင်အထည်ဖော်ရာ၌ အင်အား တစ်ရပ်အနေဖြင့်ပါဝင်ပြီး မိမိတို့လုပ်ငန်း တိုးတက်ရေးအတွက် ပြန်လည် အသုံးချနိုင်မည့် လုပ်ငန်းဆောင်ရွက်မှုများ၊ ဆန်းစစ်မှုသုတေသနပြုလုပ်ငန်းများကို တစ်ဦးချင်းသော်လည်းကောင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့် စုပေါင်း၍ သော်လည်းကောင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားပါကြောင်း၊ မိမိတို့သင်ယူတတ်မြောက်ထားသော ပညာရပ်များနှင့်သင်တန်းမှ သင်ကြားလိုက်သည့်အတွေ့အကြုံများကို ပေါင်းစပ်၍ ပြည်သူလူထုကို အကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုအပ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လူနာများအပေါ် ကတိသစ္စာပြုအဓိဋ္ဌာန်တွင် ပါဝင်သည့်အတိုင်း ကောင်းမွန်စွာဆက်ဆံပြီး ဆောင်ရွက်ပေးလည်းလိုကြောင်း၊ ထို့အပြင်ပြည်ထောင် စုရာထူးဝန်အဖွဲ့၏ ကြီးကြပ်စီမံမှု၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ပူးပေါင်းပါဝင်မှုဖြင့် ဇူလိုင်၁၀ ရက်တွင် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ကြောင်း၊၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းပြီးဆုံးပြီးနောက် ပြည်သူ့ဝန်ထမ်း ဆရာဝန်များအဖြစ် နိုင်ငံ့အကျိုးသယ်ပိုးရန် ခန့်အပ်တာဝန်ပေးသည့်အချိန်မှစတင်၍ နေရာဒေသမရွေး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်လုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်သွားကြရန်နှင့်သင်တန်းမှ သင်ကြားပို့ချပေးလိုက်သည့် သင်ခန်းစာများသာမက မိမိတို့၏စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ ပညာရည်မြင့်မားမှု၊ လက်တွေ့ကျွမ်းကျင်မှုကို အထောက်အကူပြုနိုင်သော စာပေများကို ဆက်လက်ဆည်းပူးလေ့လာရင်း မိမိတို့၏အရည်အသွေးပိုမိုတိုးတက်အောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းသို့ လက်ထောက်ဆရာဝန်၊ လက်ထောက်ဆရာဝန် (သုတေသနအရာရှိ)၊ လက်ထောက်ဆရာဝန် (ဦးစီးအရာရှိ) အတွက် ဌာနစုမှူး(လက်ထောက်ဆရာဝန်)၊ လက်ထောက်ဆရာဝန်(သွား) ရာထူးတူများ သင်တန်းသား ၂၃၈ ဦး၊ သင်တန်းသူ ၂၇၆ ဦး စုစုပေါင်း ၅၁၄ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၉ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ခွာနာ၊ လျှာနာ ကာကွယ်ဆေး ကွင်းဆင်းထိုးနှံပေး

**ညောင်ဦး ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့(OIE) တို့ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ မွေးမြူထားရှိသော ကျွဲ၊ နွား တိရစ္ဆာန်များ ခွာနာ၊ လျှာနာရောဂါမဖြစ်ပွားစေရန်နှင့် ရောဂါဖြစ်ပွားမှုများ လျော့နည်းကျဆင်းလာစေ ရန်တို့ကို ရည်ရွယ်၍ ဒီဇင်ဘာ ၃ ရက်က ငါ့သရောက်မြို့အတွင်းရှိ ကျေးရွာများဖြစ်သည့် ပြုကြီးကျေးရွာ၊ စက်စက်ယိုကျေးရွာ၊ မျက်ခါးတောကျေးရွာ၊ ဖလန်ကန်ကျေးရွာ၊ ကူတောကျေးရွာနှင့် ကြို့ပင်သာကျေးရွာများတွင် ဒေသခံပြည်သူများ မွေးမြူထားရှိသည့် ကျွဲ၊ နွား တိရစ္ဆာန်များကို တစ်အိမ်တက်ဆင်း ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေးများ အခမဲ့ ထိုးနှံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၂၅ ရက်မှ စတင်ကာ ဒီဇင်ဘာ ၆ ရက်အထိ ကျေးရွာပေါင်း ၆၂ ရွာတွင် ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း ကုသရေးဦးစီးဌာန (ငါ့သရောက်မြို့တာဝန်ခံ) တိရစ္ဆာန်ဆရာဝန် ဒေါက်တာသန်းထွန်းစိန်ထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

ဟင်္သာတမြို့နယ် လယ်တီကွင်းရပ်ကွက် အောင်ချမ်းသာကျောင်းလမ်းရှိ ခိုကိုးရာမဲ့သူများကို ပြုစုစောင့်ရှောက်ပေးလျက်ရှိသည့် ခိုကိုးရာရိပ်သာသို့ ၁၉၈၃-၁၉၈၄ ရန်ကုန်တက္ကသိုလ် ဗိုလ်တထောင်နယ်မြေ၏ ရူပဗေဒကျောင်းသားဟောင်းများအဖွဲ့က ပရဟိတအလှူငွေကျပ် ၂၄ သိန်းကို ၁၈ ကြိမ်မြောက်အဖြစ် လှူဒါန်းရာ ရိပ်သာကြီးကြပ်သူ မသင်းရွှေဇင်လှိုင်က လက်ခံရယူစဉ်။

(ရိပ်သာ မတည်အလှူရှင်မသင်းရွှေဇင်လှိုင်က ၂၈-၇-၂၀၁၆ ရက်တွင် အလှူငွေကျပ် ၁၅ သိန်းမတည်ပြီး အလှူရှင်အပေါင်းတို့၏ လှူဒါန်းငွေဖြင့် ပေ (၁၉၀ x ၈၅)ရှိ ရိပ်သာ အဆောက်အအုံကို တည်ဆောက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဧပြီလအတွင်း ပြီးစီးခဲ့၍ ကျန်းမာရေးမကောင်းသူများ၊ ပစ်ပယ်ခံဘိုးဘွားများ၊ လူကြီး လူငယ်၊ ကျား၊ မ ပေါင်းစုံတို့ကို ပရဟိတအဖြစ် ယနေ့တိုင်ကျွေးမွေးပြုစု စောင့်ရှောက်ပေးလျက်ရှိသည်) အောင်သန်းထွန်း (နတ်မောက်)




## နွေစပါးစိုက်ပျိုးနိုင်ရန် အချိန်မီရေပေးဝေနိုင်ရေး ဆွာချောင်းတမံ ရေလွှတ်မြောင်းပြုပြင်

**ရေတာရှည် ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံမှ နွေစပါးစိုက်ပျိုးနိုင်ရန် ရေပေးဝေမှုများစတင်ဆောင်ရွက်မည်ဖြစ်ရာ တောင်သူများ ရေလုံလောက်စွာရရှိနိုင်ရန်နှင့် ရေပေးဝေမှု အဆင်ပြေချောမွေ့စေရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း(၂)၊ တောင်ငူမှ DY-2A ရေလွှတ်မြောင်း (ခွဲ) ကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းများအား လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ဝင်းနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။



မိုးရာသီကာလတစ်လျှောက် ဖျက်မိုးများကြောင့် တောင်သူများအခက်အခဲများစွာဖြင့် ကြုံတွေ့ကြရသည့် ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးရာ၌ ထွက်နှုန်းကောင်းမွန်သည့်အတွက် တောင်သူများအနေဖြင့် နွေစပါးကို အဓိက အားထားနေကြရခြင်းဖြစ်သည်။

"ဒီနှစ်မိုးက အလွန်များတော့ ရေပေးဝေရေးမြောင်းတွေပျက်စီးတာတွေရှိတယ်၊ တချို့နေရာတွေမှာ တောင်သူတွေ စပါးသယ်ထုတ်တဲ့အခါမှာ ကုန်ထုတ်လမ်းမရှိဘူး၊ ဒီမြောင်းပေါင်တွေကပဲ စပါးတွေသယ်ကြတော့ ပျက်စီးကြရတာလဲရှိပါတယ်၊ နွေစပါးရေပေးဝေတဲ့ အခါမှာ ရေအလေအလွင့်မရှိစေရေးနဲ့ တောင်သူတွေစိုက်ပျိုးရေပြည့်ဝစွာ ရရှိနိုင်ရေးအတွက် အမြန်ဆုံးဆောင်ရွက်နေတာပါ"ဟု မြို့နယ်ဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုအခါ ထွန်ယက်မြေပြုခြင်းများ ဆောင်ရွက်နေကြပြီဖြစ်သည်။ နှစ်စဉ် ဇန်နဝါရီ ၁ ရက်တွင် ရေစတင်ပေးဝေလျက်ရှိရာ လက်ရှိ ရေပေးမည့်မြောင်းများပြုပြင်မှုအချိန်မီ ပြီးစီးပါက သတ်မှတ်ထားသည့်ရက်တွင် ရေစတင်ပေးဝေသွားမည်ဖြစ်၍ တောင်သူများအနေဖြင့် ယခုကတည်းက ထွန်ယက်ရေးလုပ်ငန်းများဆောင်ရွက်နေကြပြီဖြစ်ပြီး နွေစပါးစိုက်ဧကပေါင်းနှစ်သောင်းသုံးထောင်ကျော်ရှိပြီး မိုးစပါးကဲ့သို့ ဈေးနှုန်းကောင်းမွန်ပါက တောင်သူများအတွက် အကျိုးအမြတ်များစွာရရှိနိုင်မည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

## ရေထုညစ်ညမ်းမှုကြောင့် ငွေးကောင်များ ဖမ်းဆီးရရှိမှုနည်းပါး

**မြိတ် ဒီဇင်ဘာလ ၄**

မြိတ်ဒေသထွက် ငွေးငါးပိသည် လက်ရှိမှာ ငွေးကောင်များ ဖမ်းဆီးမရရှိမှုနည်းပါးလာ၍ ငါးပိများထွက်နှုန်း ကျဆင်းလာကြောင်း ယင်းလုပ်ငန်းကို လုပ်ကိုင်သူများထံမှ သိရသည်။

ငွေးငါးပိများကို မြိတ်မြို့နယ် ယောကြီးဝမြစ်ရိုးတစ်လျှောက်နှင့် ကျွဲကူး-ကျောက်ဖျာကမ်း မြစ်ရိုးတို့တွင် ဒေသခံများက အများဆုံးလုပ်ကိုင်ကြကြောင်း သိရသည်။ ငွေးအကောင်များကို ဖမ်းဆီးရရှိမှုနည်းပါးလာမှုနှင့်ပတ်သက်ပြီး ဒေသခံများ၏ ပြောကြားချက်အရ မြစ်အတွင်းသို့ ငါးဖမ်းစက်လှေများနှင့် သဲစုပ်စက်လှေများမှ ထွက်ရှိသည့် စက်သုံးဆီနှင့် စက်အချောဆီများကို ရေထဲသို့ စည်းကမ်းမဲ့ စွန့်ပစ်မှုများ ရှိလာရာမှ ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေပြီး ငါးပိပြုလုပ်သည့် ငွေးအကောင်များသည် တဖြည်းဖြည်းရှားပါးလာခြင်းဖြစ်ကာ ငါးပိများထွက်နှုန်း လျော့ကျလာခြင်းဖြစ်ကြောင်း ငပိပြုလုပ်သူများထံမှ သိရသည်။

"လွန်ခဲ့တဲ့ လေးနှစ်လောက်တုန်းကဆိုရင် ငွေးအကောင်တွေ ဖမ်းဆီးရရှိမှုများတယ်၊ လုပ်ငန်းလုပ်ကိုင်ချိန် ခုနှစ်ရက် တစ်ပတ်မှာဆိုရင် ပိဿာချိန် ၅၀၀ ကျော် ၇၀၀ လောက်အထိ ရရှိတာမျိုးရှိပါတယ်၊ အခုဆိုရင် တစ်ဖျားမှာ ပိဿာချိန် ၁၀၀ အောက်လောက်သာရရှိပါတယ်" ဟု ရှမ်းချောင်းကြီးကျေးရွာမှ ငွေးငါးပိလုပ်ကိုင်နေသူ ကိုရဲဦးက ပြောသည်။

မြိတ်ဒေသထွက်စားသောက်ကုန်တစ်မျိုးဖြစ်သည့် ငွေးငါးပိများသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ငွေးအကောင်များကို ဖမ်းဆီးရရှိမှုများခဲ့ပြီး တစ်ပိဿာကို ငွေကျပ် ၂၀၀၀ မှ ၂၅၀၀ အထိရရှိပြီး ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ငွေးအကောင်များ ဖမ်းဆီးရရှိမှု လျော့နည်းလာကာ လက်ရှိမှာတစ်ပိဿာကိုငွေကျပ် ၃၅၀၀ ဈေးအထိ ရှိနေကြောင်း ငါးပိလုပ်ကိုင်သူများထံမှ သိရသည်။

မြိတ်ဒေသထွက် ငွေးငါးပိသည် ဒေသအတွင်း အများဆုံးစားသုံးမှုအပြင် မော်လမြိုင်နှင့် ရန်ကုန်ဈေးကွက်သို့အများဆုံး တင်ပို့နေရကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

## မြန်မာနိုင်ငံ စိတ်ပညာအသင်းမှ သင်တန်းဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၄** - မြန်မာနိုင်ငံစိတ်ပညာအသင်းသည် နှစ်သိမ့်ဆွေးနွေးပညာပေးလုပ်ငန်းများကို အထောက်အကူပြုနိုင်ရန် စာတွေ့လက်တွေ့ ဖြစ်ရပ်များကို အခြေခံ၍ "Counselling for Behaviour Change" သင်တန်းကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၃၊ ၂၄၊ ၂၅ ရက်များတွင် (၁) Basic Personal Counselling and Behaviour change၊ (၂) Motivational Interviewing၊ (၃) Counselling for specific problems ခေါင်းစဉ်များဖြင့် ရက်အလိုက် သတ်မှတ်ပို့ချသွားမည်ဖြစ်သည်။

၎င်းသင်တန်းကို မြန်မာနိုင်ငံစိတ်ပညာအသင်းမှ ဆရာကြီး ဦးအုန်းလှိုင် (အထက်တန်းစိတ်ပညာရှင်)က ဟောပြောပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စား၍ တက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံစိတ်ပညာအသင်း ရုံးခန်း အမှတ် ၂၁၊ ၉ လမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၁၂၂၄၃၊ ၀၁-၂၃၁၆၈၆၁၊ ၀၉-၅၀၀၁၁၂၃ သို့ အချိန်မီ ဆက်သွယ်၍ တက်ရောက်နိုင်ကြောင်းနှင့် သင်တန်းသားဦးရေ ကန့်သတ်ထားကြောင်း သိရသည်။ အထူးအစီအစဉ်အဖြစ် သင်တန်းသုံးရက်တက်ရန် အချိန်မရရှိသူများအတွက် ဖော်ပြပါခေါင်းစဉ်များအလိုက် သတ်မှတ်ရက်များတွင် တက်ရောက်နိုင်ရေးအတွက် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ (၁၇၁) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်နှင့် (၉၉) ကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူ

**နေပြည်တော် ဒီဇင်ဘာ ၄**

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ (၁၇၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်နှင့် (၉၉) ကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ဒီဇင်ဘာ ၁ ရက်က ပျဉ်းမနားမြို့နယ် ရန်အောင် (၁) ရပ်ကွက်ရှိ မဟာလယ်တီစံကျောင်းတိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒာဝုဓ မထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တသုတ် ပရိတ်တရားတော်များ နာယူကြသည်။ ထို့နောက် ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ကျောင်းပေါင်း ၈၇ ကျောင်းမှပင့်သံဃာ ၂၂၇ ပါးနှင့် ကျောင်း ၁၀ ကျောင်းမှ သီလရှင် ၂၂၁ ပါးတို့ကို ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို လောင်းလှူကြသည်။

အခမ်းအနားသို့ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ နေပြည်တော်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များက ကြွရောက်လာကြသော ဆရာတော် အရှင်သူမြတ်များနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြသည်။

**သတင်းစဉ်**



## သန်းခေါင်စာရင်း နည်းပညာရပ်ဆိုင်ရာနိုင်ငံတကာ အကြံပေးဘုတ်အဖွဲ့၏ သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

သန်းခေါင်စာရင်း နည်းပညာရပ်ဆိုင်ရာ နိုင်ငံတကာအကြံပေးဘုတ်အဖွဲ့(International Technical Advisory Board - ITAB) နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနတို့၏ နိုင်ငံတွင်းဆွေးနွေးပွဲကို အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁ ရက် အထိ နေပြည်တော်၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ ၁ ရက်က ကျင်းပခဲ့ရာ ITAB ဥက္ကဋ္ဌ Mr.Werner Haug က ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူပြီး ကိန်းဂဏန်း အချက်အလက်များထုတ်ပြန်ခဲ့မှု၊ ကဏ္ဍအလိုက် သုတေသနစာတမ်းများပြုစုခဲ့မှု၊ တိုင်းရင်းသားများဆိုင်ရာ အချက်အလက်များ ထုတ်ပြန်ရေးအတွက် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီ၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့(UNFPA)မှ ဌာနေ ကိုယ်စားလှယ် Ms.Janet Jackson နှင့် ITAB ဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

သန်းခေါင်စာရင်း နည်းပညာရပ်ဆိုင်ရာ နိုင်ငံတကာအကြံပေးဘုတ်အဖွဲ့ (International Technical Advisory Board - ITAB) ကို ၂၀၁၃ ခုနှစ်တွင် သန်းခေါင်စာရင်းဆိုင်ရာ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းခဲ့သည်။ အဆိုပါအဖွဲ့သည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ရာတွင် လိုအပ်သည့်နည်းလမ်းများနှင့် အစီအစဉ်များကို အကြံပြုခြင်း၊ မြန်မာနိုင်ငံအတွင်း သန်းခေါင်စာရင်း ကောက်ယူရာတွင် နိုင်ငံတကာမှ လက်ခံထားသည့် စည်းမျဉ်း စည်းကမ်းများအတိုင်းဖြစ်ရန် စောင့်ကြည့်ခြင်း၊ ပြည်သူ့အင်အားဦးစီးဌာနနှင့် ပူးပေါင်း၍သန်းခေါင်စာရင်း ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ ထုတ်ပြန်မှုကို ဆန်းစစ်သုံးသပ်ခြင်း၊ ကဏ္ဍအလိုက် သုတေသနစာတမ်းများပြုစုခြင်း စသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် လုပ်ငန်းတာဝန်များ ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းထွက် ပဲစင်းငုံအခြေခံတန်ဖိုးမြှင့်နည်းပညာသင်တန်းဖွင့်

**ရေတာရှည် ဒီဇင်ဘာ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖြစ်သည့် ပြည်တွင်းထွက် ပဲစင်းငုံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို နိုဝင်ဘာလနောက်ဆုံးပတ်က ရေတာရှည်မြို့နယ် ဆွာမြို့ အုန်းခြံရပ်ကွက် ရတနာအလင်းရောင် ပရဟိတကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က အမှာစကားပြောကြားခဲ့သည်။ ယင်းသင်တန်းတွင် ဆန်မှုန့် အခြေခံ၍ ကိတ်အမျိုးမျိုး၊ ယိုအမျိုးမျိုး၊ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် ပဲပိစပ်ကို အခြေခံ၍ ပဲနို့ရည်ထုတ်လုပ်ခြင်း၊ ပဲစင်းငုံအခြေခံ၍ (ခေါက်ဆွဲ၊ အာဟာရမှုန့်၊ အချိုမှုန့်အစား ထိုးဟင်းခတ်မှုန့်၊ ပဲမုန့်၊ ပဲချောင်းကြော်၊ ရွှေကြည် ဆန္ဒင်းမကင်း၊ ပူတင်း၊ ကွတ်ကီး၊ ပဲလိပ်၊ ပဲငါးပိ၊ ပဲငံပြာရည် အစရှိသည့် နည်းပညာများကို တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကိုးရက်ကြာဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# ကျေးရွာအုပ်စုနှစ်ခုကို ဆက်သွယ်မည့် ကွန်ကရစ်တံတား ကုသိုလ်ပါဝင်လှူဒါန်းနိုင်



ဓာတ်ပုံ-မောင်မွှေး

**ထီးချိုင့် ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ကြက်တကောင်း ကျေးရွာအုပ်စုနှင့် အင်ဒေါင်းကျေးရွာအုပ်စုကို အဓိကပေါင်းကူးဆက်သွယ်မည့် ကိုယ့်အားကိုယ်ကိုး သံကူကွန်ကရစ်တံတား တစ်စင်း တည်ဆောက်လျက်ရှိရာ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်ရန် ကူညီထောက်ပံ့ငွေများ အရေးတကြီး လိုအပ်လျက်ရှိကြောင်းသိရသည်။

"ဒီတံတားကြီး တည်ဆောက်တာ ရှစ်လရှိသွားပြီ၊ ဒေသခံ ပြည်သူတွေရဲ့ လုပ်အား၊ ငွေအားတို့နဲ့ တည်ဆောက်ခဲ့တာပါ၊ တံတားဆောက်လုပ်ပြီး ရှစ်လအတွင်း ၃၀ ရာခိုင်နှုန်းလောက်ပြီးစီးချိန်မှာ ငွေကျပ်သိန်းပေါင်း ၁၈၀၀ လောက် ကုန်ကျခဲ့တယ်၊ နောက်ထပ်ကျန်ရှိနေတဲ့ ၇၀ ရာခိုင်နှုန်းကို ပြီးစီးအောင်လုပ်ဖို့ ငွေကျပ်သိန်းပေါင်း ၃၅၀၀ ကျော်လောက် လိုအပ်နေပါသေးတယ်၊ အလှူရှင်ရှိပါက ပိုအဆင်ပြေမယ်" ဟု ကြက်တကောင်း ဆရာတော်က မိန့်ကြားသည်။

ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး အလွယ်တကူသွားလာနိုင်ရန် ဒေသခံကျောင်းဆရာတော်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံတောင်သူများ စုပေါင်းတိုင်ပင်ကာ ကြက်တကောင်း ကျေးရွာနှင့် အင်ဒေါင်းကျေးရွာကြားရှိ တလုတ်ဒေါင့်အင်းကို ဖြတ်၍ အရှည်ပေ ၅၇၀၀ ကျော်၊ အကျယ် ၁၁ ပေရှိ ကိုယ့်အားကိုယ်ကိုး သစ်သားတံတား တစ်စင်းကို ၂၀၀၄ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ကြောင်း။ ယိုယွင်းပျက်စီးမှု တစ်စထက်တစ်စ များပြားလာသဖြင့် အဆိုပါ သစ်သားတံတားနေရာတွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက RC သံကူကွန်ကရစ် တံတားကို စတင်ဆောက်လုပ်ခဲ့ရခြင်းဖြစ်ကြောင်း ဆရာတော်က တံတားကြီး တည်ဆောက်ဖြစ်ပုံကို မိန့်ကြားသည်။

ယခု ဆောက်လုပ်လျက်ရှိသော သံကူကွန်ကရစ်တံတားကြီး တည်ဆောက်မှုပြီးစီးသွားပါက ယင်းဒေသရှိ အင်ဒေါင်းကျေးရွာ၊ ကျောင်းလမ်းကျေးရွာ၊ လှည်းကူးကျေးရွာ၊ ကြို့ကုန်းကျေးရွာ၊ ရွှေပြည်သာကျေးရွာ (ဆိုင်နိုကျေးရွာ)၊ အေးချမ်းလွင် ကျေးရွာအုပ်စုများ ဒေသခံပြည်သူများအတွက် ကူးလူးသွားလာရေးတွင် အဓိကအသက်သွေးကြောသဖွယ် အရေးပါလာမည်ဖြစ်သလို ၎င်းတို့၏ လူမှုစီးပွားဘဝများသည်လည်း များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**တင်မောင်လွင်**

# လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအသိပညာပေး



**ရန်ကုန် ဒီဇင်ဘာ ၄**

ကျောင်းသား ကျောင်းသူလေးများ မှုခင်းအသိပညာကြွယ်ဝစေရေးအတွက် ကြည့်မြင် တိုင်မြို့နယ် ဘောဂရပ်ကွက် ဗားကရာလမ်းရှိ အထက(၁) ကျောင်းရှေ့တွင် နိုဝင်ဘာလနောက်ဆုံးပတ်က မှုခင်းအသိပညာရေးယာဉ်ဖြင့် ပြသခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်အောင်နှင့် မူးယစ်တပ်ဖွဲ့ ၄၃ တို့က လူကုန်ကူးတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းကို ဟောပြောပြသခဲ့ကြကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# မန္တလေးတိုင်းဒေသကြီးတွင် HIV ပိုးကူးစက်ခံရသည့် လူနာများအား ART ဆေး ပိုမိုထုတ်ပေးနိုင်ပြီ

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ HIV ပိုးကူးစက်ခံရသည့် လူနာများအား AIDS ရောဂါအဆင့်ထိ မရောက်ရှိစေရန် တိုက်ကျွေးသော ART ဆေးကို တစ်နှစ်ထက်တစ်နှစ် ပိုမိုထုတ်ပေးနိုင်ပြီဖြစ်ကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ငြိမ်းချမ်းက ပြောသည်။

ART ဆေးကို မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၅-၂၀၁၆ခုနှစ်၌ လူနာ ၁၄၅၂၅ ဦးကိုသာ ထုတ်ပေးနိုင်ခဲ့သော်လည်း ၂၀၁၆-၂၀၁၇ ခုနှစ်တွင် လူနာပေါင်း ၁၇၂၇၇ ဦးကို ထုတ်ပေးနိုင်ခဲ့သည့်အပြင် လူနာ ၂၀၈၅ ဦးကို မက်သဒုံးဆေး တိုက်ကျွေးနိုင်ခဲ့ကာ လူနာသုံးသိန်းကျော်ကို ကာလသားရောဂါနှင့် ပတ်သက်၍ ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

"အရင်တုန်းက HIV ပိုးရှိတဲ့လူနာတိုင်းကို ART ဆေးမပေးနိုင်ဘူး၊ အခုဆို မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ် ၂၈ မြို့နယ်လုံးမှာ ART ဆေးပိုမို ဖြန့်ဝေပေးနိုင်တဲ့အတွက် AIDS ရောဂါအဆင့်အထိ ရောက်တဲ့ လူနာတော်တော်နည်းသွားပါပြီ"ဟု ဒေါက်တာငြိမ်းချမ်းက ပြောသည်။

ယခင်က ART ဆေးရရှိမှုနှုန်းနည်းပါးခြင်းကြောင့် HIV ပိုးကူးစက်ခံရသည့် လူနာတိုင်းကို မထုတ်ပေးနိုင်ခဲ့ဘဲ ရောဂါသက်တမ်းရင့်သူများကိုသာ ထုတ်ပေးနိုင်ခဲ့သည်။ လက်ရှိတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် NGO၊ INGO အဖွဲ့များ ပူးပေါင်းဆောင်ရွက်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အခမဲ့ထုတ်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနက မိခင်ကနေကလေးကို HIV ပိုးကူးစက်မှုမှကာကွယ်ခြင်း PMTCT (Prevention of Mother to Child Transmission) လုပ်ငန်းအရ ၂၀၁၆ခုနှစ်မှာ မိခင် ၄၇၈ ဦးကို ART ဆေးတိုက်ကျွေးပြီး ကုသကာကွယ်မှုတွေ ပေးနိုင်ခဲ့ပါတယ်၊ ကိုယ်ဝန်ဆောင်မိခင်တွေမှာ HIV ဖြစ်ပွားမှုဟာလည်း ၂၀၁၁ ခုနှစ်နဲ့စာရင် တဖြည်းဖြည်းကျဆင်းလာပါတယ်"ဟု ၎င်းကဆက် လက်ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် လာမည့် ၂၀၂၅ ခုနှစ်တွင် မိခင်မှ ကလေးသို့ HIV ပိုးကူးစက်မှုလုံးဝကင်းစင်ပပျောက်သွားသည်အထိ ဆောင်ရွက်သွားရန် ရည်ရွယ်ထားပြီး ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်မှ လုံးဝကင်းစင်ပပျောက်သွားသည်အထိ ကြိုးပမ်းဆောင်ရွက်သွားရန် ပြည်သူလူထုတစ်ရပ်လုံးမှ နိုးကြားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁ ရက်တွင်ပြုလုပ်သည့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန်ဒေါက်တာရဲလွင်က ပြောကြားခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လူငယ်နှင့် ဖွံ့ဖြိုးရေး

**နေမျိုးသူရိန်**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဆိုပါနိုင်ငံအတွင်း အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသော လူငယ်များမွေးထုတ်ပေးရန် လိုအပ်ပါသည်။ ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသည့်စကားအတိုင်း လူငယ်များသည် နောင်တစ်ချိန်တွင် လူကြီးဖြစ်လာသည့်အခါ ရပ်ရွာ၊ မြို့နယ်တာဝန်များ အဆင့်ဆင့်မှအစပြု၍ ကြီးမားသောနိုင်ငံ့တာဝန်များအထိ လွှဲပြောင်းတာဝန်ယူကြရမည့် မျိုးဆက်သစ်လူငယ်များဖြစ်ပါသည်။ အနာဂတ်နိုင်ငံတော်၏ အင်အားသည် မျိုးဆက်သစ်လူငယ်များ၏ လက်ဝယ်တွင် တည်ရှိသကဲ့သို့ ကောင်းမွန်သော အနာဂတ်နိုင်ငံ တည်ဆောက်ရာတွင်လည်း လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှု အပေါ်တွင် တည်မှီနေပါသည်။

ယနေ့ ကမ္ဘာ၏ပြောင်းလဲမှု၊ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်နှင့် ထိုပြောင်းလဲ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များကြောင့် ပေါ်ထွန်းလာသည့် စိန်ခေါ်မှုများသည် လူငယ်ထုအပေါ်တွင် ဩဇာသက်ရောက်လျက်ရှိပါသည်။ လူငယ်များသည် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်ဖြစ်ပြီး အဆိုပါစွမ်းအားဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရမည်ဖြစ်ပါသည်။

လူငယ်များသည် အမှန်တရားကို မြတ်နိုးကြသည်။ ဖျတ်လတ်တက်ကြွသည်။ စိတ်အားထက်သန်ပြီး စူးစမ်းလေ့လာလိုကြသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယရှိကြသည်။ ပတ်ဝန်းကျင်၏ ဆွဲဆောင်မှု၊ ရင်းနှီးမှုပေါ်မူတည်၍ လိုက်ပါသွားလေ့ရှိသည်။ စူးရှထက်မြက်သော ဉာဏ်ပညာကြွယ်ဝပြီး ပကတိအဖြစ်ကင်းစင်သော နှလုံးသားကိုလည်း ပိုင်ဆိုင်၍ အတုယူလိုကြသည်။ ပင်ကိုအရည်အသွေးကောင်းမွန်သည့် လူငယ်များကို အများအကျိုးအတွက် ကိုယ်ကျိုးစွန့်သော ပရဟိတစိတ်ထားနှင့် နောက်လိုက်ကောင်းစိတ်ဓာတ်ကိုမွေးမြူကာ ခေါင်းဆောင်ကောင်းတစ်ယောက်၏ အရည်အချင်းများကို လေ့ကျင့်သင်ကြားပေးလျှင် အနာဂတ်တွင် ရင့်ကျက်သော ခေါင်းဆောင်ကောင်းများ ဖြစ်လာနိုင်ပါသည်။

လူငယ်ဟု သတ်မှတ်ကြခြင်းသည် ယေဘုယျအားဖြင့် ငယ်ရွယ်သေးသည့် ကလေးဘဝနှင့် အရွယ်ရောက်ပြီး သက်ကြီးဘဝတို့အကြား သတ်မှတ်ခြင်းဖြစ်သည်။ အဆိုပါ အသက်အပိုင်းအခြားတွင် လူငယ်သည် တစ်ဦးချင်းဘဝ၊ ကိုယ်ပိုင်အရည်အသွေးနှင့် လူမှုဆက်ဆံရေးကို ပျိုးထောင်ကြသည့် ကာလ ဖြစ်သည်။ မိဘ(သို့မဟုတ်) အုပ်ထိန်းသူ(သို့မဟုတ်) သင်ဆရာတို့ကို မှီခိုအားထားရသည့် ဘဝဖြစ်စဉ်နှင့် လွတ်လပ်စွာရပ်တည်နိုင်မှုကို ရှေးရှုသည့် ဘဝဖြစ်စဉ်တို့အကြား တည်ရှိနေသည့်ကာလလည်းဖြစ်သည်။ ယင်းအသက် အပိုင်းအခြားတွင် မိမိတို့ဘဝကို မိမိတို့ကိုယ်တိုင် ထိန်းကျောင်းထူထောင်ပြီး လူ့အဖွဲ့အစည်းအတွင်း လူမှုဆက်ဆံရေးတာဝန်ရှိမှုတို့ကို ခံယူသွားကြရသည်။ ကမ္ဘာတစ်လွှား လူငယ်များ၏ ယဉ်ကျေးမှုအလေ့အထ၊ တွေ့ကြုံရသောအခြေအနေ အခက်အခဲများအလိုက် ကွဲပြားခြားနားမှုများရှိသော်လည်း ထိုကာလအပိုင်းအခြားအတွင်း လူငယ်တို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ အသိဉာဏဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာ အပြောင်းအလဲများဖြစ်ပေါ်မှုမှာ ကမ္ဘာတစ်ဝန်းလုံးတွင်ပင်ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းကြီးက အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်းကို လူငယ်ဟူ၍ လည်းကောင်း၊ အသက် ၁၀ နှစ်မှ ၁၉ နှစ်အတွင်းကို ဆယ်ကျော်သက်လူငယ်ဟူ၍လည်းကောင်းညွှန်းဆို ဖော်ပြခြင်းမျိုးရှိသော်လည်း နိုင်ငံအလိုက် ထူးခြားသော အခြေအနေများအရ အသက်အုပ်စုပြောင်းလဲ သတ်မှတ်ကြကြောင်း လေ့လာမှတ်သားရပါသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် စုစုပေါင်းလူဦးရေ၏ ၁၇ ဒသမ ၈၁ ရာခိုင်နှုန်းမှာအသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်းရှိ လူငယ်များဖြစ်ပြီး လူဦးရေ၏ ၂၇ ဒသမ ၈ ရာခိုင်နှုန်းမှာ အသက် ၁၀ နှစ်မှ ၂၄ နှစ်အတွင်းရှိ လူငယ်နှင့်ဆယ်ကျော်သက်များ ဖြစ်ပါသည်။

ယနေ့ခေတ်ကာလသည် မည်သည့်ခေတ်နှင့်မှ မတူအောင် အရွေ့အပြောင်းများက မြန်ဆန်လွန်းလှပါသည်။ ဂလိုဘယ်လိုက်ဇေးရှင်း၊ အတတ်ပညာနှင့် နည်းပညာတို့က အဆိုပါအရွေ့အပြောင်းတို့ကို မောင်းနှင်ပေးလျက်ရှိသည်။ ကမ္ဘာကြီးတစ်ခုလုံး သေးကျုံ့သွားပြီး မည်သည့်အရေးကိစ္စမဆို ကြာရှည်ဖုံးကွယ်ထား၍ မရတော့ပေ။ သတင်းစီးဆင်းမှုများလျင်မြန်လာသကဲ့သို့ စီးပွားရေး၊ ပညာရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုစသည့် ဖြစ်စဉ်များကလည်း တဖြည်းဖြည်း ဘောင်ကျဉ်းလာသည်။

လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်သူများမှာ လူငယ်များဖြစ်သည့်အလျောက် လူငယ်ထုများအင်အား ကောင်းလေလေ၊ လူ့အဖွဲ့အစည်းဖွံ့ဖြိုးလေလေဟုဆိုနိုင်ပါသည်။ သို့သော် လူငယ်များကို သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအသီးသီးက မည်သို့လေ့ကျင့်ပျိုးထောင်ထားသနည်းဆိုသော အချက်ပေါ်မူတည်ကာ ဖွံ့ဖြိုးမှုအတိုင်းအတာ ကွာခြားသွားတတ်သည်။ လူငယ်ဟုဆိုလျှင် နုသစ်ပျိုမျစ်သော ၊ ဖျတ်လတ်တက်ကြွသော၊ သန်မာကြံ့ခိုင်သော၊ လုပ်အားစွမ်းရည်မြင့်မားသော အရွယ်ရှိသူများဟု ယေဘုယျအားဖြင့် နားလည်ထားကြသည်။ စင်စစ်အားဖြင့် ထိုအုပ်စုဝင် လူငယ်တို့သည် တိုင်းနိုင်ငံနှင့် လူ့ဘောင်လောက တစ်ခုလုံးအတွက် အင်မတန်အရေးကြီးသောနေရာတွင် ရှိနေကြသည့် ဖွံ့ဖြိုးမှု၏ အင်အားစုများ ဖြစ်ကြသည်။

သိပ္ပံနှင့်နည်းပညာတိုးတက်လာသော ယနေ့အချိန်တွင် လူငယ်များဆီသို့ အသွင်သဏ္ဌာန်မျိုးစုံတို့သည် နည်းပေါင်းစုံဖြင့် ရောက်ရှိနေကြသည်။ ထို့ကြောင့် လူငယ်များ ခေတ်နှင့်အညီ လိုက်လျောညီထွေနေထိုင်ကြရာတွင် စိန်ခေါ်မှုများစွာရှိနေပါသည်။ ထိုစိန်ခေါ်မှုများကို ဖြေရှင်းရာတွင်ဦးနှောက်ကိုသာမက နှလုံးသားကိုပါ အသုံးချတတ်ရပါမည်။ အသစ်အသစ်သော စိန်ခေါ်မှုများ၊ ပြဿနာများနှင့် ဤကမ္ဘာတွင် အရည်အသွေးရှိသည့် လူငယ်များအမှန်တကယ် လိုအပ်လှပါသည်။

ယနေ့ခေတ်လူငယ်များသည် ခေတ်နှင်အညီပေါ်ပေါက်လာသည့် ပညာရပ်များကို မျက်ခြေမပြတ်လေ့လာဆည်းပူးနေကြရန် လိုအပ်ပါသည်။ မိမိတတ်သလောက်၊ သိသလောက်နှင့် ရောင့်ရဲတင်းတိမ်နေ၍မရဘဲ အနာဂတ်ကို အမြဲမျှော်မှန်းနေရမည်ဖြစ်သည်။ ပေါ့ပေါ့ဆဆမနေဘဲ ဖွံ့ဖြိုးတိုးတက်ရန် အမြဲကြံစည်နေကြရမည် ဖြစ်သည်။ ငယ်ရွယ်စဉ် အချိန်ကာလတွင်ကြိုးစားရမည်ဖြစ်ပါသည်။ ဝါသနာ၊ ဗီဇ၊ အလေ့အကျင့်နှင့် ကြိုးစားအားထုတ်မည်ဆိုလျှင် ဘဝတွင်အောင်မြင်မှုများနှင့် ကြုံတွေ့ရမည်ဖြစ်သည်။

လူငယ်အရွယ်၊ လူငယ်ဘဝတွင် အသိပညာ၊ အတတ်ပညာများကို ရှာဖွေစုဆောင်းပြီး မိမိဘဝ တိုးတက်ရာတိုးတက်ကြောင်းအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းနေရမည်ဖြစ်သည်။ ပညာခေတ်တွင် ပညာကိုမရှာ၍မဖြစ်တော့ပေ။ ပညာမတတ်လေ ပညာမသိလေဖြစ်ပေမည်။ ပညာတတ်ရန်၊ ပညာသိရန်နှင့် ပညာများလက်ဝယ်ရှိရန် လိုအပ်ပါသည်။ ပညာရှာသည့်အခါတွင်လည်း မိမိတတ်လိုသည့်ပညာကို အမှန်တကယ်တတ်အောင်သင်ယူထားမည်ဆိုလျှင် မိမိလုပ်ကိုင်ဆောင်ရွက်လိုသည်ကို သိရှိသည်နှင့် တစ်ပြိုင်နက် မည်သို့လုပ်ဆောင်ရမည်ကို အလွယ်တကူသိပြီး ဖြစ်ပါမည်။

အတတ်ပညာကို အငမ်းမရရှာဖွေနေကြသည့် လူငယ်များသည် အတတ်ပညာကို သူ့ထက်ငါ အပြိုင်ရှာဖွေနေကြသလို အသိပညာကိုလည်း သူ့ထက်ငါအပြိုင်ရှာဖွေသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် အတတ်ပညာသာမက အသိပညာပါကြွယ်ဝပြီးအမှန်နှင့်အမှားကို ခွဲခြားသိမြင်၍ မှန်ကန်သောလမ်းကို လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ သင်ကြားမှု၊ သင်ယူမှုအလေ့အကျင့်ကောင်းများ ရရှိနိုင်သည့်သူများဖြစ်ပါက ကောင်းသည့်ဘက်တွင် ပိုမိုတိုးတက်လာနိုင်ပါသည်။

တိုင်းပြည်၏အနာဂတ်အတွက် အကောင်းအဆိုးများသည် ယနေ့လူငယ်များအပေါ်တွင် မူတည်လျက် ရှိပါသည်။ ပညာတတ်လိုသည့်စိတ်၊ ကြီးပွားလိုသည့်စိတ်ကို ပြုစုပျိုးထောင်ပေးရန် လိုအပ်သလို ရိုးသားဖြောင့်မတ်လိုသည့်စိတ်၊ အများအကျိုးဆောင်လိုသည့်စိတ် စသည့် စိတ်ကောင်းစိတ်မြတ်များကို ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာအောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းလျှောက်လှမ်းနိုင်ရန်အတွက် နိုင်ငံတိုင်းက အသုံးပြုနေကြသည့် အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ အင်တာနက်စသည့် ပညာရပ်များကို မဖြစ်မနေတတ်မြောက်ထားရှိရန် လိုအပ်သလို အဓိကကျသည့် ပညာရပ်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနေရမည် ဖြစ်သည်။

ယနေ့ခေတ်လူငယ်များသည် နည်းပညာဖွံ့ဖြိုးတိုးတက်မှုဒီလှိုင်းကြီးကို တပျော်တပါးဆော့ကစားရင်း စီးနင်းနေကြသည်။ ကမ္ဘာကြီး၏ရေကြော၊ မြေကြော၊ လေကြောများကို ကျုံ့ပစ်သည့်နည်းပညာကြောင့် ယဉ်ကျေးမှုချင်း လက်ယှက်ထိုးစီးကူးနေလျက်ရှိသည်။ နည်းပညာဒီလှိုင်းစီးနိုင်ရေးအတွက် အသိပညာလိုအပ်ပါသည်။ အသိပညာ ( knowledge ) ကို မည်သူမဆို လွယ်လင့်တကူသင်ယူရနိုင်ပြီး သင်ယူလိုစိတ်ရှိသူတိုင်း တတ်မြောက်နိုင်ပါသည်။ အဓိကအရေးကြီးသည်မှာ ဉာဏ်ပညာ ( wisdom ) ပိုင်ဆိုင်ရေး ဖြစ်ပါသည်။ ဉာဏ်ပညာရှိမှသာ လူ့အဖွဲ့အစည်းကြီး သာယာငြိမ်းအေးစေနိုင်ပါသည်။ လူငယ်များကို အသိပညာသင်ကြားပို့ချရုံ သာမကဘဲ အသိပညာပိုင်ဆိုင်ရရှိစေရန် အခင်းအကျင်းများ ဖန်တီးပေးရမည်ဖြစ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် လူငယ်ထုတစ်ရပ်လုံးပါဝင်လာနိုင်ရန် လိုအပ်ပါသည်။

လူငယ်များသည်ဖွံ့ဖြိုးရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်ကျွမ်းကျင်မှု၊ ဘာသာစကားကျွမ်းကျင်မှု၊ သတင်းအချက်အလက်နှင့် နည်းပညာကျွမ်းကျင်မှု၊ အသိပညာ ဗဟုသုတပြည့်စုံမှုစသည့် အချက်လေးချက်ကို အချိန်မီဖြည့်ဆည်းထားရန် အရေးကြီးပါသည်။

အကျင့်စာရိတ္တကောင်းမွန်ပြီး ဉာဏ်ပညာထက်မြက်ကြသည့်လူသားများအတွက် အကျိုးပြုအရာဝတ္ထုများနှင့် စမ်းသပ်တီထွင်မှုများရှိမှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်လာပြီး ငြိမ်းချမ်းသည့်ကမ္ဘာကြီး ဖြစ်လာမည်ဖြစ်ပါသည်။ လူငယ်များသည်လည်း အကျင့်စာရိတ္တကောင်းပြီး အကြံဉာဏ်ကောင်းများကို မစဉ်းစား၊ မတွေးခေါ်၊ မတီထွင်ဘဲ ဖြစ်သလိုနေ၊ ရသလိုစားနေခဲ့လျှင် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်နှင့် မလွဲမသွေလွဲချော်နေမည် ဖြစ်ပေသည်။

အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသည့် ဖွံ့ဖြိုးမှုဖြစ်စဉ်များတွင် အသိပညာ၊ အတတ်ပညာပြည့်ဝ၍ အရည်အချင်းရှိသော လူငယ်များ အားလုံးပါဝင်ရန် လိုအပ်ပါသည်။ အသိပညာ ဗဟုသုတပြည့်ဝသည်နှင့်အမျှ စဉ်းစားပုံ၊ တွေးခေါ်ပုံ ကောင်းမွန်စနစ်ကျလာပြီး အတတ်ပညာနှင့် လုပ်ကိုင်ဆောင်ရွက်ရသည့် စွမ်းဆောင်ရည်များလည်း တိုးတက်လာမည်ဖြစ်ရာ နိုင်ငံ့၏ ဖွံ့ဖြိုးရေးဖြစ်စဉ်များတိုင်းတွင် လူငယ်များအားလုံး တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

ယနေ့ကမ္ဘာကြီးသည် အပြောင်းအလဲဆီသို့ အဟုန်ပြင်းပြင်းဖြင့် ချီတက်လျက်ရှိပါသည်။ မထင်မှတ်သောဖြစ်ရပ်များ၊ အပြောင်းအလဲများလည်း ဖြစ်ပေါ်လျက်ရှိရာ လူ့ဘောင်လောက၏သမိုင်းကို ဖန်တီးသူမှာ လူထုဖြစ်သည်။ အဆိုပါလူထုကို ဦးဆောင်မည့်သူမှာ လူငယ်များဖြစ်ပါသည်။ လူငယ်များ၏ အရည်အသွေးကို ကြည့်၍လည်း နိုင်ငံ၏အနာဂတ်ကို အကဲဖြတ်မှန်းဆနိုင်ပါသည်။ ထို့ကြောင့် အနာဂတ်၏စွမ်းဆောင်ရှင်၊ ဖန်တီးရှင်များဖြစ်သည့် လူငယ်များအနေဖြင့် ဖွံ့ဖြိုးရေးဖြစ်စဉ်များကို လက်တွေ့ကြိုးစားဖော်ဆောင်ပြီး မိမိတို့ပခုံးပေါ်ကျရောက်လာသည့် အနာဂတ်တာဝန်များကို ရဲဝံ့စွာကြိုးပမ်းထမ်းဆောင်သွားကြရမည် ဖြစ်ပါသည်။

**“လူငယ်များသည် ဖွံ့ဖြိုးရေး အတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်ကျွမ်းကျင်မှု၊ ဘာသာစကား ကျွမ်းကျင်မှု၊ သတင်းအချက်အလက်နှင့် နည်းပညာ ကျွမ်းကျင်မှု၊ အသိပညာ ဗဟုသုတပြည့်စုံမှုစသည့် အချက် လေးချက်ကို အချိန်မီဖြည့်ဆည်းထားရန် အရေးကြီး”**



## အခြေခံအပ်ချုပ်စက် သင်တန်းဖွင့်

**အုတ်တွင်း ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသနေ အမျိုးသမီးများအနေဖြင့် အိုးမကွာ၊ အိမ်မကွာအသက်မွေးဝမ်းကျောင်းပညာတတ်မြောက်ခြင်းဖြင့် လူနေမှုဘဝများဖွံ့ဖြိုးတိုးတက်စေ ရန်ရည်ရွယ်၍ မြို့နယ်ကျေးလက်ဦးစီးဌာနမှ အခြေခံအပ်ချုပ်စက်သင်တန်း ၁/၂၀၁၇ ဖွင့်လှစ်ပွဲကို ဒီဇင်ဘာ ၂ ရက်က တောင်ငူမြို့ရှိ အိမ်တွင်းမှုအတတ်ပညာသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ကျေးလက်ဦးစီးဌာနဦးစီးမှူး ဦးဘသိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် သင်တန်းသူ ၄၀ အတွက် သင်ထောက်ကူပစ္စည်းများကို မြို့နယ်ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်နွယ်ဝင်းတို့က ထောက်ပံ့ပေးအပ်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

# လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီးနေ ဦးအုန်းမောင်(ခ)ဦးဂြိုလ်တု (Director, Shwe Zin Yaw Hein Co.,Ltd) + ဒေါ်ရီရီသိန်းတို့၏ တစ်ဦးတည်းသော သား

## မောင်တာတာမျိုး

**B.Sc (Chemistry)**
**Managing Director (Grand Arcadia Co.,Ltd)**

နှင့်

ရန်ကုန်တိုင်းဒေသကြီးနေ ဦးခွန်တင်ရွှေ (Managing Director, Dana Htann Ki Co.,Ltd) + ဒေါ်ခင်အေးကျော် (ဒု-ညွှန်ကြားရေးမှူး(ငြိမ်း) ဆက်သွယ်ရေးဝန်ကြီးရုံး) တို့၏ သမီးထွေး

## ဒေါက်တာ နန်းမြတ်ဖြိုးသင်း

**M.B.,B.S (Ygn)**

တို့၏ (၂၆.၁၁.၂၀၁၇)ရက်နေ့တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ကာကွယ်ရေးဦးစီးချုပ်(ရေ)(ငြိမ်း) သီရိပျံချီ ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်းနှင့် ဇနီး ဒေါ်အေးအေးတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများနှင့် မင်္ဂလာလက်ထပ်လက်စွပ်များဆင်မြန်းပေးပါသော ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် ဇနီး ဒေါ်ထုဆိုင်တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ကုမ္ပဏီအသီးသီးမှ M.D မိသားစုဝင်များ၊ ဒါရိုက်တာအဖွဲ့ဝင်မိသားစုများ၊ ရွှေဇင်ယော်ဟိန်း Jettyမှဝန်ထမ်းများ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(P.N.O)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လေးစားရသော ဆရာသမားများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ နိုင်ငံခြားနှင့် ရပ်ဝေးရပ်နီးမှတကူးတကကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း လက်ဖွဲ့ပစ္စည်းများကို တကူးတကပေးပို့ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး တက္ကသိုလ်ဦးကိုကိုဇော်၊ မင်္ဂလာအခါတော်ပေး တေးသံရှင် ဒေါ်ရီရီသန့်၊ မင်္ဂလာလမ်းပြအဖြစ်ဆောင်ရွက်ပေးပါသော မောင်ကောင်းမြတ်စည်သူ၊ မနုဝါရွှေလျှံ၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော ကိုကျော်ထက်အောင်၊ မရွှေသမီး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများ ကိုင်ဆောင်ပေးသော မမေတိုးခိုင်၊ မနွယ်ဒါလီထွန်း၊ သတို့သားအရံများဖြစ်သော ကိုကျော်ထွဋ်ဆွေ၊ ကိုလွှမ်းပိုင်၊ သတို့သမီးအရံများဖြစ်သော မနန်းသူဇာ၊ မထက်ထက်အောင်၊ မိတ်ကပ်နှင့်ဆံပင်မေတ္တာဖြင့်လိမ်းခြယ်ပေးပါသော ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံများမေတ္တာဖြင့်ဆင်မြန်းပေးပါသော ယဉ်သူထိုက်ပိုးထည်တိုက်နှင့် ဒီဇိုင်နာမယုံးယုံး၊ လက်ဝတ်ရတနာမေတ္တာဖြင့်ဆင်မြန်းပေးပါသော စိန်နန်းတော် စိန်ရွှေရတနာဆိုင်၊ မင်္ဂလာဖိနပ်များကိုမေတ္တာဖြင့်စီစဉ်ပေးပါသော ခိုင်ရွှေဝါဖိနပ်တိုက်၊ မင်္ဂလာဖိတ်စာဒီဇိုင်းမေတ္တာဖြင့်ရေးဆွဲပေးပါသော ကိုထက်အောင်(White Tree Media)၊ မင်္ဂလာဖိတ်စာများအားစိတ်တိုင်းကျဆောင်ရွက်ပေးပါသော Dagon Printing & Invitation Cards ၊မှတ်တမ်းတင်ဗီဒီယိုနှင့်ဓာတ်ပုံများရိုက်ကူးပေးပါသော ကိုဝဏ္ဏခွါနီး(Focus Daily) နှင့်အဖွဲ့၊ မင်္ဂလာပွဲအလှဆင်ပေးပါသော ပစ်တိုင်းထောင်ကုမ္ပဏီလီမိတက်၊ Eternal Floral Service၊ ရွှေနန်းမြင့်မင်္ဂလာဝန်ဆောင်မှု၊ Lighting နှင့် LED ကိုဇာနည်နှင့်အဖွဲ့၊ မင်္ဂလာပွဲအတွက်ကူညီပေးပါသော ဦးမြင့်လွင်နှင့် ဇနီး ဒေါ်ခင်သန်းမြင့်၊ ဦးမင်းလွင်ဦးနှင့် ဇနီး ဒေါ်မော်မော်ဝါရှိန် မိသားစု၊ ကိုသူရရှိန်၊ မနန်းရည်ရည်မွန်နှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ (၉.၁၁.၂၀၁၇)ရက်နေ့တွင် ငွေဆောင် K Resort ၌ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာနာယကကြီးအဖြစ်ဆောင်ရွက်ပေးပါသော ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ရုံး ရုံးအဖွဲ့မှူး ဦးဇေယျာတင့်ညို၊ မင်္ဂလာအသိသက်သေများအဖြစ်ဆောင်ရွက်ပေးပါသော ကိုသက်နိုင်ဦးနှင့် ဇနီး မနန်းတစ်၊ ကိုရဲထွန်းအေးနှင့် ဇနီး မယုနန္ဒာထွန်း (ရွှေဆင်မင်းဆေးပေါ့လိပ်)၊ မင်္ဂလာအရံများအဖြစ်ဆောင်ရွက်ပေးပါသော သူငယ်ချင်းများ၊ အကောင်းဆုံးစိတ်တိုင်းကျဆောင်ရွက်ပေးပါသော K Resort မှ မသီဂီနှင့် ဝန်ထမ်းများ၊ မင်္ဂလာဝတ်စုံမေတ္တာဖြင့် ချုပ်လုပ်ပေးပါသော ဒီဇိုင်နာကိုမင်းသက်စံ(Sweet & Smart)၊ ပန်းအလှ Eternal Floral Service၊ ဓါတ်ပုံထုတ်ပေးပါသော Fujifilm၊ မင်္ဂလာအခမ်းအနားမှူး ကိုသက်ပိုင်၊ လက်ဝတ်ရတနာမေတ္တာဖြင့်ဆင်မြန်းပေးပါသော စိန်ပင်လယ်စိန်ရွှေရတနာဆိုင်တို့အားလည်းကောင်း၊ (၁၈.၁၁.၂၀၁၇) ရက်နေ့တွင် ကံ့ကော်မြိုင်သာသနာ့ရိပ်သာ စာသင်တိုက်တွင် ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲ၌ မင်္ဂလာတရားတော်များ ချီးမြှင့်ပေးပါသော ဆရာတော်ဘုရားကြီး ဦးသာသန နှင့်တကွ ဆွမ်းကွမ်းချက်ပြုတ်ပေးပါသောဝေယျာဝစ္စအဖွဲ့နှင့် မင်္ဂလာဝတ်စုံမေတ္တာဖြင့်ဆင်မြန်းပေးကြသော Royal Chaik ပိုးထည်တိုက်နှင့် ဒီဇိုင်နာမပုံ့(My Favourite)၊ မိတ်ကပ်ဆံပင်မေတ္တာဖြင့်လိမ်းခြယ်ပေးပါသော အန်တီမေသန်း၊ လက်ဝတ်ရတနာမေတ္တာဖြင့်ဆင်မြန်းပေးသော စိန်နန်းတော်စိန်ရွှေရတနာဆိုင်တို့အားလည်းကောင်း၊ (၂၇.၁၁.၂၀၁၇)ရက်နေ့တွင် Inya Lake Hotel မြက်ခင်းပြင်တွင် ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲ၌ ကြွရောက်ပေးပါသော လူကြီးမင်းများ၊ ပွဲအလှစိတ်တိုင်းကျပြင်ဆင်ပေးပါသော Paramount Events Details & Decor ၊ Photo Booth နှင့် Guest Book များ မေတ္တာဖြင့်ပံ့ပိုးပေးပါသော Fujifilm ၊ Lighting နှင့် LED ကိုဇာနည်၊ မင်္ဂလာဝတ်စုံများ အတွက် ဒီဇိုင်နာကိုမင်းသက်စံ(Sweet & Smart)၊ ဒီဇိုင်နာမယုံးယုံး၊ မိတ်ကပ်နှင့်ဆံပင်မေတ္တာဖြင့်လိမ်းခြယ်ပေးပါသော ဒီဇင်ဘာနှင်း၊ အခမ်းအနားမှူးအဖြစ် မေတ္တာဖြင့်ဆောင်ရွက်ပေးပါသော ဦးခင်လှိုင်နှင့် ဦးဒိန်းဒေါင်၊ လက်ဝတ်ရတနာများမေတ္တာဖြင့်ဆင်မြန်းပေးပါသော အောင်သမာဓိစိန်ရွှေရတနာဆိုင်နှင့် စိန်ပင်လယ်စိန်ရွှေရတနာဆိုင်တို့အားလည်းကောင်း၊ Pre-Wedding မှစ ပွဲများအစအဆုံးဓါတ်ပုံနှင့် ဗီဒီယိုများမေတ္တာဖြင့်ရိုက်ကူးပေးပါသော Naing Lin Visual Arts အဖွဲ့သားများအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူ အားလုံးအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်းနှင့် မင်္ဂလာပွဲများတွင် နေရာထိုင်ခင်းအခက်အခဲကြောင့်အဆင်မပြေမှုများရှိခဲ့ပါက နားလည်ခွင့်လွှတ်ပေးပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**နှစ်ဖက်မိဘများနှင့်**
**မောင်တာတာမျိုး + ဒေါက်တာ နန်းမြတ်ဖြိုးသင်း**

ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးဇာနည်အောင်မင်း

**စကခ(၁၃)၊ စစ်ဦးစီးမှူး(ဒုတိယတန်း)**

**အသက်(၃၃)နှစ်**

ဦးသန့်စင်မောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန) ဒေါက်တာဒေါ်ခင်သန်းအေးတို့၏သားသမက်၊ ဒေါ်ဖူးသန့်စင်၏ခင်ပွန်း၊ မောင်စွမ်းထက်ဇာနည်၏ ဖခင်ဖြစ်သူ ဗိုလ်မှူးဇာနည်အောင်မင်း၊ စကခ(၁၃)၊ စစ်ဦးစီးမှူး(ဒုတိယတန်း)သည် ၂၉-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊**
**ဒုတိယဝန်ကြီးနှင့် အရာထမ်း၊ အမှုထမ်းများ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးဇာနည်အောင်မင်း

**စကခ(၁၃)၊ စစ်ဦးစီးမှူး(ဒုတိယတန်း)**

**အသက်(၃၃)နှစ်**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်-ဒေါ်ခင်သန်းအေးတို့၏သားသမက်၊ ဒေါ်ဖူးသန့်စင်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးဇာနည်အောင်မင်းသည် ၂၉-၁၁-၂၀၁၇ရက်တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဇနီး ဒေါ်စမ်းစမ်းဌေး**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ဒေါ်မြင့်မြင့်တင် အသက်(၆၂)နှစ်

**မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)၊ ကျောက်တံခါးမြို့**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်စံပြရပ်ကွက်၊ ကျောက်မြောင်း၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၂၈၊ လေးလွှာ(ခြေရင်းခန်း)နေ ဦးမြင့်သိန်း(မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ကျောက်တံခါးမြို့နေ (ဦးကြီးမောင်-ဒေါ်ငွေပို)တို့၏သမီး၊ ဦးကျင်သန်း-ဒေါ်ရွှေ(ဦးခင်စိုး-ဒေါ်ကျင်ဝင်း)၊ (ဦးစိုးတင့်)-ဒေါ်လှဆန်းနီတို့၏ညီမ၊ ကိုသန်းဝင်း-မသိန်းဂျူလိုင်မိုး၊ မသိန်းဇပရယ်နွေတို့၏မိခင်၊ မောင်လွင်မင်းခန့်၏အဘွားသည် ၄-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ် ဒါယိကာမကြီး

## ဒေါ်နီနီဝင်း

**အသက်(၆၁)နှစ်**

မန္တလေးမြို့၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာ၊ မစိုးရိမ်ကျောင်းတိုက်ဒါယကာ(ဦးကျော်-ဒါယိကာမကြီးဒေါ်မမလေး)တို့၏မြေး၊ မစိုးရိမ်ကျောင်းတိုက် ဒါယကာကြီး (ဦးမောင်မောင်-ဒါယိကာမကြီး ဒေါ်ကြင်ကြင်)တို့၏သမီး၊ ရန်ကုန်မြို့နေ [ဦးမြင့်ထွန်း(ခ)ဦးဘွန်ကွန်း-ဒေါ်ပို]တို့၏ သမီးချွေးမ၊ ဦးကျော်ကျော်မောင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဒေါ်ညွန့်ညွန့်ရီ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ငြိမ်း)-(ဒေါ်ကြည်ကြည်အုန်း)၊ (ဦးကျော်ကျော်ညွန့်-ဒေါ်ရင်ရင်မြ)၊ (ဒေါ်ကြည်ကြည်ဝင်း)၊ ဒေါ်ကြည်ကြည်ဝေတို့၏ညီမ၊ ဦးစိန်ဝင်း (MD၊ ရတနာစိန်သရဖူကုမ္ပဏီလီမိတက်)၏ ချစ်လှစွာသောဇနီး၊ မောင်မောင်မင်းသန့်၊ မောင်ကျော်ကိုကိုဇင်တို့၏ချစ်လှစွာသောမိခင်၊ တူ၊ တူမ ၁၁ယောက်တို့၏ဒေါ်လေးငယ်သည် ၄-၁၂-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်ခန်းမ(၁/၈)၌ တရားနာပြီး နံနက် ၁၁း၃၀နာရီတွင် ရေဝေးသုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်ကြူ (ကျုံပျော်)

**B.E (Mechanical)**

**ဌာနမှူး(ငြိမ်း)၊ MPE (ကုန်ထုတ်ရေနံဓာတု)၊ စွမ်းအင်ဝန်ကြီးဌာန**

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘ၀မြင့်ရပ်ကွက်၊ ရတနာလမ်း၊ မလိခအိမ်ရာ၊ တိုက် ၁၀၊ အမှတ် ၂၄၊ ဒုတိယထပ်နေ (ဦးချစ်ထွေး-ဒေါ်ခင်ရီ)တို့၏သမီး၊(ဦးရှိန်)-ဒေါ်သောင်းခင်တို့၏သမီးချွေးမ၊ ဦးစိုးဝင်းရှိန်(အငြိမ်းစား)MPE (ကျော်စွာဓာတ်မြေသြဇာစက်ရုံ၊ စွမ်းအင်ဝန်ကြီးဌာန)၏ ချစ်လှစွာသောဇနီး၊ (ဦးအုန်းမြင့်)၊ ဦးမြင့်ဝေ-ဒေါ်ခင်ဝင်း၊ ဦးအုန်းချို-ဒေါ်ချောချောတို့၏ညီမသည် ၄-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သန္တာမိုး (ပဲခူး)

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊မြေနီကုန်း(မြောက်)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၁၆၊ ခုနစ်လွှာနေ (ဦးအုံ့စိန်)-ဒေါ်စန်းမြင့်တို့၏သမီး၊ ဦးအောင်နိုင်ဦး-ဒေါ်နန်းကြည်လွင်၊ ဒေါ်ခင်ခင်မိုး(ဆက်သွယ်ရေး)၊ ဦးကျော်ကျော်မိုး-ဒေါ်ခင်မမတို့၏ညီမ၊ ဦးဇော်မျိုးအောင်-ဒေါ်ဝါဝါမိုးတို့၏အစ်မ၊ တူ၊ တူမ ခြောက်ယောက်တို့၏ အဒေါ်သည် ၃-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးဌေးအောင် (ငြိမ်း)

**ဆေးလက်ထောက်(ငြိမ်း)**

**အသက်(၆၂)နှစ်**

(ဗိုလ်မှူးကိုကိုရီ - ဒေါ်သန်းရင်)တို့၏သား၊ အေလာမြို့၊ ရွာမရပ်နေ (ဦးတင်ဖေ-ဒေါ်ငွေမြိုင်)တို့၏ သားသမက်၊ဒေါ်သန်းသန်းအေး၏ခင်ပွန်း၊ ဦးကျော်ထက်စံ (လက်ထောက်လ၀ကမှူး၊ သဲကုန်း)၏ ဖခင်သည် ၄-၁၂-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၁နာရီတွင်(တဆရ-၂၊ ခုတင်-၁၀၀၀) ဆေးရုံကြီး နေပြည်တော်၌ ကွယ်လွန်သွားပါ၍ ၆-၁၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင်တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးဇာနည်အောင်မင်း

**စကခ(၁၃)၊ စစ်ဦးစီးမှူး(ဒုတိယတန်း)**

**DSA(၄၇)**

**အသက်(၃၃)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၈၁နေ ဦးသန့်စင်မောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)-ဒေါက်တာခင်သန်းအေးတို့၏သားသမက်၊ ဒေါ်ဖူးသန့်စင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စွမ်းထက်ဇာနည်၏ဖခင် ဗိုလ်မှူးဇာနည်အောင်မင်း စကခ(၁၃)၊ စစ်ဦးစီးမှူး(ဒုတိယတန်း)သည် ၂၉-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဇနီး ဒေါ်စန်းစန်းယု**
**ပညာရေးဝန်ကြီးဌာန**

ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးဇာနည်အောင်မင်း

**စကခ(၁၃)၊ စစ်ဦးစီးမှူး(ဒုတိယတန်း)**

**DSA (47)**

**အသက်(၃၃)နှစ်**

ဦးသန့်စင်မောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန) - ဒေါက်တာဒေါ်ခင်သန်းအေးတို့၏ သားသမက်၊ ဒေါ်ဖူးသန့်စင်၏ခင်ပွန်း၊ မောင်စွမ်းထက်ဇာနည်၏ ဖခင်ဖြစ်သူ ဗိုလ်မှူးဇာနည်အောင်မင်း စကခ(၁၃)၊ စစ်ဦးစီးမှူး (ဒုတိယတန်း)သည် ၂၉-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းထွန်းဦးနှင့် ဇနီး ဒေါ်တင်တင်ဝင်း**
**ပြည်ထောင်စုရှေ့နေချုပ်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်လှရှင်

**(ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ သက်ရှာ)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၂၅၁နေ (ဦးဘရွှေ-ဒေါ်မယ်ရင်)တို့၏သမီး၊ (ဦးဉာဏ်-ဒေါ်ပို)တို့၏ချွေးမ၊ (ဦးအုန်းညွန့်)၏ဇနီး၊ ဦးဝင်းပိုင်-ဒေါ်နိုင်နိုင်၊ ဗိုလ်မှူးတင်ဝင်း-ဒေါ်မြင့်မြင့်သန်း(မြို့/မြေဌာန၊ မြို့တော်စည်ပင်)၊ ဦးသောင်းဟန်(စက်/ယာဉ်ဌာန၊ မြို့တော်စည်ပင်)-ဒေါ်မြတ်မြတ်နွယ်၊ ဦးသိန်းဌေး(ယာ/အုံဌာန၊ မြို့တော်စည်ပင်)၊ဦးမြင့်သူ(သီတာရွှေဆိုင်)-ဒေါ်စန်းစန်းမြင့်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၄-၁၂-၂၀၁၇ရက် မွန်းလွဲ ၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပုသိမ်အသင်း(ရန်ကုန်)

ရာသက်ပန်အသင်းဝင်(ရာ/၅၁)

## ဦးကျော်ဝင်း(ငါးသိုင်းချောင်း)

**အသက်(၈၀)**

ငါးသိုင်းချောင်းမြို့နေ (ဦးမောင်တင်-ဒေါ်သန်းစိန်)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၂၂၅၊ သုံးလွှာနေ ဒေါ်တင်တင်ဝင်း(ခ)မရှုရန်၏ခင်ပွန်း၊ မသန္တာဝင်း၊ ကိုသူရကျော်၊ ဦးတင်ထွန်းဦး-မသီတာဝင်း၊ ကိုကျော်စွာမြင့်-မအေးစန္ဒာဝင်း၊ ကိုဇော်မျိုးလွင်-မအေးမြင့်ခိုင်တို့၏ဖခင်သည် ၃-၁၂-၂၀၁၇ရက် ည ၁၀း၂၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇ရက် (အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ရဟန်းဒါယိကာမကြီး

## ဒေါ်သန်းတင်

**အသက်(၇၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ တက်မကျေးရွာဇာတိ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ အမှတ် ၂၀၄နေ (ဦးကြာလှ)၏ဇနီး၊မ/ဥက္ကလာပ၊ ပုဂံညောင်ဦးကျောင်းတိုက်ဆရာတော် ဦးဥတ္တရ၊ ဦးခင်မောင်သန်း-ဒေါ်သန်းဌေး၊ ဦးဝင်းမြင့်-ဒေါ်စန်းစန်းဝင်း၊ ဦးသန်းငွေ-ဒေါ်ဌေးရီ၊ ဦးဝင်းလှိုင်-ဒေါ်ကြင်ဌေး၊ ကိုမောင်သောင်း၊ကိုဌေးလွင်-မမိုးသီတာ၊ကိုညွန့်ဝေ-မသီတာအေး၊ မခင်မာထွေးတို့၏မိခင်၊ မြေး ၂၀၊ မြစ်လေးယောက်တို့၏အဘွားသည် ၄-၁၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် ပုဂံညောင်ဦးကျောင်းတိုက်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (မ/ဥက္ကလာပမြို့နယ်၊ ပုဂံညောင်ဦးကျောင်းတိုက်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးစောညိုထွန်း

**ဆိပ်ကမ်း(အငြိမ်းစား)**

**၂/ရပ်ကွက်အသင်းတော်**

**မြောက်ဥက္ကလာပ**

**(အသင်းထောက်ကြီး)**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၄)ရပ်ကွက်၊ဗညားဒလလမ်း၊ အမှတ် ၁၁၇၉နေ ဖီးဖီး ဒေါ်နော်ကြည်အေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးစောထွန်းကြည်-နော်ကကေ၊ ဦးမြင့်ကြူ-(ဒေါ်နော်လှလှ)၊ ဦးစောဝင်းတင်-နန့်မူဂဲလီ၊ ဦးထွန်းနွယ်(ဒုအထွေထွေမန်နေဂျာ၊ R.B.E စက်ရုံ၊ မြန်မာ့မီးရထား)-ဒေါ်နော်စေးဖော၊ စောသာဂေ၊ စောချစ်ရွှေ၊ စောလေးအယ်အေး-နော်အေးအေးထွန်းတို့၏ချစ်လှစွာသောဖခင်၊မြေး ၁၄ယောက်၊မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၄-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၁၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ၃နာရီတွင်ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်သန်း (မြိတ်)

**အသက်(၈၁)နှစ်**

မြိတ်မြို့၊ ကန်ဖျားရပ်၊ ရဲသိပ္ပံလမ်း၊ ရတနာအဆင့်မြင့်ဘော်ဒါနေ(ဒေါ်ကြူသင်)၏ခင်ပွန်း၊ ဦးကြည်ဦး-ဒေါ်သီသီသန်း၊ ဦးညီသန်း-ဒေါ်အေးမွန်တို့၏ဖခင်၊ ဦးမြတ်အောင်၏ညီ၊ ဦးမောင်ကြည်-ဒေါ်ငွေမြင့်၊ ဦးသိမ်းလွင်-ဒေါ်သန်းရှင်၊ (ဒေါ်ကြူဝါ)၊ ဦးအောင်မိုး၊ ဦးမင်းနွယ် - ဒေါ်ချိုတို့၏ အစ်ကို၊ (ဦးတိတ်အင်)-ဒေါ်ခင်စောမူတို့၏ ညီ၊ ဦးသန့်အောင်-ဒေါ်ခင်မြင့်၊(ဦးတွတ်နီ-ဒေါ်ညွန့်)တို့၏အစ်ကိုသည် ၄-၁၂-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၁၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နေ့လည်တွင် ကလွင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးစိုးသောမတ်(စ်)

**စက်ခေါင်းမောင်း-၂၊**

**မြန်မာ့မီးရထား(အငြိမ်းစား)**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၇၁/၆-B)နေ (ဦးချားစ်သောမတ်-ဒေါ်ရယ်စမား)တို့၏ချစ်လှစွာသောသား၊ ဒေါ်ဂျိုးစပွရင်း(ခ)ဒေါ်စိန်ရင်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးဂျိုးဇက်)-ဒေါ်အက်လီဇဘက်၊ ဦးကျော်ညွန့် (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)၊(ဦးအန်ဒရူး-ဒေါ်မာလာ)၊ (ဒေါ်လှလှ)၊ ဒေါ်ခင်သန်း(ခ)မေရီဖာသီမား၊ ဦးသိန်းဆွေ (လ/ထအင်ဂျင်နီယာ၊ စက်မှု၊ မြန်မာ့မီးရထား)-ဒေါ်စိန်စိန်မြင့်၊ ဦးရစ်ချက်စ်ဂျိမ်း (မြန်မာ့မီးရထား၊ လားရှိုး)-ဒေါ်အေးချို၊ ဦးတင်မောင်ဆွေ (မလက/ဒီ မြန်မာ့မီးရထား)-ဒေါ်ဂျူလီ၊ ဦးကျော်သက် - ဒေါ်သန်းဝင်း၊ ဦးဝင်းဦး (မလက/ဒီ မြန်မာ့မီးရထား)၊ ဦးစိန်ထွန်း-ဒေါ်စန္ဒာဝင်းတို့၏ချစ်လှစွာသောဖခင်၊မြေး ၁၅ယောက်၊မြစ် ၁၀ယောက်တို့၏အဘိုးသည် ၄-၁၂-၂၀၁၇ရက် နံနက် ၁၀း၁၀နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၁၂-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၁၃၁၊ စိန်ဖရန်စစ်အစီစီဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်ကောင်း(ခ)
## ဦးအကောင်း(ခ)
## လိုင်ကောက်ကောင်း

**(မော်လမြိုင်)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ပါရမီကွန်ဒို 7+1 (A)၊ အခန်း 401 နေ (ဦးကြူ-ဒေါ်ဖြူ)တို့၏သား၊ (ဦးသန်းဆွေ-ဒေါ်ခင်ကျင်း)၊ (ဦးမျိုးခင်)-ဒေါ်ကြူကြူလွင်တို့၏မောင်၊(ဒေါ်ကြည်ကြည်လွင်)၏အစ်ကို၊ ဒေါ်သန်းသန်းမြင့်(ခ)ဖောင်ထွေးရိန်၏ခင်ပွန်း၊ ဒေါ်ညိုညိုလွင်-ဦးကျော်လွင်၊ ဒေါ်ချိုချိုလွင်၊ ဒေါ်ဖြူဖြူလွင်-ဦးအောင်ထွန်း၊(ဦးမျိုးလွင်)၊ဒေါ်ခင်ခင်လွင်၊ ဒေါ်ခိုင်ခိုင်လွင်-ဦးကျော်နိုင်ထူး၊ ဦးစိုးမိုးအောင်တို့၏ဖခင်၊ မသီရိရတနာ၊မယွန်းဝတီထူးတို့၏အဘိုးသည် ၄-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၅း၀၅နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၁၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

## ဒေါ်နှင်းခင်

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ရေကူးဘူတာရုံလမ်း၊ အမှတ် ၂၆နေ (ဦးညွန့်သောင်း)၏ဇနီး၊ ဦးသိန်းထွန်းဇော်-ဒေါ်ရီရီစန်း၊ ဦးအောင်မြင့်ဦး (ပြန်/ဆက်ဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းခရိုင်)၊ ဦးသန်းနိုင်ဦး-ဒေါ်ခင်ခင်ငြိမ်း၊ မမြင့်မြင့်သန်း၊ ဦးခင်မောင်ဦး (ဦးစီးအရာရှိ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရုံးချုပ်) - ဒေါ်မိုးမိုးအေး (ဒုတိယညွှန်ကြားရေးမှူး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရုံးချုပ်)၊ မကြည်ကြည်သန်းတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၄-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၈း၄၀နာရီတွင် OSC ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၆-၁၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘ၀နတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တရေဝတ

**သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ**

အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော်သြဝါဒါစရိယ၊ ဥက္ကလာပစေတီတော် သြဝါဒါစရိယ၊ ချင်းတွင်းအသင်း သြဝါဒါစရိယ ငွေကြာရံပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ကြီးသည် (၁၃၇၉ခုနှစ် နတ်တော်လပြည့်) ၃-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ဘ၀နတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ခုနှစ် နတ်တော်လပြည့်ကျော် ၄ရက်) ၇-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနသဘင်ကို ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

အန္တိမအဂ္ဂိစျာပနပူဇာကျင်းပရေးကော်မတီ

ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးညီပု(ခ)ဦးထွန်းမြတ် အသက်(၉၄)နှစ်

**(မော်လမြိုင်-ကွင်းကောက်ယောဂီ)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် ၂၁၁နေ [ဒေါ်ကျင်တင့်(ကွင်းကောက်ယောဂီ)]၏ခင်ပွန်း၊ ဦးအောင်နိုင်-ဒေါ်မီမီအောင်၊ ဦးမင်းအောင်-ဒေါက်တာဝင်းစမ်းဝင်း(တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ မန္တလာဒီဂရီကောလိပ်)၊ ဦးကျော်ကျော်ဝင်း၊ ဒုတိယရဲမှူးကြီးတင်နွယ်ထွန်း (ငြိမ်း)-ဒေါ်ခိုင်စန်းဝင်းတို့၏ဖခင်၊မြေးငါးယောက်တို့၏အဘိုးသည် ၃၀-၁၂-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးတင်မောင်စိန် (လေ ၁၄၄၃)(ငြိမ်း)

**ဗိုလ်သင်တန်းအပတ်စဉ်(၃၃)**

**ဒုအထွေထွေမန်နေဂျာ၊ မြန်မာ့ရေလုပ်ငန်း(ငြိမ်း)**

**ဥက္ကဋ္ဌ-မြန်မာဆီးဖုဒ်လီမိတက်(ငြိမ်း)**

**ဥက္ကဋ္ဌ-မြန်မာဂါးမင်းလီမိတက်(ငြိမ်း)**

**အသက်(၈၀)**

ထားဝယ်မြို့၊ တလိုင်းမရပ်နှင့် ရန်ကုန်မြို့၊ ၂၃လမ်း၊ အမှတ် ၇၃နေ (ဦးဟိုစိန်-ဒေါ်အင်စိန်)တို့၏သားကြီး၊ အမေရိကန်နိုင်ငံနေ(ဦးအီဟုန်-ဒေါ်မြမြ)တို့၏သားသမက်၊ အမေရိကန်နိုင်ငံ၊ San Francisco, Bay Area, Newark နေ ဒေါ်ခင်မြတ်လင်း(ခ)ဒေါ်ကြူကြူ(ခ)Stella Sein၏ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးယဉ်မောင်စိန်(ငြိမ်း)-ဒေါ်မြင့်မြင့်အေး၊ ဒေါ်ညွန့်ညွန့်စိန် (ဦးစီးအရာရှိ-ငြိမ်း၊ သ/မဦးစီး)၊ ဒေါ်ခင်ခင်စိန်-(ဗိုလ်မှူးတင်ဝင်း၊ တပ်မတော်လေ-ငြိမ်း)၊ Captain ဦးခင်မောင်စိန်(Singapore)-ဒေါက်တာဒေါ်စန်းစန်းကြူ၊ ဒေါ်စုစုမိုး(ခ)ဒေါ်ခင်ခင်စု - ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း (ညွှန်ကြားရေးမှူး၊ အား/ကာ၊ ငြိမ်း)၊ ဒေါက်တာဦးအောင်သက်(ရှေ့နေ)-(ဒေါက်တာဒေါ်ညွန့်ညွန့်သီ)၊ Captain ဦးတင်မောင်အေး(တပ်မတော်ရေ-ငြိမ်း)-(ဒေါက်တာဒေါ်မာလာနေဝင်း)၊ ဒေါ်ယဉ်ယဉ်စိန်(အထက်တန်းပြ၊ ငြိမ်း၊ လသာ-၂)၊ ဒေါ်ချိုချိုမာ-ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ထူး(ဌာနမှူး၊ ရေကြောင်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)တို့၏အစ်ကိုသည် ၃-၁၂-၂၀၁၇ရက် အမေရိကန်စံတော်ချိန် မွန်းလွဲ ၂း၀၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးတင်မောင်စိန် (လေ-၁၄၄၃၊ ငြိမ်း)

**ဗိုလ်သင်တန်းအပတ်စဉ်(၃၃)**

**ဒုအထွေထွေမန်နေဂျာ၊ မြန်မာ့ရေလုပ်ငန်း(ငြိမ်း)**

**ဥက္ကဋ္ဌ-မြန်မာဆီးဖုဒ်လီမိတက်(ငြိမ်း)**

**ဥက္ကဋ္ဌ-မြန်မာဂါးမင်းလီမိတက်(ငြိမ်း)**

**အသက်(၈၀)**

ထားဝယ်မြို့၊ တလိုင်းမရပ်နှင့် ရန်ကုန်မြို့၊ ၂၃လမ်း၊ အမှတ် ၇၃နေ (ဦးဟိုစိန်-ဒေါ်အင်စိန်)တို့၏သားကြီး၊ အမေရိကန်နိုင်ငံနေ(ဦးအီဟုန်-ဒေါ်မြမြ)တို့၏သားသမက်၊အမေရိကန်နိုင်ငံ San Francisco, Bay Area, Newark နေ ဒေါ်ခင်မြတ်လင်း(ခ)ဒေါ်ကြူကြူ(ခ) Stella Sein ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်အေးစန္ဒီတင်-ဦးဇော်ဝင်း(Byron Lim)၊ ဒေါ်ယုဇနတင်-ဒုတိယဗိုလ်မှူးကြီးအောင်လှိုင်(တပ်မတော်-ရေ၊ ငြိမ်း)၊ ဒေါ်အမရာတင် - ဦးသက်ဝင်းကျော်၊ ဒေါက်တာဒေါ်နန်းဒေဝီတင်(ခ)Major Nancy Sein (US-Army)-Mr.Damien Dunin -Wasowicz တို့၏ချစ်လှစွာသောဖခင်၊ Aaron Lim (San Jose State University), Sara Lim၊ ယုမြတ်သွယ်(San Francisco State University)၊ မင်းသန့်အောင် (San Francisco State University)၊ စုရတနာကျော်၊ ငုံပွင့်လွှာကျော်၊ ရှိန်းသက်ကျော်တို့၏ဘိုးဘိုး၊ ဗိုလ်မှူးတင်မောင်စိန်(ငြိမ်း)သည် ၃-၁၂-၂၀၁၇ရက် အမေရိကန်စံတော်ချိန် မွန်းလွဲ ၂း၀၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်ဝင်း (ငသိုင်းချောင်း)

**အသက်(၈၀)**

ငါးသိုင်းချောင်းမြို့နေ (ဦးမောင်တင်-ဒေါ်သန်းစိန်)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၂၂၅၊ သုံးလွှာနေ မသန္တာဝင်း၊ ကိုသူရကျော်၊ ကိုတင်ထွန်းဦး-မသီတာဝင်း၊ကိုကျော်စွာမြင့်-မအေးစန္ဒာဝင်း၊ ကိုဇော်မျိုးလွင်-မအေးမြင့်ခိုင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်တင်တင်ဝင်း(ခ)မရှုရန်၏ချစ်လှစွာသောခင်ပွန်းသည် ၃-၁၂-၂၀၁၇ရက် ည ၁၀း၂၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးညီညီအောင်(ခ)ဆရာဦးမော်နီ (ပညာ့ရိပ်မွန်)

**အသက်(၅၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အနောက်ပိုင်းရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ် ၁၀၇နေ (ဦးတင်မောင်)-ဒေါ်သန်းရွှေတို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နေ(ဦးသိန်းထွန်း-ဒေါ်သောင်းတင်)တို့၏သားသမက်၊ ဦးခင်မောင်လတ်-ဒေါ်ခင်စိုး၊ ဦးစိုးဝင်း-ဒေါ်နန်းလှမြင့်၊ ဒေါ်တိုးတိုးယဉ်၊ ဦးကျော်ကျော်အောင်-ဒေါ်ရင်ရင်သန်း၊ ဒေါ်သင်းသင်းဆွေ၊ ဒေါ်မိမိခိုင်၊ (ဦးကျော်ကျော်ထွန်း)၊ ဒေါ်လွင်လွင်ထွန်း၊ ဦးထွန်းထွန်း-ဒေါ်သိန်းသိန်းအေးတို့၏ညီ/မောင်၊ မောင်ကောင်းသုဝေ Final year (Physics)၊ မနှင်းသုဝေ Second year (TTU)တို့၏ဖခင်သည် ၃-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ကျောက်တန်းမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# မြန်မာ ကလပ်အသင်းများ ယှဉ်ပြိုင်မည့် ၂၀၁၈ အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲ ဒီဇင်ဘာ ၆ ရက် ကျင်းပမည်


အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲယှဉ်ပြိုင်မည့် ရှမ်းယူနိုက်တက်အသင်း။

ရန်ကုန် ဒီဇင်ဘာ ၄

မြန်မာကလပ်အသင်းများ ဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့ ဝင်ရောက် ယှဉ်ပြိုင်မည့် ၂၀၁၈ အာရှချန်ပီယံလိဂ် ခြေစစ်ပွဲနှင့် AFC Cup ပြိုင်ပွဲ အုပ်စု မဲခွဲပွဲ အခမ်းအနားကို ဒီဇင်ဘာ ၆ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲကို ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲများကို ဇန်နဝါရီတွင် ကျင်းပမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် အကြိုခြေစစ်ပွဲ ပထမအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး နောက်ဆုံးအဆင့်သို့ တက်ရောက် ယှဉ်ပြိုင်ခွင့်ရရန် အကြိုခြေစစ်ပွဲ ပထမအဆင့်၊ ဒုတိယအဆင့်နှင့်

စာမျက်နှာ ၅ ကော်လံ ၅ ◆

## ညအပူချိန်များ အနည်းငယ် လျော့နည်း

နေပြည်တော် ဒီဇင်ဘာ ၄

ယနေ့အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

မိုး/ဇလ


မြန်မာ ယူ-၂၃ အသင်းအတွက် ပထမဂိုးကို မောင်မောင်လွင် ပိတ်သွင်းယူနေစဉ်။

# မြန်မာ ယူ-၂၃ အသင်းနှင့် MNL ညွှန့်ပေါင်းအသင်း ခြေစမ်းပွဲတွင် သရေကျ

ရန်ကုန် ဒီဇင်ဘာ ၄

M-150 Cup ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၂၃ အသင်းသည် MNL ညွှန့်ပေါင်းအသင်းနှင့် ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းသည် ထိုင်းနိုင်ငံ၌ ကျင်းပမည့် M-150 Cup ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲမတိုင်မီ နောက်ဆုံးကစားသည့် ခြေစမ်းပွဲဖြစ်ပြီး သရေရလဒ်သာ ရယူနိုင်ခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းသည် ပြိုင်ပွဲတွင် အသုံးပြုဖွယ်ရှိသည့် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း ခြေစွမ်းမှာ သာမန်ထက်မပိုခဲ့ဘဲ ဦးဆောင်ဂိုးကိုလည်း မထိန်းနိုင်ခဲ့၍ သရေဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ နိုင်ငံခြားသားကစားသမားများနှင့် ပြည်တွင်းကစားသမားများကို ပေါင်းစပ်ဖွဲ့စည်းထားသည့် MNL ညွှန့်ပေါင်းအသင်းသည် ပုံမှန်သာ ကစားသွားသော်လည်း ကစားသမားအချို့၏ ခြေစွမ်းမှာ

စာမျက်နှာ ၅ ကော်လံ ၅ ☼

# ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်း စတင်မည်

နေပြည်တော် ဒီဇင်ဘာ ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ဆရာဖြစ်သင်တန်း (တတိယအဆင့်)ကို ဒီဇင်ဘာ ၁ ရက်မှ ၄ ရက်ထိ နေပြည်တော်ရှိ Royal Ace Hotel တွင် ဖွင့်လှစ်သင်ကြားပို့ချခဲ့သည်။

သင်တန်းကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအနက် စာရင်းကောက်ယူမည့် မြို့နယ် ၂၈၃ မြို့နယ်မှ ခရိုင်မှူးများ၊ မြို့နယ်မှူးများ စုစုပေါင်း ၄၀၄ ဦး သင်တန်းတက်ရောက်ခဲ့သည်။

သင်တန်းတွင် မြို့နယ်အလိုက် Tablet များဖြင့် စာရင်း ရေးသွင်းနည်း၊ စာရင်းပေးပို့နည်း၊ ငွေစာရင်းထားသို သုံးစွဲနည်း၊ စာရင်းကောက်လုပ်ငန်း အဆင့်ဆင့်တို့ကို ဦးစားပေး သင်ကြားခဲ့သည်။ ပထမအကြိမ် သင်တန်းကို ဩဂုတ်လတွင် လည်းကောင်း၊ ဒုတိယအကြိမ် သင်တန်းကို အောက်တိုဘာလ တွင်လည်းကောင်း ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ပြီး ဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၃ ❀

## လူထု ငြိမ်းချမ်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အခမ်းအနားများ ကော့သောင်းနှင့် တနင်္သာရီမြို့တို့၌ ကျင်းပ

စာမျက်နှာ - ၃




